# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၂၁ ရက်၊ တနင်္လာနေ့၊ အတွဲ [၅၄]၊ အမှတ် [၃၅၁]


**အရိယ သစ္စာန ဒဿနံ**
**တေမင်္ဂလ မုတ္တမံ**
**သစ္စာလေးပါးကိုသိခြင်းသည်**
**မြတ်သော မင်္ဂလာမည်၏။**

# လူ့မှုရေးတာဝန်ယူမှုဖြင့် ယုံကြည်မှုတည်ဆောက်ကြသူများ



**သတင်းဆောင်းပါး**
**ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး**

သံတံခါးကို တွန်းဖွင့်ရင်း ရွှေရည်စံပယ်အထည်ချုပ် စက်ရုံဝန်ထမ်း မဝါဝါက ငွေကျပ် ၂၀၀၀ ဖြင့် ဝယ်ယူထားသည့်အသစ်စက်စက် နာရီလေးကို တစ်ချက်ငုံ့ကြည့်သည်။ လုပ်ငန်းခွင်ဝင်ရန် ၁၅ မိနစ်အလိုတွင် စက်ရုံဝင်းတံခါးအရှေ့သို့ရောက်သည်။ ထိုအလုပ်သည် ၎င်းတန်ဖိုးထားသည့် အလုပ်ဖြစ်ပြီး အခြားသောစက်ရုံများမှဝန်ထမ်းများထက် သူကကံကောင်းစွာဖြင့် ထိုအလုပ်တွင် လုပ်ရသည်ကို ဂုဏ်ယူမိသည်။

မဝါဝါ၏ ဖြေကြားချက်အရ သူ့အလုပ်ဌာနသည် ၎င်းအတွက်သာမက အခြားသော ဘဝတူလုပ်သားများ အားလုံးအတွက် ယုံကြည်စိတ်ချရသည့် လုပ်ငန်းခွင်တစ်ခုဖြစ်ကြောင်း၊ ထို့ပြင် ကျား/မ၊ လူမျိုး၊ မသန်စွမ်းသူစသည်ဖြင့် မည်သူ့ကိုမဆို လစာ၊ ထိတွေ့ဆက်ဆံမှုနှင့် အခမ့်စေခိုင်းမှု မရှိခြင်းတို့အပြင် စီမံခန့်ခွဲမှုစနစ်ကျနခြင်းတို့ကြောင့် အလုပ်သမားတည်မြဲမှု အားကောင်းလာကြောင်း သိရသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ✱

## စိုက်ပျိုးရေးနှင့် မွေးမြူရေးဆောင်ရွက်ခြင်းသည် စစ်သည်မိသားစုများ၏ စားသောက်ရေးအဆင်ပြေစေရေးနှင့် သက်သာချောင်ချိရေးတို့အတွက်ဖြစ်

*စာမျက်နှာ-၃*

## အပစ်ရပ်စာချုပ်လက်မှတ်ရေးထိုးပြီးနောက် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များအား အရပ်ဘက်လူမှုအဖွဲ့အစည်းများအား ရှင်းလင်း

*စာမျက်နှာ-၅*

## ဒေါ်လာ သန်း ၃၃၀ ကုန်ကျမည့် သီလဝါအထူးစီးပွားရေးဇုန် တိုးချဲ့ရေးစီမံကိန်း

*စာမျက်နှာ-၁၁*




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ဥပဒေဟူသည် ပြည်သူ့အတွက်

ဒီမိုကရေစီခေတ်၏ ယန္တရားတွင် လွှတ်တော်သည် ဥပဒေပြုရေးမဏ္ဍိုင်ပင်ဖြစ်သည်။ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးအတွက် အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မည့်ဥပဒေများကို လွှတ်တော်များက အတည်ပြုပြဋ္ဌာန်းပေးလေ့ရှိပါသည်။ ပြည်သူများက ရွေးကောက်တင်မြှောက်လိုက်သော ပြည်သူ့ကိုယ်စားလှယ်လွှတ်တော်အမတ်များက နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံး အကျိုးရှိစေမည့် ဥပဒေများကို အသေးစိတ်စိစစ်ဆွေးနွေးပြီးမှ အတည်ပြုပြဋ္ဌာန်းပေးနေခြင်းဖြစ်ပါသည်။

မျိုးမကြာမီက ထွက်ပေါ်ခဲ့သော မော်တော်ယာဉ်ဥပဒေနှင့်ပတ်သက်၍ ရန်ကုန်မြို့ မော်တော်ယာဉ်လိုင်းအချို့အနေဖြင့် တစ်ဖက်သတ် မကျေနပ်စရာလေးများ ဖြစ်ခဲ့ကြောင်းကြားသိရပါသည်။ အမှန်စင်စစ် ဤဥပဒေသည် စည်းကမ်း ချိုးဖောက်သောယာဉ်များကို ဥပဒေကြောင်းအရ တင်းကျပ်လိုက်ခြင်းသာဖြစ်ပါသည်။ ဤဥပဒေပြဋ္ဌာန်းလိုက်ပြီးနောက် စက်တင်ဘာ ၁၈ ရက်က ရန်ကုန်မြို့ရှိ ယာဉ်စီးရေ အနက် ၃၉၀၀ ကျော်သာ ပုံမှန်ထွက်ရှိ၍ စီးရေ ၆၀၀ ကျော်ပျက်ကွက် ခဲ့ကြောင်းကြားသိရပါသည်။ ဤသို့ပျက်ကွက်မှုကြောင့် ပုံမှန်ခရီးသွားနေကြသော ခရီးသွားပြည်သူများ၊ ကျောင်းသားကျောင်းသူများအတွက် စိတ်အနှောင့်အယှက်ဖြစ်စေခဲ့ပါသည်။

အမှန်စင်စစ် ဤဥပဒေသည် ယာဉ်လိုင်းများအတွက်ရော၊ ယာဉ်လုပ်သားများအတွက်ရော၊ ခရီးသွားပြည်သူများအတွက်သုံးနားညီအကျိုးရှိစေသည့် ဥပဒေတစ်ရပ်ပင်ဖြစ်ပါသည်။ ယာဉ်စည်းကမ်းချိုးဖောက်မည့်သူများကို မချိုးဖောက်နိုင်အောင် ဥပဒေနှင့်တင်းကျပ်ထား၍ ယာဉ်စည်းကမ်းချိုးဖောက်မှုများ လျော့နည်းလာမည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းကာ အားလုံးအတွက် အကျိုးရှိစေမည်ဖြစ်ပါသည်။ ဥပဒေကြောင့် ယာဉ်စည်းကမ်းချိုးဖောက်မှုများ လျော့နည်းလာမည်ဖြစ်ပါသည်။

ဥပဒေကပေးအပ်မည့် ပြစ်ဒဏ်သည်လျော့ပေါ့နေမည်ဆိုလျှင် ထိုဥပဒေကိုလေးစားလိုက်နာမှု အားနည်းနေမည်သာဖြစ်ပါသည်။ ဥပဒေက ပေးအပ်သည့် ပြစ်ဒဏ်သည် ထိရောက်မှုရှိမှသာ ထိုဥပဒေကို လေးစားလိုက်နာမှု အားကောင်းမည်ဖြစ်ပါသည်။ ယခင်မော်တော်ယာဉ်ဥပဒေတွင် စည်းကမ်းချိုးဖောက်သော မော်တော်ယာဉ်များကို ချလန်ဖြတ်ငွေကျပ် ၁၅၀၀ သာဒဏ်ရိုက်နိုင်သော်လည်း အသစ်ပြဋ္ဌာန်းလိုက်သော ဥပဒေတွင် အမှုအကြီး အသေးအပေါ်မူတည်ပြီး အများဆုံး ကျပ်သုံးသောင်းအထိ ဒဏ်ငွေရိုက်နိုင်သည်ဟု ဆိုထားပါသည်။

မည်သို့ပင်ဖြစ်စေ ဤဥပဒေပေါ်ထွက်လာ၍ မော်တော်ယာဉ်များ စည်းကမ်းလိုက်နာမှု အားကောင်းလာမည်။ ခရီးသွားပြည်သူများအတွက် ဘေးကင်းလုံခြုံမှုရှိလာမည်။ ယာဉ်လုပ်ငန်းရှင်များအတွက် ယာဉ်မတော်တဆဖြစ်ခြင်းမှ ကာကွယ်နိုင်မည်။ ထို့ကြောင့်မည်သည့် ဥပဒေမဆို ဥပဒေအားလုံးသည် နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် အကျိုးကို ဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၂၀**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီနှင့် မြန်မာအမျိုးသားကွန်ဂရက်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၂၁ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော် ရုပ်သံလိုင်း၊ MWD(Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၂၂ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။ **(သတင်းစဉ်)**

## ပဲခူးယ်ကုန်း အထကအာစရိယပူဇော်ပွဲကျင်းပမည်

**ပဲနွယ်ကုန်း စက်တင်ဘာ ၂၀**

ပဲနွယ်ကုန်းမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၃၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၉ ရက် (၁၃၇၇ ခုနှစ်သီတင်းကျွတ်လဆုတ် ၁ ရက် ကြာသပတေးနေ့) နံနက် ၉နာရီတွင် ပဲနွယ်ကုန်းမြို့ အထကပညာတံခွန်ခန်းမဆောင်၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် လှူဒါန်းလိုပါက ဦးဌေးဝင်း ဖုန်း-၀၉-၅၁၁၈၁၉၄၊ ဒေါ်ခင်စန်းရီ (မင်္ဂလာဈေး) ၀၁-၂၂၃၉၀၄၊ ဦးသန်းထွန်း (ဂမုန်းပွင့်) ၀၉-၅၁၇၅၅၁၀၊ ဦးရဲထွန်းနိုင် ၀၉-၅၀၂၀၁၁၄၊ ဦးထွန်းချစ်အောင် ၀၉-၅၃၈၈၃၂၁၊ ဦးနေဝင်း (ဇေယျာညွှန့်) ၀၉-၇၉၀၁၄၇၃၀၂၊ ဦးမိုးကျော်စွာ (ဇောတိက) ၀၉-၅၁၇၀၇၅၆၊ ဦးဝင်းကျော်သူ(ရွှေဆိုင်) ၀၉-၄၂၈၁၉၄၃၄၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**






## အခြေခံပညာကျောင်းပေါင်းစုံဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲ သီပေါ၌ ကျင်းပ

**သီပေါ စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပညာရေးဌာနမှ ကြီးမှူး၍ အခြေခံပညာကျောင်းပေါင်းစုံ ဓမ္မစကြာဝတ်ရွတ်စဉ် ပြိုင်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း မြညီလာခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဒေါ်ခင်မမလတ်က အခြေခံပညာကျောင်းပေါင်းစုံ ဓမ္မစကြာဝတ်ရွတ်စဉ်ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်နှင့် အထက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ပြုံးက ဝတ်ရွတ်စဉ်ပြိုင်ပွဲ စည်းမျဉ်း စည်းကမ်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပညာရေးမှူးက အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

အဆိုပါ ဓမ္မစကြာဝတ်ရွတ်စဉ်ပြိုင်ပွဲသို့ သီပေါမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ကိုးကျောင်း၊ ဓမ္မစကြာအသင်း ကိုးသင်းမှ ကျောင်းသူ ၂၀၀ ကျော် ဝင်ရောက်ကြကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## ငှက်ဖျားရောဂါကာကွယ်ရေးသင်တန်း မောက်မယ်၌ ကျင်းပ

**မောက်မယ် စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ်အတွင်း ဝေးလံခက်ခဲသောကျေးရွာရှိ တိုင်းရင်းသားလုပ်သားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအထောက်အကူပြုစေရန်အတွက် လူထုကျန်းမာရေးလုပ်သား ငှက်ဖျားရောဂါကာကွယ်ရေး မွမ်းမံသင်တန်းကို မြို့နယ်ပြည်သူ့ဆေးရုံ၌ စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ငှက်ဖျားရောဂါကာကွယ်ရေးမွမ်းမံသင်တန်းတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန်ကြီးဒေါက်တာ မြမြသန်းက အမှာစကားပြောကြားသည်။ သင်တန်းသို့ တက်ရောက်ကြသော မောက်မယ်မြို့နယ်အတွင်း၌ ကျေးရွာရှိ တိုင်းရင်းသားလူထုကျန်းမာရေးလုပ်သား ၁၅ ဦး တက်ရောက်ပြီး မွမ်းမံသင်တန်းကို စက်တင်ဘာ ၂၀ ရက်အထိ နှစ်ရက်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၀-၉-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၇၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၄၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၇၀၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၄ |
| ဥရောပ | တစ်ယူရို | ၁၄၅၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၂.၂၂ |
| ထိုင်း | တစ်ဘတ် | ၃၅.၆၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၃၇ |
| တရုတ် | တစ်ယွမ် | ၂၀၁.၄၁ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈.၆ |

ခင်ရတနာ-စုစည်းသည်။

# စိုက်ပျိုးရေးနှင့် မွေးမြူရေးဆောင်ရွက်ခြင်းသည် စစ်သည်မိသားစုများ၏ စားသောက်ရေးအဆင်ပြေစေရေးနှင့် သက်သာချောင်ချိရေးတို့အတွက်ဖြစ်

နေပြည်တော် စက်တင်ဘာ ၂၀

**တပ်များတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆောင်ရွက်ခြင်းသည် စစ်သည် မိသားစုများ၏ စားသောက်ရေးအဆင်ပြေစေရေးနှင့် သက်သာချောင်ချိရေးတို့ အတွက်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း ဒေသတွင်း ကုန်ဈေးနှုန်းတည်ငြိမ်မှုကို အထောက်အကူပြုရမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စက်တင်ဘာ ၁၉ ရက် ညနေပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ရှိ ဧက ၅၀ မွေးမြူရေးဇုန်သို့ တပ်မတော် အရာရှိကြီးများ ရောက်ရှိလေ့လာစဉ် ပြောကြားသည်။**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ရှိ ဧက ၅၀ မွေးမြူရေးဇုန်၌ လေ့လာစဉ်။** (မြဝတီ)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်ဝင်းသိန်းက စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဧက ၅၀ မွေးမြူရေးဇုန်အတွင်း ဥစားကြက်၊ အသားတိုးကြက်၊ ဒေသကြက်၊ DYL အသားတိုးဝက်၊ ဒေသဝက်၊ ဥစားဘဲ၊ ဒေသနွား၊ နို့စားနွား၊ ဘရာမင်နွား၊ ထိန်စမ်းဆိတ်နှင့် ငါးမွေးမြူရေးဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများနှင့် အသား၊ ငါးထုတ်လုပ်နိုင်မှုအခြေအနေ၊ ထုတ်လုပ်မှုကုန်ကျစရိတ်များ၊ မိသားစုများအား ရောင်းချပေးနိုင်မှုအခြေအနေနှင့် သက်သာချောင်ချိရေးဆောင်ရွက်ပေးနိုင်မှုအခြေအနေများကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာ၌ တပ်မတော်တစ်ရပ်လုံးတွင် တိုင်း၊ တပ်မအလိုက်၊ တပ်အလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း၊ ယင်းစိုက်ပျိုးရေး၊ မွေးမြူရေး ထွက်ကုန်များအား အမြတ်ယူရောင်းချခြင်းမဟုတ်သည့်အတွက် ပြင်ပထက် ဈေးနှုန်းပိုမိုသက်သာကြောင်း၊ ၂၀၁၅ ခုနှစ် မေလမှ ဩဂုတ်လအတွင်း တပ်ရင်း/တပ်ဖွဲ့များက ကြက်ဥအလုံးပေါင်း ၁၇ သန်းကျော်ထုတ်လုပ်၍ မိသားစုများအား ရောင်းချပေးနိုင်ခဲ့ကြောင်း၊ ပြင်ပမှ ဒေသခံပြည်သူများအနေဖြင့် ကြက်ဥ ၁၇သန်းကျော်ကို ဈေးကွက်တွင်ယှဉ်ဝယ်ရန်မလိုဘဲ အတိုင်းအတာတစ်ခုအနေဖြင့် ဝယ်လိုအားကိုလျှော့ချနိုင်ကြောင်း၊ ယင်းကြက်ဥ ၁၇ သန်းကို ပြင်ပမှ ဝယ်ယူရမည်ဆိုပါက ဝယ်လိုအားပိုများလာမည်ဖြစ်ပြီး အတိုင်းအတာတစ်ခုအထိ ဈေးနှုန်းကြီးမြင့်လာမည်ဖြစ်ကြောင်း၊ ဈေးကွက်၏ သဘောသည် Demand များပြီး Supply နည်းပါက ကုန်ဈေးနှုန်းကြီးရန် ဖြစ်ပေါ်စေသည့် အကြောင်းတစ်ရပ်ဖြစ်၍ တပ်မတော်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများသည် ဒေသတွင်းကုန်ဈေးနှုန်းတည်ငြိမ်မှုကို အထောက်အပံ့ဖြစ်စေကြောင်း၊ တပ်များတွင် စိုက်ပျိုးမွေးမြူရေးဆောင်ရွက်မှုကို အမှန်တကယ်အကျိုးရှိအောင် မိသားစုများ စားသောက်ရေးတွင် အထောက်အကူဖြစ်အောင်ဆောင်ရွက်ရန်၊ အခက်အခဲများတွင် မိသားစုများ၏ စားရေးကို ဂရုစိုက်ပြီး အဆင်ပြေအောင် ဆောင်ရွက်ပေးရန်၊ မိမိတို့၏ ရဲဘော်များ၊ မိသားစုများ အဆင့်နှင့် လျော်ညီစွာ သင့်တင့်လျောက်ပတ်စွာ စားသောက်နိုင်ရန် လုပ်ဆောင်ပေးရန်လိုကြောင်း။

မွေးမြူရေးတွင် လှောင်မွေးခြင်း၊ လှန်ကျောင်းမွေးခြင်းနှင့် လွတ်မွေးခြင်းဟူ၍ရှိရာ စနစ်တကျ လှောင်မွေးသည့်စနစ်ဖြင့် အောင်မြင်အောင် မွေးမြူရန်၊ ထိုသို့မတတ်နိုင်ပါက လှန်ကျောင်းမွေးသည့်စနစ်ဖြင့် မွေးရန်လိုကြောင်း၊ တပ်များတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် အောင်မြင်အောင် စေတနာထား လုပ်ဆောင်ကြရန်၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှ ပိုလျှံသည်ကို ဒေသတွင်းရှိ ပြည်သူများအတွက် ရောင်းချနိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဧက ၅၀ မွေးမြူရေးဇုန်အတွင်းရှိ ဥစားကြက်မွေးမြူထားရှိမှုနှင့် နို့စားနွားမွေးမြူထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုလေ့လာကြသည်။

၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှ ထွက်ရှိမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ရေဆင်းနယ်မြေအတွင်းရှိ ဒေသခံပြည်သူလူထုအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ရာ စုစုပေါင်း ငွေကျပ် ၄၆၉၄၂၉၄၁ သက်သာမှုရှိခဲ့ကြောင်း သိရသည်။

တပ်မတော်မိသားစုများကို ရောင်းချသည့်ဈေးနှုန်းများအတိုင်း အခြေခံစားကုန် ၁၂ မျိုး၊ လူသုံးကုန်၊ စားသောက်ကုန်များ၊ ဟင်းသီးဟင်းရွက်၊ နို့ထွက်ပစ္စည်းနှင့် အသားငါးများအား တပ်မတော်ဈေးကားဖြင့် ဇေယျာသီရိမြို့နယ် ရေဆင်းနယ်မြေအတွင်းရှိ စိုက်ပျိုးရေးတက္ကသိုလ်၊ သစ်တောတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်များအပါအဝင် ဒေသခံပြည်သူလူထုအား နေ့စဉ် ငွေကျပ်သိန်း ၂၀ တန်ဖိုးခန့် ရောင်းချပေးလျက်ရှိသည်။

တိုင်းစစ်ဌာနချုပ်နယ်မြေများအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် စနစ်တကျဆောင်ရွက်လျက်ရှိရာ တပ်မတော်တစ်ရပ်လုံးအနေဖြင့် ၂၀၁၅ ခုနှစ် မေလမှ ဩဂုတ်လအထိ စစ်သည်မိသားစုများအား သက်သာသောဈေးနှုန်းဖြင့် အသားထုတ်လုပ်ရောင်းချပေးနိုင်မှုမှာ ကြက်သား ၃၆၄၄၅၇ ပိဿာ၊ ဝက်သား ၁၈၁၂၉၄ ပိဿာ၊ အမဲသား ၄၃၈၁၆ ပိဿာ၊ ဆိတ်သား ၁၆၃၇၄ ပိဿာ၊ ငါး ၂၁၁၉၈၂ ပိဿာ၊ ကြက်ဥအလုံး ၁၇၇၄၀၆၈၀ နှင့် ဘဲဥ ၃၃၇၁၃၆ လုံး ဖြစ်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

❀ *ကျောဖုံးမှ*

စက်ရုံ၊ အလုပ်ရုံတွေက တည်ဆောက်ပြီးရင်း နီးမြုပ်နှံမယ့်ပြည်တွင်း၊ ပြည်ပ လုပ်ငန်းရှင်တွေဟာ အခုဆိုရင် စတင်လုပ်ဆောင်နိုင်ပါပြီ။ ဒီလုပ်ကွက်မှာ လက်ရှိစက်ရုံ ၁၀ ရုံလောက်တော့ စတင်နေပါပြီ။ အထည်ချုပ်စက်ရုံတွေဆို လုပ်သားတွေ ခေါ်ယူပြီး ကျွမ်းကျင်သင်တန်းတွေပို့ချနေတာတွေ့ရပါတယ်”ဟု တာဝန်ယူဆောင်ရွက်နေသော SUNTAC မှ စီမံကိန်းမန်နေဂျာ ဦးမြင့်နိုင်က ပြောသည်။

ယခုဖွင့်လှစ်မည့် ကနဦးလုပ်ကွက် Phase(1) ဧရိယာအား ဂျပန်နိုင်ငံ PENTA OCEN Construction မှ ဒီဇိုင်းရေးဆွဲကာ ပြည်တွင်း SUNTAC နှင့်ပူးပေါင်း၍ အင်ဂျင်နီယာ၊ အုပ်ချုပ်သူ ဦးရေ ၃၀၀ ကျော်နှင့် သန်လျင်ကျောက်တန်းဒေသ လုပ်သား ၇၀၀ ကျော်တို့ဖြင့် ဆောင်ရွက်ပြီးစီးခဲ့မှုအပေါ် မြန်မာ-ဂျပန် သီလဝါအထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းသို့ စက်တင်ဘာ ၂၃ ရက်တွင် အပ်နှံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ကွက် Phase (1) သည် ဟက်တာ ၂၁၀ ကျော်၊ ဧက ၅၀၀ အထက်ကျယ်ဝန်းပြီး ရေကြောင်းတက္ကသိုလ်လမ်းနှင့် စက်မှုဇုန်လမ်းတွင် ထောင့်ကွက်အဖြစ် တည်ရှိနေသည်။ အဝင်ဝဂိတ်သုံးခုတွင် Grate ၁၊ ၂ ဆောက်လုပ်ပြီးဖြစ်သည်။ စီးပွားရေးဇုန်ကြီးတစ်ခုဖြစ် တည်နိုင်စေရန်အတွက် ခြံစည်းရိုးများ ကာရံခြင်း၊ ကွန်ကရစ်လမ်းများ ဖောက်လုပ်ခြင်း၊ ကားပါကင်များ၊ Box ကားပါကင်များ ဆောက်လုပ်ခြင်း၊ ရေနုတ်မြောင်းများဖော်ထုတ်ခြင်း၊ မြေထိန်းအပင်များစိုက်ပျိုးခြင်း၊ ထိုလုပ်ကွက်မြေအောက်ဧရိယာတွင် အနက်သုံးမီတာအထက် တူးဖော်ကာ လျှပ်စစ်ကြိုးများ၊ Network Service ကြိုးများ၊ ရေပိုက်လိုင်းများ၊ မိလ္လာပိုက်များအား အလွှာလိုက် တူးဖော်မြှုပ်နှံပြီးဖြစ်ကြောင်း သိရသည်။ ထို့အပြင် မိုးကာလအတွင်းမြစ်နှင့် နီးစပ်နေမှုအပေါ် ရေမတက်စေရန်အတွက် ပုံမှန် မြေမျက်နှာပြင် ငါးမီတာအမြင့်မှ ၆ ဒသမ ၆၅ မီတာအထိ ခြောက်ပေအမြင့် ရရှိနိုင်စေရန် ဆောင်ရွက်ထားသည့်အပြင် စက်ရုံ၊ အလုပ်ရုံများ၊ ရေနှင့် မီးရရှိစေရန်အတွက် အဆင့်ဆင့်ဆောင်ရွက်ထားကြောင်း သိရသည်။

ယခုဖွင့်လှစ်မည့် Phase (1) ဧရိယာ၌ တည်ဆောက်မည့်စက်ရုံ၊ အလုပ်ရုံများ၊ အပိုင်းလိုက်ရှိရာဖြစ်သော A အပိုင်းတွင် စက်ရုံအကွက် ၂၁ ကွက်၊ B အပိုင်းတွင် စက်ရုံအကွက် ၂၄ ကွက်၊ C အပိုင်းတွင် စက်ရုံအကွက် ၂၇ ကွက်၊ D အပိုင်းတွင် စက်ရုံအကွက် ၁၉ ကွက်တို့ကို အသီးသီးတည်ဆောက်ရန်အတွက် မြေနေရာများ တည်ရှိနေကြောင်း သိရသည်။

သီလဝါအထူး စီးပွားရေးဇုန်၏ အပိုင်း A၊B၊C တို့တွင် စက်ရုံပေါင်း ၄၀ ကျော် ဆောက်လုပ်ရန် လျှောက်ထားလာရာ သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်း၏ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာနိုင်သော ကုမ္ပဏီများသာ ဇုန်ကော်မတီက ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။ ယခုအခါ ထိုလုပ်ကွက်၌ ဖွင့်ပွဲမစတင်မီ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီ ၁၀ ခု တည်ဆောက်နေပြီး စက်ရုံ ငါးရုံမှာလည်း မကြာမီကာလများအတွင်း လည်ပတ်နိုင်တော့မည်ဖြစ်ကြောင်း ဇုန်ကော်မတီဖွံ့ဖြိုးရေးရုံးမှ သိရသည်။

စီးပွားဖြစ် လည်ပတ်နိုင်တော့မည့် ယခုလုပ်ကွက်ပါဝင်သော သီလဝါအထူးစီးပွားရေးဇုန်၏ အပိုင်း(က) ဖွံ့ဖြိုးရေးသည် ဟက်တာ ၄၀၀၊ အကျယ် ဧက ၁၀၀၀ ကျော်ရှိနေပြီး ထပ်မံဆောင်ရွက်သွားမည့် ဒုတိယလုပ်ကွက် Phase(2) ကိုလည်း လာမည့် ဧပြီလပိုင်းတွင် ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းစီမံကိန်းမှ အင်ဂျင်နီယာတစ်ဦးက သုံးသပ်ပြောကြားခဲ့သည်။

## မွေးမြူရေးဘဏ်စနစ်ဖြင့် ကျေးရွာရန်ပုံငွေ ကြီးကြပ်မှုကော်မတီရွေးချယ်ဖွဲ့စည်း

**ကန့်ဘလူ စက်တင်ဘာ ၂၀**

ကန့်ဘလူမြို့နယ်၌ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူးကျင်းပသော မွေးမြူရေးဘဏ်စနစ်ဖြင့် ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီရွေးချယ်ဖွဲ့စည်းခြင်းအခမ်းအနားကို စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီက ဂါထာကျေးရွာအုပ်စု ဆည်ကြီးကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ တွဲဖက်အတွင်းရေးမှူး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဇေယာထိုက်နှင့် မြို့နယ် ဖွံ့/ထောက်ဥက္ကဋ္ဌ ဦးသောင်းငွေတို့က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဦးစီးမှူး ဦးကျော်ကျော်က ကျေးရွာရန်ပုံငွေ ကြီးကြပ်မှုကော်မတီရွေးချယ်ရာတွင် ရှိရမည့် အခြေခံအချက်အလက်များကို လည်းကောင်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးတင်ဦးက ငါးမွေးမြူရေးလုပ်ငန်းများနှင့် ဆက်စပ်၍လည်းကောင်း၊ မြို့နယ်မွေး/ကုဦးစီးမှူး ဒေါက်တာကျော်ဝင်းက ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီ ရွေးချယ်ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။ ထို့နောက် ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီကို ဆက်လက်ရွေးချယ်ခဲ့ကြောင်း သိရသည်။

ကျေးလက်နေပြည်သူများအတွက် အသားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ ဆင်းရဲမှုလျှော့ချနိုင်ရေးနှင့် နွားမွေးမြူရေးဖွံ့ဖြိုးတိုးတက်လာစေရန် အရင်းမပျောက်မတည်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် ဒေသနွားမများကို ဝယ်ယူ၍ မွေးမြူရေးဘဏ်စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်မွေး/ကုဦးစီးဌာနမှ သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

## ဒုက္ခသည်အရေအတွက်တိုးလာမှုကို ဖင်လန်ပြည်သူများဆန္ဒပြ

**ဟယ်ဆင်ကီ စက်တင်ဘာ ၂၀**

စက်တင်ဘာလ ၁၉ ရက်နေ့က လူရာပေါင်းများစွာသည် ဖင်လန်နိုင်ငံရှိ မြို့များတွင် လူဝင်မှုကြီးကြပ်ရေးကို ဆန့်ကျင်ဆန္ဒပြရန် စုရုံးနေကြောင်း ဒေသတွင်း ရုပ်/သံက ဖော်ပြခဲ့သည်။

ဟယ်ဆင်ကီမြို့လယ်တွင် လူ ၂၀၀ ခန့်သည် ဖင်လန်နိုင်ငံသို့ ဝင်ရောက်လာသည့် ဒုက္ခသည်အရေအတွက်များပြားလာသည်ကို ဆန္ဒပြရန်စုရုံးခဲ့ကြပြီး "ဖင်လန်နိုင်ငံကို ဖင်လန်နိုင်ငံသားများသာ ပိုင်ဆိုင်ကြောင်း"ကြွေးကြော်ခဲ့ကြသည်။

ဖင်လန်နိုင်ငံ၏စီးပွားရေးအခြေအနေမှာ အလွန်ကျပ်တည်းလျက်ရှိသောကြောင့် အခြားသူများကို ကူညီမှုမပြုမီ ဖင်လန်နိုင်ငံသားများအတွင်း ကူညီပြုလုပ်သင့်ကြောင်း ဆန္ဒပြသူများက ပြောခဲ့သည်။

ယင်းနေ့တစ်နေ့တည်းမှာပင် လူဝင်မှုကြီးကြပ်ရေးကို ဆန့်ကျင်ဆန္ဒပြမှုများ ဖင်လန်နိုင်ငံမြောက်ပိုင်း တော်နီယိုနှင့် ခေမီဒေသများတွင် ပြုလုပ်ခဲ့ကြသည်။

မြို့သုံးမြို့တွင် ဖြစ်ပေါ်နေသော ဆန့်ကျင်ဆန္ဒပြမှုများနှင့် ချီတက်မှုများသည် တည်ငြိမ်အေးချမ်းလျက်ရှိကြောင်း ရဲအဖွဲ့ကပြောကြားခဲ့သည်။

လွန်ခဲ့သော ရက်အနည်းငယ်က ဒုက္ခသည်ပေါင်း ၅၀၀ မှ ၁၀၀၀ ကြား ဖင်လန်နိုင်ငံသို့ ဖင်လန်-ဆွီဒင်နယ်စပ်တော်နီယိုမှတစ်ဆင့် နေ့စဉ်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ဖင်လန်လူဝင်မှုကြီးကြပ်ရေးဌာနက အနည်းဆုံးဒုက္ခသည်အရေအတွက် ၁၁၀၀၀ ခန့် ယခုနှစ်တွင် ဖင်လန်နိုင်ငံသို့ရောက်ရှိခဲ့ကြောင်း ဖော်ပြခဲ့သည်။

ဖင်လန် ပြည်ထဲရေးဝန်ကြီးဌာနက ယခုနှစ်တွင် ဖင်လန်နိုင်ငံသို့ ဒုက္ခသည်ပေါင်း ၃၀၀၀၀ ခန့် ဝင်ရောက်မည်ဟုခန့်မှန်းထားသည်။ ယင်းပမာဏသည် ဖင်လန်နိုင်ငံအတွက် သမိုင်းတွင်အမြင့်ဆုံးမှတ်တမ်းတွင်မည့် အနေအထားဖြစ်သည်။ **(ဆင်ဟွာ)**

## စီးပွားရေးပြန်လည်ပြုပြင်ရန်အီဂျစ်အစိုးရသစ် ပြန်လည်ဖွဲ့စည်း

**ကိုင်ရို စက်တင်ဘာ ၂၀**

အီဂျစ်သမ္မတ အဗ္ဗဒဲလ်ဖက်တား အယ်လ်စီစီသည် အစ္စလာမ္မစ်စစ်သွေးကြွများ အကြမ်းဖက်မှုကြောင့် ပျက်စီးနေသော စီးပွားရေးကို ပြန်လည်ထူထောင်ရန် ကြိုးပမ်း မှုတစ်ရပ်အဖြစ် စနေနေ့က အစိုးရသစ်အတွင်း သူ၏ဘဏ္ဍာရေး ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ထဲရေးဝန်ကြီးတို့ကို ဆက်လက်ထိန်းထားပြီးကျမ်းသစ္စာ ကျိန်ဆိုခဲ့သည်။**(ယာဟူး)**

နိုင်ငံ၏ စွမ်းအင်အကျပ်အတည်းနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်သွားနိုင်ရန် နိုင်ငံပိုင်ရေနံကုမ္ပဏီအကြီးအကဲဟောင်း တာရက်အယ်မူလာအား ရေနံ ဝန်ကြီးအဖြစ် တာဝန်ပေးခန့်အပ်လိုက်ပြီး စွမ်းအင်ပြဿနာပြေလည်စေရန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်စေရန် ပြုလုပ်ခဲ့သည်။

မူလာသည် ဝန်ကြီးချုပ်ဖြစ်ခဲ့သော စွမ်းဆောင်ရည် အကောင်းဆုံးဝန်ကြီးများထဲမှ တစ်ဦးဖြစ်သည့် ရှာရက်အစ္စမေးလ်နေရာတွင် ဆက်ခံခဲ့သည်။ အစိုးရသစ်သည် စိန်ခေါ်မှုအများအပြားကို ရင်ဆိုင်ရမည်ဖြစ်သည်။ အီရတ်နှင့် ဆီးရီးယားနယ်မြေအများအပြားကို သိမ်းပိုက်ထားသော အိုင်အက်စ် စစ်သွေးကြွများသည် အီဂျစ်နိုင်ငံရှိ စစ်သွေးကြွများ၏ ထောက်ခံမှုများကို ရရှိထားသည်။



စစ်သွေးကြွများသည် အကြီးအကျယ်ဆန္ဒပြမှုကြောင့် ၂၀၁၃ ခုနှစ်က အစ္စလာမ္မစ် သမ္မတမော်စီကို စစ်တပ်က ဖြုတ်ချပြီးကတည်းက အီဂျစ်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များအား တိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ်လာခဲ့သည်။ **(ရိုက်တာ)**

## ဆီးရီးယားတိုက်ပွဲများကြား အိုစမာဘင်လာဒင်၏ လက်ထောက်တစ်ဦးကျဆုံး



**ဒမတ်စကတ် စက်တင်ဘာ ၂၀**

ဆီးရီးယားနိုင်ငံ အနောက်မြောက် ရှီးယိုက်မြို့နှစ်မြို့အနီး တိုက်ပွဲများဖြစ်ပွားနေစဉ် ယခင်အယ်ခိုင်ဒါခေါင်းဆောင်ဟောင်း အိုစမာ ဘင်လာဒင်၏လက်ထောက်တစ်ဦး သေဆုံးခဲ့ကြောင်း စောင့်ကြည့်လေ့လာရေးအဖွဲ့က စက်တင်ဘာ ၁၉ ရက်က ဖော်ပြခဲ့သည်။

အဘူဟာဆန်အယ်လ်တူနီဆီ (အာရပ်အခေါ်အားဖြင့် တူနီးရှန်အဘူဟာဆန်) ဟု ခေါ်သော အာဖဂန်နစ္စတန်ရှိ အိုစမာဘင်လာဒင်၏ လက်ထောက် တစ်ဦးသည် ဆီးရီးယားနိုင်ငံ၏ အနောက်မြောက်ဘက်ဒေသဖြစ်သော အီဒလစ်ရှိ ရှီးယိုက်မြို့များဖြစ်သည့် ကာဖယာနှင့်ဖော်ရာတို့တွင် အယ်ခိုင်ဒါနှင့်ဆက်စပ်သော စစ်သွေးကြွများ တိုက်ပွဲများဖြစ်ပွားစဉ်တွင် သေဆုံးခဲ့ကြောင်း ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောခဲ့သည်။

တိုက်ပွဲများသည် ၂၄ နာရီကျော်ကြာ အပြင်းအထန်ဖြစ်ပွားခဲ့ကြောင်း အင်္ဂလန် အခြေစိုက်လေ့လာရေးအဖွဲ့များက ပြောသည်။

အဆိုပါ မြို့များအနီးတွင် တိုက်ပွဲများဖြစ်ပွားခဲ့သောကြောင့် အနည်းဆုံး သောင်းကျန်းသူ ၁၀၀ ကျဆုံးခဲ့ကြောင်း ဒေသတွင်း ရုပ်သံတစ်ခုက ဖော်ပြခဲ့သည်။

ဂျီဟတ်အုပ်စုများသည် စက်တင်ဘာ ၁၈ ရက်က ယာဉ်လေးစီးကို ဗုံးများခွဲခဲ့ပြီး လက်နက်ကြီးကျည်ဆံ ၂၅၀ ခုဖြင့် ရှီးယိုက်မြို့များကို တိုက်ခိုက်ခဲ့ကြောင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောခဲ့သည်။

ဆီးရီးယားတပ်မတော်သည် သောင်းကျန်းသူများ ခြေကုပ်ယူထားသော အီဒလစ်၏မြို့တစ်ခုဖြစ်သော ဘင်းနစ်ရှ်ကိုလေကြောင်း တိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ သောင်းကျန်းသူများကျဆုံးခဲ့ကြောင်း သိရသည်။

ယခုလအစောပိုင်းတွင် အီဒလစ်ရှိ သောင်းကျန်းသူများက အဘူအယ်လ် ဒူဟာလေတပ်စခန်းကို သိမ်းပိုက်ခဲ့သည်။ ယင်းသိမ်းပိုက်မှုတွင် ဆီးရီးယားစစ်သား ၇၁ ဦး ကျဆုံးခဲ့ကြောင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောခဲ့သည်။

ရှီးယိုက်မြို့နှစ်မြို့ဖြစ်သော ကာဖယာနှင့်ဖော်ရာတို့တွင် သောင်းကျန်းသူ တိုက်ခိုက်မှုများကိုတားဆီးရန် အစိုးရနှင့် သောင်းကျန်းသူတပ်ဖွဲ့များအကြား ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ပေ။

ဆီးရီးယားအကျပ်အတည်းပဋိပက္ခမှာ လေးနှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်ပြီး ဒေသတွင်းအခြေအနေများမှာလည်း အေးချမ်းတည်ငြိမ်မှုမရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

## ဂျပန်ငြိမ်းချမ်းရေးတပ်ဖွဲ့ တောင်ဆူဒန်တွင် တာဝန်သစ်များကို ရင်ဆိုင်ထမ်းဆောင်ရတော့မည်

**တိုကျို စက်တင်ဘာ ၂၀**

ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနသည် နိုင်ငံ၏ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ကို တောင်ဆူဒန်တွင် တာဝန်သစ်များပေးအပ်ရန် စဉ်းစားဖွယ်ရှိနေသည်။

အမျိုးသား လုံခြုံရေးဥပဒေကြမ်းသည် စက်တင်ဘာ ၁၉ ရက်၌ လွှတ်တော်တွင် အဖြူအမဲကွဲပြားခဲ့ပြီဖြစ်သည်။

ထို့ကြောင့် ကာကွယ်ရေးဝန်ကြီးဌာနအရာရှိများသည် ဥပဒေပြဋ္ဌာန်းမှုအသစ်ကို အခြေခံ၍ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေး တပ်မတော်၏ ဆောင်ရွက်ချက်များအတွက် တာဝန်သစ်များကို ရေးဆွဲရန်စီစဉ်လျက်ရှိသည်။

စည်းမျဉ်း စည်းကမ်းများကို တာဝန်တစ်ခုချင်းစီတွင် သတ်မှတ်ပြဋ္ဌာန်းထားလိမ့်မည်ဖြစ်သည်။ ထို့အပြင် မည်သည့်နေရာတွင် တာဝန်ထမ်းဆောင်မည်၊ မည်သည့်လက်နက်ကို ကိုင်ဆောင်ပြီး မည်သို့မည်ပုံ အသုံးပြုမည်ဆိုသည်ကိုပါ ရေးဆွဲ ပြဋ္ဌာန်းထားမည်ဖြစ်သည်။

တောင်ဆူဒန်တွင် ကိုယ်ပိုင်ကာကွယ်ရေး တပ်ဖွဲ့သည် တိုက်ခိုက်မှုများနှင့် ရင်ဆိုင်နေရသည့် အခြားနိုင်ငံမှတပ်ဖွဲ့များကို လက်နက်များအသုံးပြု၍ ကူညီရာ၌ ဖြစ်နိုင်ခြေရှိသော ရလဒ်များ အားလုံးကို ကာကွယ်ရေးဝန်ကြီးဌာနအရာရှိများကလေ့လာအဖြေရှာမှုများ ပြုလုပ်လိမ့်မည်ဖြစ်သည်။

ဂျပန်နိုင်ငံ၏ ငြိမ်းချမ်းရေးတပ်ဖွဲ့ကို တောင်ဆူဒန်တွင် တပ်ဖြန့်ချထားရန် ဒီဇင်ဘာလတွင်စီစဉ်ထားသည်။ **(အင်န်အိတ်ချ်ကေ)**

## အာကာသသို့ ဂြိုဟ်တုအသေးစားသယ်ဆောင်မည့် ဂြိုဟ်တုပုံစံသစ် တရုတ်အောင်မြင်စွာစမ်းသပ်

**တိုင်ယွမ် စက်တင်ဘာ ၂၀**

တရုတ်နိုင်ငံသည် ယင်းနိုင်ငံမြောက်ပိုင်း ရှန်ရှီပြည်နယ်ရှိ တိုင်ယွမ်ဂြိုဟ်တုလွှတ်တင်ရေးစခန်းရှိ ဒုံးလွှတ်စင်၌ စက်တင်ဘာ ၂၀ ရက် နံနက် ၇ နာရီ ၁မိနစ်တွင် Long March-6 ဟုခေါ်သော အာကာသသို့ ဂြိုဟ်တုအသေးစားများ သယ်ဆောင်နိုင်သည့် ဂြိုဟ်တုပုံစံသစ် တစ်မျိုးကို အောင်မြင်စွာ စမ်းသပ်လွှတ်တင်နိုင်ခဲ့ပြီဖြစ်သည်။**(အောက်ပုံ)**

အဆိုပါဂြိုဟ်တုသည် အာကာသစမ်းသပ်စစ်ဆေးမှုများပြုလုပ်ရန်အတွက် အသုံးပြုသော အသေးစားအာကာသဂြိုဟ်တု အစင်း ၂၀ ကို အာကာသထဲသို့ သယ်ဆောင်သွားပြီဖြစ်သည်။ အောက်စီဂျင်အရည်နှင့် ရေနံဆီတို့ဖြင့်ပြုလုပ်ထားသော ဒုံးပျံလောင်စာရည်ကို အဆိုပါဒုံးပျံသစ်တွင် အသုံးပြုခဲ့သည်။

၎င်းသည် တရုတ်နိုင်ငံ၏ ပထမဆုံးဂြိုဟ်တုအသေးစားသယ်ဆောင်နိုင်သည့် ဂြိုဟ်တုဖြစ်ပြီး လေထုညစ်ညမ်းမှုနှင့် အဆိပ်ဖြစ်စေမည့် ဓာတ်ငွေ့များမပါရှိကြောင်း ယင်းဒုံးပျံပုံစံကိုတီထွင်ခဲ့သော တရုတ်နိုင်ငံ အာကာသသိပ္ပံနှင့် နည်းပညာကော်ပိုရေးရှင်းနှင့်ဆက်သွယ်ထားသော ရှန်ဟိုင်းအာကာသယာဉ်ဆိုင်ရာ အကယ်ဒမီက ပြောခဲ့သည်။ **(ဆင်ဟွာ)**



# အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၀

**အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC ) ၌ ကျင်းပသည်။** (အောက်ပုံ)





Photo: MPC Facebook

အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန( MPC)နှင့်အတူ ကုလသမဂ္ဂအဖွဲ့ချုပ်(UN)တို့က ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

အဆိုပါ အခမ်းအနား၌ အဖွင့်နှုတ်ခွန်းဆက်စကားကို ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC) ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် တိုင်းရင်းသားလက်နက်ကိုင်အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ဝင် ဒေါ်စောမြရာဇာလင်းတို့က နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြသည်။

MPC တွင် ပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အခမ်းအနားသို့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းပေးပို့သော သဝဏ်လွှာကို Ms.Renata Dessallien (UN Resident & Humanitarian Coordinator, Myanmar) က ဖတ်ကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ (UPWC)၊ ရန်ကုန်မြို့ အခြေစိုက်နိုင်ငံတကာသံရုံးများမှ သံတမန်များ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# အပစ်ရပ်စာချုပ် လက်မှတ်ရေးထိုးပြီးနောက် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များအား အရပ်ဘက်လူမှုအဖွဲ့အစည်းများအားရှင်းလင်း

ရန်ကုန် စက်တင်ဘာ ၂၀

**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပြီးနောက် စာချုပ်ပါအတိုင်း ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်အချိန်ကာလ သတ်မှတ်မှုများအား မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) မှ အရပ်ဘက်လူမှုအဖွဲ့အစည်းများအား ရှင်းလင်းတင်ပြခဲ့သည်။**



အဆိုပါရှင်းလင်းပွဲကို စက်တင်ဘာ ၂၀ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန(MPC) တွင် ပြုလုပ်ခဲ့သည်။

ယင်းရှင်းလင်းပွဲသို့ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ (UPWC) ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ MPC မှ အထူးအကြံပေးနှင့် ဒါရိုက်တာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) ၃၀ ခန့် တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက တိုင်းပြည်၏ အသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဒီမိုကရေစီ ဖက်ဒရယ်စနစ်တည်ဆောက်ရေးများတွင် အရေးပါသည့် CSO များကို ငြိမ်းချမ်းရေးဖြစ်စဉ်များအား ပုံစံမျိုးစုံဖြင့် မကြာခဏတွေ့ဆုံ ရှင်းပြဆွေးနွေးခဲ့ပါကြောင်း၊ ယခုလည်း CSO များကို အလေးထားပြီး ရှင်းပြလိုသည့်အတွက် ဖိတ်ကြားရခြင်းဖြစ်ပါကြောင်း၊ NCA စာချုပ်အရ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ကို စာချုပ်လက်မှတ်ထိုးအပြီး ရက်ပေါင်း ၆၀ အတွင်း ရေးဆွဲရမည်ဖြစ်ပြီး ရက်ပေါင်း ၉၀ အတွင်း နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ရမည်ဖြစ်ပါကြောင်း။

မူဘောင်ရေးဆွဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် အစိုးရပိုင်းမဟုတ်ဘဲ အားလုံးနှင့် သက်ဆိုင်သည့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရမည့် ဖြစ်စဉ်အဖြစ် CSO များကို တင်ပြလိုပါကြောင်း၊ NCA ထိုးပြီးနောက် ၁၄ရက် အတွင်း JICM ခေါ် အကောင်အထည်ဖော်မှု ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ခေါ်ယူရမည်ဖြစ်ပြီး နောက်ထပ် ၁၅ ရက်အတွင်း UPDJC ဟုခေါ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်မှု ပူးတွဲကော်မတီကို ဖွဲ့စည်းရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် NCA သဘောတူညီချက်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဖက်ဒရယ် ဒီမိုကရေစီနိုင်ငံကြီးကို ပါဝင်သင့် ပါဝင်ထိုက်သူများ ပါဝင်သည့်နိုင်ငံရေး ဆွေးနွေးပွဲကြီးက ညှိနှိုင်းဆွေးနွေးဆုံးဖြတ်နိုင်ရန် NCA ကို လက်မှတ်ရေးထိုးရန် လိုအပ်ပြီး CSO များဘက်ကလည်း ငြိမ်းချမ်း ရေးဖြစ်စဉ်ကြီးမှာ ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏အခန်းကဏ္ဍသည် အရေးပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးကိုအကောင်အထည်ဖော်ရာတွင် အစိုးရတစ်ရပ်တည်းဖြင့် ဆောင်ရွက်၍ မရဘဲ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းမှုသည် အရေးပါကြောင်း၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ တည်ရှိမှုကို အသိအမှတ်ပြုပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC) မှ NCA စာချုပ် လက်မှတ်ရေးထိုးပြီးနောက် ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို စက်တင်ဘာ ၁၁ ရက်တွင် သတင်းမီဒီယာများနှင့်စက်တင်ဘာ ၁၄ ရက်တွင် နိုင်ငံရေးပါတီများအား ရှင်းလင်းအသိပေးခဲ့သည်။

**သတင်း-မြတ်သန္တာမောင်**
**ဓာတ်ပုံ-MNA**

# အပစ်ရပ်စာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားပြင်ဆင်နိုင်ရေး အကြိုညှိနှိုင်းဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၂၀**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် (NCA) လက်မှတ်ရေးထိုးပွဲ အခမ်းအနားပြင်ဆင်ရေး အကြိုညှိနှိုင်းမှုကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန(MPC)၌ ကျင်းပခဲ့သည်။

ယင်း အခမ်းအနားပြင်ဆင်ရေး အကြိုညှိနှိုင်း အစည်းအဝေးသို့ ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီး ဦးအောင်မင်း၊ အဖွဲ့ဝင် ဦးခင်ဇော်ဦး၊ MPC မှ တာဝန်ရှိသူများနှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (PNLO)၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP)၊ ဒီမိုကရေစီ အကျိုးပြုကရင်အမျိုးသားတပ်မတော် (DKBA)၊ ကရင်အမျိုးသား အစည်းအရုံး (KNU)၊ NDAA၊ KNU/KNLA-PC နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း MPC က ထုတ်ပြန်သည်။

ချင်းအမျိုးသားတပ်ဦး (CNF) နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) တို့မှာမူ အစည်းအဝေး မတက်ရောက်နိုင်ခဲ့သော်လည်း ကျင်းပရေးကော်မတီတွင် ပါဝင်မည်ဖြစ်သည်။

ဆွေးနွေးပွဲတွင် တိုင်းရင်းသားများဘက်မှ ညှိနှိုင်းအစည်းအဝေးကို ထိုင်းနိုင်ငံ ချင်းမိုင်၌ စက်တင်ဘာ ၂၈၊ ၂၉ နှင့် ၃၀ ရက်များတွင် ကျင်းပရန် စီစဉ်ထားကြောင်း၊ ယင်းညှိနှိုင်းအစည်းအဝေးတွင် လက်မှတ်ရေးထိုးမည့်ရက်ကို အကြိုညှိနှိုင်းမည်ဖြစ်ကြောင်း၊ ယင်းနောက် လက်မှတ်ရေးထိုးမည့် ရက်အတိအကျကို UPWC နှင့် လာရောက်မည်ဟု ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ကြီးမားသည့် လက်မှတ်ရေးထိုးပွဲဖြစ်၍ ယခုအချိန်မှ စတင်ကာ လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရန် တက်ရောက်မည့်သူ ရာချီရှိမည်ဖြစ်၍ အချိန်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း၊ အစည်းအဝေးကျင်းပရန် လျာထားသည့်နေရာ၊ တက်ရောက်မည့်သူများနှင့် အစိုးရဘက်မှ ကြိုတင်ပြင်ဆင်ထားသည်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း MPC မှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

နှစ်ဖက်ညှိနှိုင်းပြီးနောက် လက်မှတ်ရေးထိုးပွဲကျင်းပမည့်ရက် အတိအကျသတ်မှတ်ပြီးပါက လက်မှတ်ရေးထိုးပွဲ ပူးတွဲကျင်းပရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းရန်နှင့် လက်မှတ်မထိုးဘဲ ကျန်ရှိမည့်အဖွဲ့များရှိပါကလည်း လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်လိုပါက တက်ရောက်ခွင့်ပြုရန်ကိစ္စရပ်များကို မူအားဖြင့် သဘောတူခဲ့ကြကြောင်း သိရသည်။

**မြတ်သန္တာမောင်**

# မြန်မာ-ထိုင်းနှစ်နိုင်ငံ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၀

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် စက်တင်ဘာ ၁၈ရက်နံနက် ၉ နာရီခွဲက သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းရှိ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၌ ကျင်းပသော မဲဆောက်- မြဝတီနယ်စပ်ဝင်ပေါက်မှတစ်ဆင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဦးဆောင်သော ခရီးသွားလုပ်ငန်းရှင်များနှင့် ထိုင်းနိုင်ငံ TAT မှ ဒါရိုက်တာ Ms. Thamonwan Ruangkachom ဦးဆောင်သော ခရီးသွားလုပ်ငန်းရှင်များအဖွဲ့ တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။**

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ နှစ်နိုင်ငံခရီးသွားလုပ်ငန်း တိုးတက်မြင့်မားရေးအတွက် နယ်စပ်ဝင်ပေါက်များဖြစ်သော မြဝတီ-မဲဆောက်၊ တာချီလိတ်-မယ်ဆိုင်၊ ကော့သောင်း- ရနောင်းနှင့် ထီးခီး-မောတောင်ဒေသများ ဖွင့်လှစ်ပြီးချိန်၌ နှစ်နိုင်ငံကြားခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ခဲ့ကြောင်း၊ မြန်မာ-ထိုင်းနယ်စပ်ဒေသများမှ ဗီဇာကင်းလွတ်ခွင့်ပြုပြီးနောက်ပိုင်းတွင်လည်း နှစ်ဖက်ခရီးသွားလုပ်ငန်းသိသိသာသာတိုးတက်မှုရှိခဲ့ကြောင်း၊ ဆက်လက်၍ ယင်းဝင်ပေါက်များမှ တတိယနိုင်ငံသား



များ ပိုမိုဝင်ရောက်နိုင်ရေးအတွက် ညှိနှိုင်းကြိုးစားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် ခရီးသွားလုပ်ငန်း မြှင့်တင်နိုင်ရေးအလို့ငှာ ထိုင်းနိုင်ငံတွင် Road Show များ ကျင်းပရန် စီစဉ်လျက်ရှိကြောင်း၊ ယခုတွေ့ဆုံပွဲတွင် နှစ်နိုင်ငံခရီးသွားလုပ်ငန်း မြှင့်တင်ရေးကို ဦးတည်၍ မြန်မာနိုင်ငံမှ ခရီးသွားလုပ်ငန်းရှင်များနှင့် အသေးစိတ်ဆွေးနွေးကြစေလိုကြောင်း၊ နှစ်ဖက်ညှိနှိုင်းကြစဉ် အခက်အခဲများရှိပါက တိုက်ရိုက်တင်ပြနိုင်ကြောင်း၊ ဆောင်ရွက်ပေးနိုင်သည်များကို ချက်ချင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် အထက်အဖွဲ့အစည်းများသို့ တင်ပြရန် လိုအပ်ပါကလည်း အမြန်ဆုံး တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ ထိုင်းနိုင်ငံ TAT မှ ဒါရိုက်တာ Ms. Thamonwan Ruangkachomက မဲဆောက်-မြဝတီ နယ်စပ်ဝင်ပေါက်မှတစ်ဆင့် နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး နှစ်ဖက်ခရီးသွားလုပ်ငန်းရှင်များ ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခဲ့သည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း အမှုဆောင်သစ်ဖွဲ့စည်းရေးနှင့်ပတ်သက်၍ အသင်း၏ အလုပ်အမှုဆောင်ဟောင်းများ၊ အဖွဲ့ဝင်များနှင့်ထပ်မံအရွေးချယ်ခံမည့် ကိုယ်စားလှယ်များကို တွေ့ဆုံခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

**✳ ရှေ့ဖုံးမှ**

စီးပွားရေးလုပ်ငန်းများ၏ လူမှုရေးတာဝန်ယူသိတတ်ခြင်း (Corporate Social Responsibility) CSR ကို စနစ်တကျ ကျင့်သုံးမှုအားကောင်းလာခြင်းသည် မြန်မာ့စီးပွားရေးလုပ်ငန်းဦးမော့လာစေခြင်း၏ အခြေခံအုတ်မြစ်တစ်ခုဖြစ်ကြောင်း ဥရောပသမဂ္ဂ၏ သံအမတ်ကြီး မစ္စတာရိုလန်ကိုဘီယာက ပြောကြားသည်။

အီးယူသံအမတ်ကြီးပြောသကဲ့သို့ပင် စီးပွားရေးလုပ်ငန်းအများစုသည် လုပ်ငန်းများ၏ အလုပ်သမားများအရေးကိစ္စအပါအဝင် လူ့အဖွဲ့အစည်းများအပေါ် အကျိုးသက်ရောက်မှုများရှိလာသည်ကို မြင်တွေ့ရသည်။

“စက်ရုံတိုင်း CSR ရှိတာမဟုတ်ပါဘူး။ ဒါပေမယ့် အလုပ်သမားအရေးကိစ္စတွေ မကြာခဏ ကြုံလာကြရပြီး နောက်ပိုင်းမှာ CSR ရဲ့အခန်းကဏ္ဍကိုလုပ်ငန်းရှင်တွေ ပိုပြီးသတိထားလာကြတယ်။ အလုပ်သမားတွေအတွက် လူမှုရေးဆောင်ရွက်ချက်တွေဟာ သူတို့တွေကို လုပ်ငန်းအပေါ် ဂုဏ်ယူတတ်မှု၊ လုပ်ငန်းခွင်ပျော်ရွှင်မှုနဲ့ ကျေနပ်နှစ်သိမ့်မှုကိုအထိုက်အလျောက်ရရှိစေတယ်”ဟု သံအမတ်ကြီးကဆိုသည်။

ဥရောပသမဂ္ဂမှ ထောက်ပံ့ပေးမှုဖြင့် ဆောင်ရွက်လျက်ရှိသည့် Smart Myanmar စီမံကိန်းသည် အထည်ချုပ်စက်ရုံများ၏ ကုန်ထုတ်စွမ်းအားတိုးတက်မှုနှင့် မြန်မာနိုင်ငံမှ ထုတ်လုပ်သည့် အထည်အလိပ်များကို ရေရှည်တည်တံ့စေရန်အတွက် ကူညီထောက်ပံ့ပေးသည့် စီမံကိန်းတစ်ခုဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် စတင်ခဲ့သည်။

“အလုပ်သမားတိုင်းကိုယ်လုပ်တဲ့အလုပ်မှာဂုဏ်ယူစွာနဲ့ တာဝန်ထမ်းဆောင်နေတယ်ဆိုရင် ဒီအလုပ်ဟာ အောင်မြင်တဲ့အလုပ်တစ်ခုဖြစ်ပါပြီ။ အလုပ်သမားတွေရဲ့ ဂုဏ်ယူမှုဟာ သူတို့ရဲ့ စားဝတ်နေရေး၊ အလုပ်အကိုင်နဲ့ အဆင့်အတန်းကိုသာမက သူတို့လုပ်ငန်းရဲ့ အောင်မြင်မှုကိုပါ ခံစားတတ်တဲ့အတွက် နိုင်ငံအတွင်းမှာ လုပ်ကိုင်နေတဲ့ ပြည်တွင်းပြည်ပလုပ်ငန်းရှင်တွေ အလေးထားပြီး စီမံခန့်ခွဲသင့်တယ်”ဟု အဆိုပါစီမံကိန်း၏ Project Manager မစုတာရာလင်းက ပြောသည်။

ပုံမှန်အားဖြင့် စီးပွားရေးလုပ်ငန်းတစ်ခု၏ အောင်မြင်မှုကို ငွေကြေးအမြတ်အစွန်းရရှိမှုပေါ် မူတည်ကာ ဆုံးဖြတ် ဆောင်ရွက်ကြသည်။ သို့သော် နိုင်ငံတကာတွင် စီးပွားရေးလုပ်ငန်းများ၏ စနစ်တကျ လည်ပတ်မှုနှင့် နိုင်ငံတကာဈေးကွက်ဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများ အပါအဝင် ဝယ်ယူသူများသည်လည်း ယင်းတို့နှင့် လက်တွဲဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်းများ၏ အချက်အလက်ကောင်းများကိုပါ ထည့်သွင်းစဉ်းစားလာကြကြောင်းစီးပွားရေးပညာရှင်များထံမှလည်းသိရှိရသည်။

“Smart Myanmar စီမံကိန်းကိုစမ်းသပ်တဲ့အနေနဲ့ ရွှေရည်စံပယ်၊ သီရိစန္ဒာနဲ့ Golden jasmine အထည်ချုပ်စက်ရုံသုံးခုကို စမ်းသပ်ပြီးလုပ်ငန်း၊ တာဝန်ယူမှုနဲ့ တိုးတက်ဆဲအထည်ချုပ်စက်မှုလုပ်ငန်းတွေအတွက် သင့်တော်မယ့် အထူးရေးဆွဲထားတဲ့ သင်ရိုးညွှန်းတမ်းတွေကို စက်ရုံတစ်ခုလုံးက အဆင့်ဆင့်ဝန်ထမ်းတွေဆီ သင်ကြားပေးခဲ့ပါတယ်။ တစ်ဦးချင်း၊ အဖွဲ့လိုက် စွမ်းရည်တွေအပြင် စီမံခန့်ခွဲမှုဆိုင်ရာတွေကို လေ့လာရာမှာ အများကြီး အကျိုးကျေးဇူးရရှိခဲ့တဲ့အတွက် အောင်မြင်တဲ့ စီမံကိန်းစမ်းသပ်ချက်ဖြစ်လာခဲ့တယ်” ဟု မစုတာရာလင်းက ပြောသည်။

အထည်ချုပ်လုပ်ငန်းသည် မြန်မာနိုင်ငံ၏ ဒုတိယအဓိကပို့ကုန်တစ်ခုဖြစ်ပြီး ပြည်ပထုတ်ကုန်စာရင်းအနေဖြင့် ယမန်နှစ်ကထက် နှစ်ဆခန့်မြင့်တက်လာခဲ့ကြောင်း၊ နောက်ပိုင်းတွင်လည်း ဥရောပသမဂ္ဂမှ မြန်မာနိုင်ငံသို့ ခွင့်ပြုထားသည့် ကုန်သွယ်မှုဦးစားပေးစနစ်ကြောင့်လည်း ထပ်မံတိုးတက်လာဖွယ် ရှိနေသေးကြောင်း၊ သို့သော် တာဝန်ယူမှုနှင့် အရည်အသွေးဆိုင်ရာများ အပြင် လုပ်ငန်းခွင်ပျော်ရွှင်ရေးနှင့် ဘေးကင်းရေးတို့ကိုလည်း ဖြည့်တင်းရန်လိုအပ်သဖြင့် ဥရောပသမဂ္ဂမှ အပြည်ပြည်ဆိုင်ရာဈေးကွက်သို့ ဝင်ရောက်နိုင်မည့် လိုအပ်ချက်များ ဖြည့်တင်းပေးလျက်ရှိကြောင်း သံအမတ်ကြီးက စက်တင်ဘာ ၁၈ ရက်တွင် ရွှေပြည်သာစက်မှုဇုန် ရွှေရည်စံပယ်အထည်ချုပ်စက်ရုံ၌ ကျင်းပသည့် Smart Myanmar Social Compliance Academy ပွဲတွင် ပြောကြားသည်။

“စက်ရုံမှာကလူ ၄၀၀ကျော်ရှိပါတယ်။ ၂၀၀၀ ပြည့်နှစ်က စတင်တည်ထောင်ခဲ့ပြီး တစ်လကို အထည်အရေအတွက် တစ်သိန်းကို ပျမ်းမျှထုတ်လုပ်နေတာဖြစ်ပါတယ်။ ကျွန်မတို့က အခြားအထည်ချုပ်လုပ်ငန်းတွေလိုပဲ လက်ခစားစနစ်အထည်တွေချုပ်ပါတယ်။ အလုပ်သမားတွေရဲ့ အရည်အသွေးကို မြှင့်တင်ပေးဖို့နဲ့ စနစ်တကျ စီမံခန့်ခွဲဖို့ဆိုတာ လိုအပ်တာကို အီးယူရဲ့အထောက်အပံ့နဲ့ ဆောင်ရွက်ပေးတဲ့ Smart Myanmar နဲ့ ချိတ်ဆက်ပြီးရယူခဲ့တာကြောင့် အရင်ကထက်အများကြီး အဆင်ပြေလာပြီး ဝန်ထမ်းတွေအကြားမှာရော၊ Customer တွေအကြားမှာပါ အောင်မြင်လာခဲ့ပါတယ်။ ကျွန်မတို့နိုင်ငံမှာ အခုထက်ပိုပြီးပွင့်လင်းမြင်သာတဲ့ ဈေးကွက်ပြိုင်ဆိုင်မှုတွေ၊ စနစ်ကျတဲ့ စီမံခန့်ခွဲမှုတွေနဲ့ ဆောင်ရွက်မယ်ဆိုရင် အလုပ်သမားအရေးကိစ္စတွေရော၊ အခြားစိန်ခေါ်မှုတွေကိုပါ ဖြေရှင်းနိုင်မယ်လို့ ယုံကြည်ပါတယ်”ဟု ရွှေရည်စံပယ်အထည်ချုပ် လုပ်ငန်းပိုင်ရှင် ဒေါ်အေးအေးဟန်က ရှင်းပြသည်။

ထို့ပြင် ကလေးလုပ်သားကာကွယ်ရေးနှင့် ပြန်လည်ကုစားခြင်းမူဝါဒများကို လုပ်ငန်းများမှ ထိရောက်မှန်ကန်စွာ လုပ်ဆောင်ခြင်းဖြင့်လည်း ဂုဏ်ယူဖွယ်လုပ်ငန်းများ ဖြစ်လာစေနိုင်ကြောင်း အထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌ ဦးမြင့်စိုးက ပြောကြားသည်။

Smart Myanmar Project သည် မြန်မာနိုင်ငံရှိ စက်ရုံများ၏ လိုအပ်ချက်များကိုဖြေရှင်းပေးရန်ဖြစ်ပြီး စီမံခန့်ခွဲမှုဆိုင်ရာနှင့် အဆင်ပြေနိုင်မည့် ဆက်သွယ်ရေးလမ်းကြောင်းကွန်ရက်များ ချမှတ်ခြင်းတို့ကို အဓိကဆောင်ရွက်ပေးနိုင်ရန်ရည်ရွယ်ထားကြောင်းသိရသည်။

စီမံကိန်းရှေ့ပြေးအစီအစဉ်အရ စက်ရုံသုံးရုံကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည့်အပြင် စက်ရုံခြောက်ရုံခန့်ကိုလည်း ပူးတွဲကြီးကြပ်မှုများလုပ်ဆောင်လျက်ရှိပြီး အသိပညာ၊ စိန်ခေါ်မှုနှင့် အနာဂတ် အစီအစဉ်များကို မျှဝေပေးနိုင်ခဲ့ကြောင်း သံအမတ်ကြီးက ပြောသည်။

“လုပ်ငန်းရှင်တွေအနေနဲ့ စည်းမျဉ်းစည်းကမ်းလိုက်နာမှုတွေရဲ့ အရေးပါတာကိုသိရှိဖို့ ပညာပေးနေပါတယ်။ ဒါ့အပြင် Smart Myanmar ကနေ Smart Myanmar Award 2015 ကိုစီစဉ်နေပါတယ်။ စက်ရုံတစ်ရုံရဲ့ အရည်အသွေး၊ အရည်အချင်းတွေကိုလိုအပ်တဲ့ စံချိန်စံညွှန်းတွေသတ်မှတ်ပေးထားပါတယ်။ အောက်တိုဘာ ၂၄ ရက်ကျရင် အထည်ချုပ်လုပ်ငန်းရှင်များအသင်းရဲ့ ဒုတိယအကြိမ် နှစ်ပတ်လည်ဆုပေးပွဲမှာဆုတွေပေးအပ်သွားမယ်။ အဓိကကတော့ လုပ်ငန်းခွင်အခြေအနေ၊ အထူးခံစားခွင့်နဲ့ အလုပ်သမားတွေရဲ့ ပူးပေါင်းဆောင်ရွက်ခြင်း၊ ခံစားချက်တွေကို ဦးစားပေးရွေးချယ်သွားမှာဖြစ်ပါတယ်”ဟု မစုတာရာလင်းက ပြောသည်။

CSR ကိုအကောင်အထည်ဖော်ခြင်းဖြင့် စားသုံးသူကိုလည်းယုံကြည်စိတ်ချမှု၊ ဘေးကင်းလုံခြုံမှု ပိုမိုပေးအပ်နိုင်မည့်အပြင် လုပ်ငန်းခွင်တွင်လည်း တန်းတူအခွင့်အရေး၊ အရည်အသွေးမြှင့်တင်ရေး၊ လစာအပြင် အခြားခံစားခွင့်ရရှိရေး၊ အလုပ်ရှင်အလုပ်သမား ဆက်ဆံရေး၊ ကလေးလုပ်သားနှင့် အဓမ္မစေခိုင်းမှုများ ကင်းဝေးရေးတို့အပြင် ပရဟိတအသင်းအဖွဲ့များဖွဲ့စည်းခြင်းဖြင့် လုပ်သားများကိုဆွဲဆောင်မှုများ ပြုလုပ်နိုင်စေမည်ဖြစ်သည်။

ထို့ပြင် လုပ်ငန်းကျင့်ဝတ်များလိုက်နာကာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် လူနေမှုစရိုက်မြင့်မားရေးတို့အတွက်လည်း အထောက်အကူဖြစ်လာနိုင်ပြီး ငွေကြေးအကျိုးအမြတ်အဖြစ်လည်းတည်မြဲသည့် အလုပ်သမားများ၊ ခိုင်မာသည့်အဖွဲ့အစည်းများနှင့် ယုံကြည်မှုရရှိသည့် စားသုံးသူများကိုလည်း တည်ဆောက်ပြီးသားဖြစ်စေနိုင်ကြောင်း စီးပွားရေးပညာရှင်များကခန့်မှန်းကြသည်။

“အလုပ်ချိန်ကိုတိကျအောင်လုပ်ပေးသလို၊ လုပ်ခလစာနဲ့ အခြားခံစားခွင့်တွေကို မှန်မှန်ကန်ကန်ပေးမယ်ဆိုရင် ကျွန်မတို့ကလည်းအလုပ်ကို အပြန်အလှန် လေးစားတန်ဖိုးထားရမယ်ဆိုတာနားလည်ပါတယ်။ ဒါပေမယ့် စက်ရုံတွေအများကြီးရှိတဲ့အထဲမှာ CSR ဆိုပြီး လက်တွေ့မှာ ဘာမှဖြစ်မလာတဲ့ လုပ်ငန်းတွေများနေတဲ့အတွက် မကျေလည်မှုတွေ၊ အလုပ်ခဏခဏပြောင်းနေရတာတွေကို ကြုံနေရပါတယ်။ အပြိုင်အဆိုင်နဲ့ လုပ်ဆောင်လာကြဖို့ မျှော်လင့်ရတယ်” ဟုသက်လတ်တမ်းအရွယ်ရှိရွှေပြည်သာစက်မှုဇုန်အမှတ်(၃)သို့ အလုပ်ဆင်းရန် သွားရောက်မည့် လိုင်းကြီးကြပ်သူ မခိုင်သဇင်က အမေးကိုဖြေကြားရင်း အဖော်ဖြစ်သူများထံ အမှီပြေးလိုက်ထွက်ခွာသွားတော့သည်။

**(မြန်မာ့အလင်း)**



**အီးယူသံအမတ်ကြီး မစ္စတာရိုလန်ကိုဘီယာ**



**အီးယူသံအမတ်ကြီးနှင့်တာဝန်ရှိသူများ အထည်ချုပ်စက်ရုံကို လေ့လာစဉ်။**

# သဘာဝဘေးသင့်ပြည်သူများနေထိုင်နိုင်ရန် ယာယီနေအိမ်နှင့် မိုးကာရွက်ဖျင်တဲများဆောက်လုပ်မှု တပ်မတော်သားများကူညီ

**ဟားခါး စက်တင်ဘာ ၂၀**

ဟားခါးမြို့ ကယ်ဆယ်ရေးစခန်းများရှိ သဘာဝဘေးသင့်ပြည်သူများ နေထိုင်ခိုလှုံနိုင်ရန်အတွက် ယာယီနေအိမ်နှင့် မိုးကာရွက်ဖျင်တဲများ ဆောက်လုပ်နေမှုကို စက်တင်ဘာ ၁၉ ရက်က ဟားခါးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကယ်ဆယ်ရေးစခန်းရှိ ရာလ်မှုန်အားကစားကွင်း၌ တည်ဆောက်လျက်ရှိရာ နယ်မြေခံတပ်မတော်သားများက ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်းကူညီ တည်ဆောက်ပေးလျက်ရှိသည်။

ထိုသို့ ဝိုင်းဝန်းကူညီတည်ဆောက်ပေးရာ၌ စစ်ဗျူဟာအခြေချ(ဟားခါး)မှ ခေတ္တဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး ဇော်မြင့် ဦးဆောင်သော နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ/အရာခံ/အကြပ်စစ်သည် တပ်မတော်သားများက ရေမြောင်းများ ဖောက်လုပ်ပေးခြင်း၊ ယာယီသွပ်မိုးနေအိမ်နှင့် မိုးကာရွက်ဖျင်တဲများ ဆောက်လုပ်ပေးခြင်းတို့ကို ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်းဆောင်ရွက်လျက်ရှိပြီး ယာယီသွပ်မိုးနေအိမ် အလုံး ၄၀၊ မိုးကာရွက်ဖျင်တဲ ၃၅ လုံး စုစုပေါင်း ၇၅ လုံးဖြစ်ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**



# ထိုင်ဝမ်ဗုဒ္ဓဘာသာချီကျိဖောင်ဒေးရှင်းက ရေနစ်မြုပ်ခဲ့သောလယ်များအတွက် မျိုးစပါးများလှူဒါန်း

**တိုက်ကြီး စက်တင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ရေကြီးနစ်မြုပ်ပျက်စီးခဲ့သော လယ်သမားများအား ပြန်လည်စိုက်ပျိုးရန်အတွက် ထိုင်ဝမ်ဗုဒ္ဓဘာသာ ချီကျိဖောင်ဒေးရှင်းက မျိုးစပါးများ လှူဒါန်းပွဲကို ပြည်ဇောတိက စာသင်တိုက်ဓမ္မာရုံ၌ စက်တင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အဆိုပါ မျိုးစပါးပေးအပ်လှူဒါန်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးကျော်ကျော်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်အေးခန့်၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဒေါ်စန်းစန်းမြင့်နှင့် ဝန်ထမ်းများ၊ ထိုင်ဝမ်ဗုဒ္ဓဘာသာ ချီကျိဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ ရေကြီးနစ်မြုပ် ဒေသ ၃၅ အုပ်စုမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လယ်သမားများ တက်ရောက်ကြသည်။ ထို့နောက် ဒုတိယတိုင်းဦးစီးမှူး၊ မြို့နယ်ဦးစီးဌာနမှူးနှင့် ထိုင်ဝမ်ဗုဒ္ဓဘာသာ ချီကျိဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက မျိုးစပါးအချိန်မီ စိုက်ပျိုးရေးကိစ္စ၊ ယခုလှူဒါန်းသော မျိုးစပါးများမှာ သက်တမ်းတိုင်ပြီး အထွက်နှုန်းကောင်း မျိုးစပါးများဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထိုင်ဝမ်ဗုဒ္ဓဘာသာ ချီကျိဖောင်ဒေးရှင်းအနေဖြင့် ရေကြီးနစ်မြုပ်ပျက်စီးသွားသော လယ်တစ်ဧကအတွက် မျိုးစပါးတစ်တင်းနှုန်း လှူဒါန်းသွားမည်ဖြစ်ပြီး တိုက်ကြီးမြို့နယ်တွင် ရေကြီးနစ်မြုပ်ပျက်စီးသော လယ်သမား ၆၉၅၄ ဦး လယ်ဧကပေါင်း ၂၈၈၄၂ ဧကအတွက် စပါးတင်းပေါင်း ၂၈၈၄၂ တင်း လှူဒါန်းသွားမည်ဖြစ်သည်။ အဆိုပါ မျိုးစပါးများကို ကျေးရွာအုပ်ချုပ်ရေးမှူးများ အကူအညီနဲ့ လယ်သမားများထံသို့ လက်ဝယ်အရောက် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနေ့ ကျွန်တော်တို့အဖွဲ့အနေဖြင့် ကျေးရွာအုပ်စု သုံးအုပ်စုက လယ်သမား ၅၃၈ ဦးကို စိုက်ဧက ၁၉၆၈ ဧကအတွက် စပါးတင်း ၁၉၆၈ တင်းကို စတင်လှူဒါန်းသွားမှာပါ။ ကျန်တဲ့ လယ်သမားတွေကိုလည်း နောက်နေ့တွေမှာ ဆက်တိုက်လှူဒါန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ထိုင်ဝမ်ဗုဒ္ဓဘာသာ ချီကျိဖောင်ဒေးရှင်းအဖွဲ့ကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက တိုက်ကြီးမြို့နယ်မှာ စပါးစိုက်ဧကတွေ ရေနစ်လို့ ပျက်စီးသွားတယ်လို့ ပြောပြပါတယ်။ ပြန်လည်စိုက်ပျိုးဖို့ မျိုးစပါးများ လှူဒါန်းမယ့်အကြောင်း ကျွန်တော်တို့အဖွဲ့က ဝန်ကြီးချုပ်ကို တင်ပြပြီး လှူဒါန်းတာပါ။ ကျွန်တော်တို့ ချီကျိဖောင်ဒေးရှင်းအဖွဲ့ကို စတင်တည်ထောင်ခဲ့သူ သီလရှင်ဆရာကြီး ကျန့်ယဲန်ရဲ့ လမ်းညွှန်မှုအတိုင်း မျိုးစပါးအိတ်တွေမှာ ရေထားတဲ့ ကောင်းသောအတွေးကို တွေးပါ။ ကောင်းသောစကားကို ပြောပါ။ ကောင်းသောအလုပ်ကို လုပ်ပါလို့ ဆိုတဲ့အတိုင်း လုပ်နေတာပါ"ဟု ထိုင်ဝမ်ဗုဒ္ဓဘာသာချီကျိ ဖောင်ဒေးရှင်းအဖွဲ့ဝင် ဦးကျော်ခင်က ပြောသည်။

**ထွန်းလှိုင်(မြိုင်)**




# ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုနှင့် ကိုမန်ဆိုင်ကလုံးမုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအား ပြန်လည်ထူထောင်ရေး အလုပ်ရုံဆွေးနွေး

**စစ်တွေ စက်တင်ဘာ ၂၀**

ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုနှင့် ကိုမန်ဆိုင်ကလုံးမုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၈ ရက်က ရခိုင်ပြည်နယ်အစိုးရအဖွဲ့အစည်း အဝေးခန်းမ(၁)၌ ကျင်းပရာ ခေတ္တပြည်နယ်ဝန်ကြီးချုပ် ဦးမြအောင်က ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတကာအသင်းအဖွဲ့များကိုယ်စား UN မှ တာဝန်ရှိသူတစ်ဦးက ကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ဆွေက ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်များနှင့် ပျက်စီးဆုံးရှုံးမှုကိန်းဂဏန်းတန်ဖိုး တိတိကျကျရရှိရေး ဆွေးနွေးရမည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ရေရရှိရေးကဏ္ဍ၊ နေအိမ်အဆောက်အအုံနှင့် သာသနာရေးဆိုင်ရာ အဆောက်အအုံကဏ္ဍ၊ Logistics ကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍနှင့် အခြားကဏ္ဍများနှင့်ပတ်သက်၍ တာဝန်ယူဆောင်ရွက်လျက်ရှိသည့်အဖွဲ့များက အဖွဲ့အလိုက် ဆွေးနွေးကြကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

**ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၀

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး (၃၅) ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။


**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ**


| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၆. ၂၀' |
| ၂။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၇. ၂၀' |
| ၃။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၁. ၁၅' |
| ၄။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၇၀' |
| ၅။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၁. ၈၀' |
| ၆။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၀. ၆၅' |
| ၇။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၀. ၄၀' |
| ၈။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၁. ၂၀' |
| ၉။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၈၀' |
| ၁၀။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၃၀' |
| ၁၁။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၁. ၀၀' |
| ၁၂။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၀. ၁၀' |

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁၃။ | ရေသိုးရေလှောင်တမံ | ၁၅၅၀၀ | ၁. ၁၀' |
| ၁၄။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၇၀' |
| ၁၅။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၆၀' |
| ၁၆။ | အလိုင်နီရေလှောင်တမံ | ၃၉၀၀၀ | ၁. ၂၅' |
| ၁၇။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၁. ၅၀' |
| ၁၈။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၁. ၈၀' |
| ၁၉။ | စဉ့်ကူးချောင်းဂေါင်းရေလှောင်တမံ | ၂၂၂၉ | ၀. ၃၀' |
| ၂၀ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၁. ၉၀' |
| ၂၁။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၇၀' |
| ၂၂။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၁. ၇၀' |
| ၂၃။ | ရွှေတောင်ဆည် | ၅၃၆၀ | ၁. ၁၀' |
| ၂၄။ | ဝဲကြီးရေလှောင်တမံ | ၂၅၂၀၀၀ | ၀. ၈၀' |

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု(ပေ) |
|---|---|---|---|
| ၂၅။ | ပဒဲရေလှောင်တမံ | ၃၂၈၉၀ | ၀. ၅၀' |
| ၂၆။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၁. ၃၀' |
| ၂၇။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၁. ၀၀' |
| ၂၈။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၁. ၃၀' |
| ၂၉။ | လဂွမ်းပြင်ရေလှောင်တမံ | ၁၄၈၈၀၀ | ၀. ၇၀' |
| ၃၀။ | မဟူရာ(ငမိုးရိပ်)ရေကူရေလှောင်တမံ | ၅၃၉၉၂ | ၁. ၂၀' |
| ၃၁။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁. ၇၀' |
| ၃၂။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၂၁၇၅ | ၀. ၁၅' |
| ၃၃။ | မုံးရင်ရေလှောင်တမံ | ၂၅၉၀၀ | ၀. ၄၅' |
| ၃၄။ | နန်ကသူရေလှောင်တမံ | ၄၀၄၈၇ | ၁. ၇၀' |
| ၃၅။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၂. ၁၀' |

**(သတင်းစဉ်)**




# ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၂၀**


ဧရာဝတီမြစ်ရေသည် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့၌ တစ်ပေခွဲခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက်သို့ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက်တွင် တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်များဖြင့် ဖော်ပြထားသည်။

**(သတင်းစဉ်)**

# ဝဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၀**

ငဝန်မြစ်ရေသည် ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့၌ နှစ်ပေခွဲခန့် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေပြီး နောက်ခုနစ်ရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏မှတ်တမ်းကို ဂရပ်ဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**




# လေပြင်းတိုက်ခတ်၍ ဘားအံမြို့ပေါ်နှင့် ကျေးရွာတချို့ ပျက်စီးမှုများဖြစ်ပွား

**ဘားအံ စက်တင်ဘာ ၂၀**

ဘားအံမြို့ပေါ်နှင့် ကျေးရွာတချို့၌ စက်တင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းက မိုးသက်လေပြင်းများ ပြင်းထန်စွာတိုက်ခတ်သဖြင့် သစ်ပင်များပြိုလဲခြင်း၊ လျှပ်စစ်ဓာတ်မီးတိုင်များနှင့် ဆက်သွယ်ရေး တယ်လီဖုန်းတိုင်များ လဲကျသည့်အပြင် ကလေးငယ်တစ်ဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယင်းနေ့က မိုးများဆက်တိုက်ရွာသွန်းနေရာမှ မွန်းလွဲ ၂ နာရီခွဲခန့်တွင် မိုးသက်လေပြင်းများ ပြင်းထန်လာကာ ဘားအံမြို့နယ် မဲဘောင်ကျေးရွာ ဘားအံ-လှိုင်းဘွဲ့ကားလမ်းဘေးရှိ ကုက္ကိုပင်ကြီး ကျိုးကျခြင်း၊ အမှတ်(၅)ရပ်ကွက်အတွင်း သစ်ဆိမ့်ပင်ကြီးများနှင့် ကျွန်းပင်များလဲကျခြင်းနှင့် အမှတ်(၉)ရပ်ကွက်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဝင်းအတွင်း သစ်ပင်ကြီးတစ်ပင် အမြစ်လန်လဲကျခဲ့ရာ ကာရံထားသည့် အုတ်တံတိုင်းတစ်ခန်းပျက်စီးခဲ့ကြောင်း သိရသည်။



အလားတူ ဘားအံမြို့ ကားဝင်းကြီးဟောင်းအတွင်းရှိ နေအိမ်တန်းလျားပေါ်သို့ ယူကလစ်ပင်ကြီးတစ်ပင်လဲကျခဲ့ရာ အသက်(၁၁ နှစ်)ရှိ ပဥ္စမတန်းကျောင်းသူ မငြိမ်းမိုးသဇင် ဒဏ်ရာရရှိခဲ့ပြီး စိုးရိမ်စရာမရှိကြောင်း သိရသည်။

လေတိုက်ခတ်မှုကြောင့် သစ်ပင်များ ပြိုလဲပျက်စီးပြီး လျှပ်စစ်ဓာတ်မီးတိုင်များ၊ ဆက်သွယ်ရေးတယ်လီဖုန်းတိုင်များ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

လမ်းမများပေါ်၌ ကျိုးပဲ့ပျက်စီးနေသည့် သစ်ပင်သစ်ကိုင်းများ၊ ဓာတ်မီးတိုင်နှင့် တယ်လီဖုန်းတိုင်များနှင့် ဓာတ်အားလိုင်းကြိုးများကို ဘားအံမြို့နယ်ရဲတပ်ဖွဲ့မှူးက ကြီးကြပ်၍ ဒုရဲမှူး ဆန်းအောင်၊ ဘားအံမြို့မရဲစခန်းမှူး ဒုရဲမှူး တင်မောင်ဦးတို့ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ မီးသတ်၊ လျှပ်စစ်၊ စည်ပင်စသည့် မိတ်ဖက်အဖွဲ့အစည်းများက အမြန်ဆုံး ရှင်းလင်းဖယ်ရှားပေးခဲ့ကြောင်း သိရသည်။

**သတင်း-မောင်မွေး၊ ဓာတ်ပုံ-ပွင့်ဆန်း**

# စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၀**

**စိုးရိမ်ရေမှတ်များအထက် ဆက်လက်တည်ရှိနိုင်မှု အခြေအနေ**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့၌ တစ်ပေခွဲခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေသည်။ နောက်သုံးရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေကာ နောက်ငါးရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟင်္သာတခရိုင် (ဧရာဝတီမြစ်)အတွင်းနှင့် ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။ **(မိုး/ဇလ)**

# လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၀**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့ ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားနည်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# အလယ်ပိုင်းဒေသများ ထစ်ချုန်းမည့်အခြေအနေ ဆက်လက်ဖြစ်ပေါ်မည်

**နေပြည်တော် စက်တင်ဘာ ၂၀**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် မနက်ဖြန်ညနေထိ ခန့်မှန်းချက် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရွာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မနက်ဖြန်ညနေအထိ ခန့်မှန်းချက် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်ညနေထိ ခန့်မှန်းချက် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။ **(မိုး/ဇလ)**

# ညောင်ဦး၌ ဧရာဝတီမြစ်ရေပြန်လည်ကျဆင်းလာခဲ့၍ ဒေသခံပြည်သူများ မြို့တွင်းပြန်လည်သွားလာမှုများနေ

**ညောင်ဦး စက်တင်ဘာ ၂၀**

ညောင်ဦး၌ စက်တင်ဘာလဆန်းပိုင်းက ဧရာဝတီမြစ်ရေ ဒုတိယအကြိမ် စိုးရိမ်ရေမှတ်အထက် ပြန်လည်မြင့်တက်လာခဲ့ခြင်းကြောင့် မြေနိမ့်ပိုင်းရပ်ကွက် အချို့လမ်းများနှင့် အိမ်များအတွင်း ရေများဝင်ရောက်မှု ဖြစ်ပေါ်ခဲ့သည့်အပြင် ဧရာဝတီမြစ်ရေတက်မှုသည် ဒေသခံပြည်သူများ မြို့တွင်းသွားလာလျက်ရှိသည့် (ပုဂံမြို့ဟောင်း) သွားလမ်းပေါ်အထိ ရေများလျှံတက်လာခဲ့ခြင်းကြောင့် သွားလာရေးအဆင်မပြေမှုများနှင့် ကြုံတွေ့ခဲ့ရကြောင်း သိရသည်။ ယခုအခါ ညောင်ဦး၌ ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းလာ၍ ရေဝင်ရောက်ခဲ့သည့် ရပ်ကွက်အချို့ရှိ ဒေသခံပြည်သူများ မြို့တွင်းသွားလာရာတွင် အခက်အခဲမရှိ သွားလာနေရပြီဖြစ်ကြောင်း ညောင်ဦးမြို့ပေါ်ရှိ ဒေသခံပြည်သူများထံမှ သိရသည်။

ညောင်ဦးမြို့၌ ဧရာဝတီမြစ်ရေကျဆင်းမှုသည် စိုးရိမ်ရေမှတ် စင်တီမီတာ ၂၁၂၀ မှ ယနေ့မွန်းတည့် ၁၂ နာရီ တိုင်းထွာချက်အရ စိုးရိမ်ရေမှတ်အောက် ၂၁၁၃ စင်တီမီတာသို့ ပြန်လည်ကျဆင်းနေပြီဖြစ်သည်။ ထို့အပြင် ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့၌ နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ တစ်ပေခန့်အထိ ပြန်လည်ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနရုံးမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။



သို့ဖြစ်၍ ညောင်ဦးမြို့၌ ဧရာဝတီမြစ်ရေ ပြန်လည်ကျဆင်းလာပြီဖြစ်သဖြင့် ဒေသခံပြည်သူများ မြို့တွင်းသွားလာရေး အဆင်ပြေနေကြပြီဖြစ်ကြောင်းနှင့် စိုးရိမ်ဖွယ်ရာမရှိကြောင်း ညောင်ဦးမြို့ ရေဝင်ရောက်ခဲ့သည့် ရပ်ကွက်အချို့မှ ဒေသခံများက ပြောပြသည်။

**ရဲဝင်းနိုင်(ပြန်/ဆက်)**

# မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေဘေးသင့်ဒေသများတွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ထားရှိမှုအခြေအနေ

*(ယမန်နေ့မှအဆက်)*

ချင်းပြည်နယ်

| စဉ် | မြို့နယ် | သင်တန်းအမည် | သင်တန်းသား ဦးရေ | ကုန်ကျငွေ (ကျပ်သန်း) | ဖွင့်လှစ်ပြီး | ဖွင့်လှစ်ဆဲ | ဖွင့်လှစ်ရန် လျာထား | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| ၁ | တီးတိန် | လက်သမား၊ ပန်းရန်သင်တန်း | ၉၀ | ၉. ၅၀၀ | | ၁ | ၁ | ၂ |
| | | ဆိုင်ကယ်ပြင်သင်တန်း | ၉၀ | ၉. ၀၀၀ | ၁ | ၁ | | ၂ |
| | | စိုက်ပျိုးရေးသင်တန်း | ၃၀ | ၃. ၀၀၀ | | ၁ | | ၁ |
| | ပေါင်း | | ၂၁၀ | ၂၁. ၅၀၀ | ၁ | ၃ | ၁ | ၅ |
| ၂ | တွန်းဇန် | လက်သမား၊ ပန်းရန်သင်တန်း | ၉၀ | ၉. ၅၀၀ | | | ၂ | ၂ |
| | | ဆိုင်ကယ်ပြင်သင်တန်း | ၆၀ | ၆. ၀၀၀ | | | ၁ | ၁ |
| | | စိုက်ပျိုးရေးသင်တန်း | ၃၀ | ၃. ၀၀၀ | | | ၁ | ၁ |
| | ပေါင်း | | ၁၈၀ | ၁၈. ၅၀၀ | | | ၄ | ၄ |
| ၃ | ဖလမ်း | လက်သမား၊ ပန်းရန်သင်တန်း | ၆၀ | ၆. ၀၀၀ | | | ၂ | ၂ |
| | | ဆိုင်ကယ်ပြင်သင်တန်း | ၆၀ | ၆. ၀၀၀ | | | ၂ | ၂ |
| | | ယန္တရားမောင်းသင်တန်း | ၄၀ | ၉. ၀၀၀ | | | ၂ | ၂ |
| | ပေါင်း | | ၁၆၀ | ၂၁. ၀၀၀ | | | ၆ | ၆ |
| စုစုပေါင်း | | | ၅၅၀ | ၆၁. ၀၀၀ | ၁ | ၃ | ၁၁ | ၁၅ |

ဧရာဝတီတိုင်းဒေသကြီး

| စဉ် | မြို့နယ် | သင်တန်းအမည် | သင်တန်း သား ဦးရေ | ကုန်ကျငွေ (ကျပ်သန်း) | ဖွင့်လှစ် ပြီး | ဖွင့်လှစ် ဆဲ | ဖွင့်လှစ်ရန် လျာထား | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| ၁ | မြောင်းမြ | ပန်းရန်၊လက်သမား၊သံချည်သံကွေး | ၆၀ | ၆. ၄၆၁ | ၁ | | | ၁ |
| | | သဘာဝဓာတ်မြေဩဇာ | ၆၀ | ၀. ၂၈ | ၁ | | | ၁ |
| | | Mobile School | ၂၀ | ၁. ၂၅၉ | | | ၁ | ၁ |
| | ပေါင်း | | ၁၄၀ | ၈. ၀၀၀ | ၂ | | ၁ | ၃ |
| ၂ | ဝါးခယ်မ | ပန်းရန်၊လက်သမား၊သံချည်သံကွေး | ၆၀ | ၆. ၄၆၁ | ၁ | | | ၁ |
| | | သဘာဝဓာတ်မြေဩဇာ | ၆၅ | ၀. ၂၈၀ | ၁ | | | ၁ |
| | | Mobile School | ၂၀ | ၁. ၂၅၉ | | | ၁ | ၁ |
| | ပေါင်း | | ၁၄၅ | ၈. ၀၀၀ | ၂ | | ၁ | ၃ |
| ၃ | အိမ်မဲ | ပန်းရန်၊လက်သမား၊သံချည်သံကွေး | ၆၀ | ၆. ၀၀၀ | | | ၁ | ၁ |
| | | Mobile School | ၄၀ | ၂. ၀၀၀ | | | ၁ | ၁ |
| | ပေါင်း | | ၁၀၀ | ၈. ၀၀၀ | | | ၂ | ၂ |
| ၄ | ပုသိမ် | ပန်းရန်၊လက်သမား၊သံချည်သံကွေး | ၆၀ | ၆. ၀၀၀ | | | ၁ | ၁ |
| | | Mobile School | ၂၀ | ၁. ၅၀၀ | | | ၁ | ၁ |
| | ပေါင်း | | ၈၀ | ၇. ၅၀၀ | | | ၂ | ၂ |
| ၅ | ရေကြည် | ပန်းရန်၊လက်သမား၊သံချည်သံကွေး | ၆၀ | ၆. ၀၀၀ | | | ၁ | ၁ |

| စဉ် | မြို့နယ် | သင်တန်းအမည် | သင်တန်း သား ဦးရေ | ကုန်ကျငွေ (ကျပ်သန်း) | ဖွင့်လှစ် ပြီး | ဖွင့်လှစ် ဆဲ | ဖွင့်လှစ်ရန် လျာထား | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| | | Mobile School | ၂၀ | ၁. ၅၀၀ | | | ၁ | ၁ |
| | ပေါင်း | | ၈၀ | ၇. ၅၀၀ | | | ၂ | ၂ |
| ၆ | ကျောင်းကုန်း | ပန်းရန်၊လက်သမား၊သံချည်သံကွေး | ၆၀ | ၆. ၀၀၀ | | | ၁ | ၁ |
| | | Mobile School | ၂၀ | ၁. ၅၀၀ | | | ၁ | ၁ |
| | ပေါင်း | | ၈၀ | ၇. ၅၀၀ | | | ၂ | ၂ |
| ၇ | လပွတ္တာ | ပန်းရန်၊လက်သမား၊သံချည်သံကွေး | ၆၀ | ၅. ၈၆၀ | | ၁ | | ၁ |
| | | ပန်းရန်၊လက်သမား၊သံချည်သံကွေး | ၆၀ | ၅. ၈၆၀ | | | ၁ | ၁ |
| | | သဘာဝဓာတ်မြေဩဇာ | ၅၀ | ၀. ၂၈၀ | ၁ | | | ၁ |
| | ပေါင်း | | ၁၇၀ | ၁၂. ၀၀၀ | ၁ | ၁ | ၁ | ၃ |
| ၈ | မော်ကျွန်း | ပန်းရန်၊လက်သမား၊သံချည်သံကွေး | ၆၀ | ၅. ၈၆၀ | | ၁ | | ၁ |
| | | ပန်းရန်၊လက်သမား၊သံချည်သံကွေး | ၆၀ | ၅. ၈၆၀ | | | ၁ | ၁ |
| | | သဘာဝဓာတ်မြေဩဇာ | ၆၀ | ၀. ၂၈၀ | | | ၁ | ၁ |
| | ပေါင်း | | ၁၈၀ | ၁၂. ၀၀၀ | | ၁ | ၂ | ၃ |
| ၉ | မအူပင် | ပန်းရန်၊လက်သမား၊သံချည်သံကွေး | ၃၀ | ၃. ၀၀၀ | ၁ | | | ၁ |
| | | ပန်းရန်၊လက်သမား၊သံချည်သံကွေး | ၃၀ | ၃. ၀၀၀ | | | ၁ | ၁ |
| | | ပန်းရန်၊လက်သမား၊သံချည်သံကွေး | ၃၀ | ၃. ၀၀၀ | | | ၁ | ၁ |
| | ပေါင်း | | ၉၀ | ၉. ၀၀၀ | ၁ | | ၂ | ၃ |
| ၁၀ | ညောင်တုန်း | ပန်းရန်၊လက်သမား၊သံချည်သံကွေး | ၃၀ | ၆. ၀၀၀ | ၁ | | | ၁ |
| ၁၁ | ဓနုဖြူ | ပန်းရန်၊လက်သမား၊သံချည်သံကွေး | ၃၀ | ၃. ၀၀၀ | | | ၁ | ၁ |
| | | ပန်းရန်၊လက်သမား၊သံချည်သံကွေး | ၃၀ | ၃. ၀၀၀ | | | ၁ | ၁ |
| | ပေါင်း | | ၆၀ | ၆. ၀၀၀ | | | ၂ | ၂ |
| ၁၂ | ပန်းတနော် | ပန်းရန်၊လက်သမား၊သံချည်သံကွေး | ၆၀ | ၆. ၀၀၀ | ၁ | | | ၁ |
| ၁၃ | ဖျာပုံ | ပန်းရန်၊လက်သမား၊သံချည်သံကွေး | ၄၀ | ၆. ၀၀၀ | | | ၁ | ၁ |
| ၁၄ | ဘိုကလေး | ပန်းရန်၊လက်သမား၊သံချည်သံကွေး | ၄၀ | ၆. ၀၀၀ | | | ၁ | ၁ |
| ၁၅ | ကျိုက်လတ် | ပန်းရန်၊လက်သမား၊သံချည်သံကွေး | ၄၀ | ၆. ၀၀၀ | | | ၁ | ၁ |
| ၁၆ | ဒေးဒရဲ | ပန်းရန်၊လက်သမား၊သံချည်သံကွေး | ၂၅ | ၃. ၀၀၀ | | | ၁ | ၁ |
| | | ဆိုင်ကယ်ပြင်သင်တန်း | ၃၀ | ၃. ၀၀၀ | | | ၁ | ၁ |
| | ပေါင်း | | ၅၅ | ၆. ၀၀၀ | | | ၂ | ၂ |
| ၁၇ | ကန်ကြီးထောင့် | Mobile School | ၂၀ | ၁. ၅၀၀ | | | ၁ | ၁ |
| ၁၈ | ဇလွန် | စက်ချုပ်သင်တန်း | ၄၀ | ၇. ၀၀၀ | | ၁ | | ၁ |
| ၁၉ | လေးမျက်နှာ | စက်ချုပ်သင်တန်း | ၄၀ | ၆. ၅၀၀ | | | ၁ | ၁ |
| ၂၀ | အင်္ဂပူ | စက်ချုပ်သင်တန်း | ၄၀ | ၆. ၅၀၀ | | | ၁ | ၁ |
| ၂၁ | ကျုံပျော် | ဆိုင်ကယ်ပြင်သင်တန်း | ၂၀ | ၆. ၀၀၀ | | | ၁ | ၁ |
| စုစုပေါင်း | | | ၁၅၅၀ | ၁၄၉. ၀၀၀ | ၈ | ၃ | ၂၆ | ၃၇ |

*(ဆက်လက်ဖော်ပြပါမည်)*

## သာပေါင်းမြို့နယ် ရေဘေးသင့်ကျေးရွာများ ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်

**ပုသိမ် စက်တင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ရေကြီးနစ်မြုပ်ဒေသဖြစ်သော ငှက်ပျောတောကျေးရွာအုပ်စုဝင် ကန်လျားကုန်း၊ တံခွန်တိုင်၊ စာဖြူကုန်း၊ ရှမ်းချောင်းကျေးရွာများမှ ကျေးလက်ပြည်သူ ၄၅၀ ကျော်တို့၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စက်တင်ဘာ ၁၉ ရက် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ မိုးသောက်ကြယ် ပရဟိတလူငယ် ဆရာဝန်များအသင်းမှ ဒေါက်တာ ဇာနည်ဝင်း၊ ဒေါက်တာဖြိုးစည်သူ၊ ဒေါက်တာထူးမြတ်အောင်တို့ ဦးဆောင်သော ဆေးပညာရှင် ၁၀ ဦးတို့က တံခွန်တိုင်ကျေးရွာ ဆရာတော် ဘဒ္ဒန္တပညာဇောတ ကျောင်းတိုက်၌ အခမဲ့ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ဆေးဝါးလှူဒါန်းခြင်း၊ ကျန်းမာရေး အသိပညာပေး ဟောပြောခြင်း၊ ကလေးသူငယ်များ စိတ်အားတက်ကြွဖွယ်တေးကဗျာများ သီဆိုဖျော်ဖြေပေး၍ အာဟာရမုန့်ပဲများ ကျွေးမွေးလှူဒါန်းခဲ့ကြသည်။



အဆိုပါ မိုးသောက်ကြယ် ပရဟိတအဖွဲ့ဝင်များသည် ဒေသခံကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်စိုးငွေ၊ ကရုဏာမြန်မာလူမှုကူညီရေး အသင်းဝင် ဦးဗေဒါ (ခ)ဦးကျော်ဆွေ၊ ကရင်တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု ကော်မတီနာယက မန်းရွှေထိန်ဝင်းတို့နှင့်အတူ တစ်ရွာဝင်တစ်ရွာထွက် လိုက်လံစစ်ဆေးကုသခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ အစကထင်ခဲ့တာ ရွာသူ ရွာသားတွေ ရက်ပေါင်း ၃၀ ကျော် မိုးထဲ၊ ရေထဲမှာ မကျန်းမမာဝေဒနာရှင်တွေ များစွာတွေ့ရမယ်လို့ ထင်ထားခဲ့တယ်။ ဒါပေမယ့် ရပ်ထဲရွာထဲက ဆေးမီးတိုတွေနဲ့ လူပြောသူပြောများတဲ့ဆေးဝါးတွေ၊ အားဆေးတွေသုံးစွဲလို့ ဘေးထွက်ဆိုးကျိုးနဲ့ ဆီးချို၊ သွေးချိုတွေဖြစ်၊ ကိုယ်လက်ကိုက်ခဲမှုဝေဒနာတွေ ဖြစ်ပွားမှုတွေ သာများပြားပါတယ်။ ဒါကြောင့် ဝေဒနာတစ်ခုဖြစ်လာခဲ့ရင် တတ်ကျွမ်းတဲ့ဆရာဝန် ၊ ဆေးခန်းတွေပြသကြဖို့ ကျန်းမာရေးအသိပညာပေးဟောပြောခဲ့ရပါတယ်"ဟု ဒေါက်တာဇာနည်ဝင်း ကရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ပုသိမ်လှကြည်**

## ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**တမူး စက်တင်ဘာ ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေသည် စက်တင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက တမူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တမူးဒေသ ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် သက်ဆိုင်ရာခရိုင်/မြို့နယ် စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ ကော်သုံးကော်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံညှိနှိုင်းဆောင်ရွက်ခဲ့သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက တမူးခရိုင်အတွင်း ရေဘေးသင့်ခဲ့သည့် နေရာဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်မည့်အခြေအနေ၊ ရေဘေးသင့်အိမ်ထောင်စုများကို နိုင်ငံတော်အစိုးရက ငွေကြေးနှင့်ပစ္စည်းထောက်ပံ့မည့်အခြေအနေ၊ ပျက်စီးလယ်ယာမြေများကို ထောက်ပံ့ပေးမည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်အသေးစိတ်တို့ကို ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## တိုင်းဒေသကြီး/ပြည်နယ်အလိုက် မိုးရွာသွန်းမည့်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၀**

မနက်ဖြန်ညနေထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရွာနှုန်းပြည့်ဖြစ်သည်။

**(မိုး/ဇလ)**

# မြန်မာ-ထိုင်းပူးပေါင်း၍ မန္တလေးမြို့၌ သံဃာအပါး ၁၀၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူ

သတင်း-ညီညီထွန်းနှင့်အဖွဲ့
ဓာတ်ပုံ-ရွှေကိုကိုလေး



ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားသို့ ကြွရောက်မည့် သံဃာတော်များအား တွေ့ရစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၀**

"မြန်မာ-မြန်မာ" စေတနာကောင်းတဲ့မြန်မာ၊ "မြန်မာ-မြန်မာ" သန့်ရှင်းတဲ့မြန်မာ၊ "မြန်မာ-မြန်မာ" ချစ်စရာကောင်းတဲ့မြန်မာဟု ပြောဆိုနေကြသည့် နိဗ္ဗာန်ဆော်တို့၏ အသံများသည် မန္တလေးကျုံးဘေးပတ်လည်နှင့် သုဓမ္မာဇရပ်နေရာများ၌ ပဲ့တင်ထပ်လျက်ရှိသည်။

ဗုဒ္ဓဘာသာကိုသက်ဝင်ယုံကြည်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းအမျိုးမျိုးကို စေတနာသုံးတန်ဖြင့် လှူဒါန်းရန် စောင့်ဆိုင်းနေကြသည့် မြန်မာအလှူရှင်များနှင့် ထိုင်းနိုင်ငံမှ လာရောက်လှူဒါန်းကြသည့် အလှူရှင်များ ပျားပန်းခပ်မျှ စည်ကားနေသည်။

အဆိုပါအခမ်းအနားမှာ မြန်မာ-ထိုင်းပူးပေါင်း၍ သံဃာတော်အပါး ၁၀၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲဖြစ်ပြီး ယင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၁၂ လမ်းနှင့် ၆၆ လမ်းထောင့် မန္တလေးတောင်ခြေ၊ သုဓမ္မာဇရပ်များနှင့် ကျုံးအရှေ့မြောက်ထောင့်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနေခြင်းဖြစ်သည်။

ယင်းအခမ်းအနားသို့ ပုသိမ်ကြီးမြို့နယ် အတုလမဟာမြကျောက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တခေမာစာရ အမှူးပြုသော သံဃာတော်များနှင့်ထိုင်းနိုင်ငံ ဓမ္မကာယကျောင်းတိုက်လက်ထောက်ဆရာတော် ဖရာဘာဝနာဓမ္မဝိထက်နှင့် သံဃာတော်များ ကြွရောက်ချီးမြှင့်ကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးဝန်ကြီးနှင့် မြန်မာ-ထိုင်း နှစ်နိုင်ငံမှ ဗုဒ္ဓဘာသာဝင် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ဆရာတော်ကြီးများနှင့် သံဃာတော်များထံမှ ဉာဏ်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များအား အလှူရှင်များက ဆေးဝါးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြရာ ဆရာတော်ကြီးများကလည်း မြန်မာ-ထိုင်း နှစ်ဘာသာဖြင့် တရားတော်များ ချီးမြှင့်ရာ ဉာဏ်ပရိသတ်များက နာယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်များနှင့် သံဃာတော်များသည် ဆွမ်းဆန်စိမ်း အလှူခံရန်ကြွရောက်ကြရာ နှစ်နိုင်ငံ အလှူရှင်များက ဆန်၊ဆီ၊ ဆေးဝါး၊ ဝတ္ထုငွေနှင့် ရဟန်းအသုံးအဆောင်များကို လောင်းလှူကြသည်။

အဆိုပါ သံဃာတော်အပါး ၁၀၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ မြန်မာသံဃာတော်အပါး ၉၉၀၀၊ ထိုင်းသံဃာတော်အပါး ၁၀၀ တို့ ကြွရောက်အလှူခံတော်မူကြသည်။

ယင်းအခမ်းအနားကို ဗုဒ္ဓဘာသာ သာသနာတော်ကြီး ပို၍တည်တံ့ခိုင်မြဲပြန့်ပွားစေရေး၊ နှစ်နိုင်ငံရင်းနှီးချစ်ခင်မှု ပိုမိုတိုးပွားလာစေရေးနှင့် ဗုဒ္ဓဘာသာဓလေ့ထုံးစံများ မပျောက်ပျက်စေရေးတို့အတွက် မြန်မာနိုင်ငံ အတုလမဟာ မြကျောက်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရ အမှူးပြုသည့်သံဃာတော်များ၊ ဗုဒ္ဓဘာသာဝင်သူတော်စင်များနှင့် ထိုင်းနိုင်ငံ ဓမ္မကာယကျောင်းတိုက် ဆရာတော်ကြီး ဓမ္မချိုင်ယိုအမှူးပြုသည့် သံဃာတော်များနှင့် ဗုဒ္ဓဘာသာဝင်များပူးပေါင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနား မကျင်းပမီ ဆရာတော် သံဃာတော်အပါး ၁၀၀၀၀ ဆွမ်းဆန်စိမ်းအလှူတော်ခံရန်ကြွရောက်တော်မူသည့် မြင်ကွင်းကို ကြည့်ရှုပြီး "ယနေ့ ကမ္ဘာမှာ ဗုဒ္ဓဘာသာဟာ အလွန်ပြန့်ပွား စည်ပင်ထွန်းကားနေပြီဖြစ်တယ်။ အနောက်တိုင်းက တော်တော်များများလည်း လက်ခံလာတာကိုတွေ့ရတယ်။ အခုနောက် ပိုင်းမှာဆိုရင် တရားဟော၊ တရားပြဆရာတော် သံဃာတော်များကလည်း တော်တော်များလာတယ်။ ဒါဟာ သာသနာတော်ထွန်းလင်းတောက်ပလာတာပါပဲ"ဟု အခမ်းအနားသို့ ကြွရောက်တော်မူသည့် ဆရာတော်တစ်ပါးက မိန့်ကြားသည်။



မြန်မာ-ထိုင်းပူးပေါင်း၍ သံဃာတော်အပါး ၁၀၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို တွေ့ရစဉ်။

---

◆ *ကျောဖုံးမှ*

ဝင်ရောက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အဆိုပါ ၁၈ နိုင်ငံမှ အုပ်ချုပ်သူနည်းပြ ၄၁ ဦးနှင့် ကစားသမား ၁၁၃ ဦး ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

"ဒီကိုရီးယားရိုးရာအားကစားဖြစ်တဲ့ ရှီယွမ်ပြိုင်ပွဲ စတင်ကျင်းပဖြစ်တာကတော့ ကိုရီးယားအားကစားအဖွဲ့ချုပ်က မြန်မာနိုင်ငံအားကစားဝန်ကြီးဌာနကို သူတို့ရိုးရာအားကစားပွဲလေး ကျင်းပပေးဖို့ ကမ်းလှမ်းပါတယ်။ ကမ္ဘာ့ရှီယွမ်အဖွဲ့ချုပ်က ရောပါ။ သူတို့ရဲ့ကမ်းလှမ်းမှုကို ဒီအားကစားဝန်ကြီးဌာနက လက်ခံခဲ့ပြီး MoU ထိုးခဲ့လို့ အခုလို ကျင်းပဖြစ်တာပါ။ ကျွန်တော်တို့ မြန်မာရှီယွမ်အဖွဲ့ချုပ်ကိုတော့ ပြီးခဲ့တဲ့ဧပြီလက စတင်ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ အားကစားသမား ၃၀ လောက် ရွေးချယ်ပြီး လေ့ကျင့်ခဲ့တယ်။ အဲဒီထဲကမှ အခုပြိုင်ပွဲဝင်မယ့် အမျိုးသမီးခုနစ်ဦးနဲ့ အမျိုးသားခုနစ်ဦးကို ပြိုင်ပွဲဝင်ဖို့ ရွေးချယ်ခဲ့တာပါ။ လေ့ကျင့်ချိန်တို တောင်းပေမယ့်လည်း ဒီအားကစားနည်းက ရခိုင်ရိုးရာကျင်အားကစားနည်းနဲ့ တူညီတာမို့ ရလဒ်အကောင်း ဆုံးဖြစ်မယ်လို့တော့ မျှော်လင့်ထားပါတယ်"ဟု မြန်မာနိုင်ငံရှီယွမ်အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင်အောင်က ပြောကြားသည်။

ယနေ့စတင်ကျင်းပသည့် ကိုရီးယားရိုးရာ ရှီယွမ်ပြိုင်ပွဲသည် အရှေ့တောင်အာရှနိုင်ငံများတွင် မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးစတင်လက်ခံကျင်းပခြင်းဖြစ်ကာ ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံများမှာ ဂျော်ဂျီယာ၊ ဖင်လန်၊ အက်စတိုးနီးယား၊ နယ်သာလန်၊ ဂါနာ၊ မွန်ဂိုလီးယား၊ ဥဇဘက်ကစ္စတန်၊ ကမ္ဘောဒီးယား၊ မြန်မာ၊ ကိုရီးယား၊ အိန္ဒိယ၊ လာအို၊ ဂျပန်၊ ဗီယက်နမ်၊ မလေးရှား၊ တရုတ်၊ အီရန်နှင့် ယူကရိန်းတို့ ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကြီးကို စက်တင်ဘာ ၂၀ ရက်မှ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဖွင့်ပွဲတွင် မြန်မာနိုင်ငံ အမျိုးသားအားကစား ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ကိုရီးယားသံအမတ်နှင့် ကမ္ဘာ့ရှီယွမ် ချန်ပီယံရှစ်ပြိုင်ပွဲ ကျင်းပရေး ဒုတိယဥက္ကဋ္ဌ Mr. LEEHAN SUNG၊ ကမ္ဘာ့ရှီယွမ်အဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. YOON MYUNG- SIK နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ ဖွင့်ပွဲတွင် မြန်မာ့ရိုးရာခြင်းလုံးအားကစားသရုပ်ပြသခြင်း၊ ရခိုင်ရိုးရာကျင်အားကစားနည်း သရုပ်ပြသခြင်းနှင့် ကိုရီးယားရှီယွမ်အားကစားနည်း သရုပ်ပြသခြင်းတို့ ပါဝင်ပြသခဲ့သည်။ **(မြန်မာ့အလင်း)**

# ဒေါ်လာ သန်း ၃၃၀ ကုန်ကျမည့် သီလဝါအထူးစီးပွားရေးဇုန် တိုးချဲ့ရေးစီမံကိန်း

သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ စက်မှုဥယျာဉ်မြို့တော်သည် မြန်မာနှင့်ဂျပန်တို့ အကောင်အထည်ဖော် ဆောင်ရွက်နေသော စီးပွားရေးလုပ်ငန်းကြီးတစ်ရပ်ဖြစ်ပြီး အဆိုပါစီမံကိန်းတွင်ပါဝင်သည့် ပြည်သူပိုင်နှင့် ပုဂ္ဂလိကပိုင်ကုမ္ပဏီများမှာ ယခုအခါ ယင်းစက်မှုဥယျာဉ်မြို့တော်၏ အရွယ်အစားကို သုံးဆတိုးချဲ့ရန် သဘောတူညီမှုရရှိခဲ့ပြီးဖြစ်ကြောင်း နစ်ခဲအိအေးရှန်း ရီဗျူးတွင် ရေးသားဖော်ပြထားသည်။

ယင်းစက်မှုဥယျာဉ်မြို့တော်ရှိ မြေဧရိယာဟက်တာ ၄၀၀ ထဲမှ ၇၀ ရာခိုင်နှုန်းကို လုပ်ငန်းရှင်များအား ခွဲဝေပေးလိုက်ပြီးဖြစ်သည်။ အဆိုပါလုပ်ငန်းရှင်များအနေဖြင့် တိုးချဲ့ရေးစီမံကိန်းအရ မူလစက်မှုဇုန်အနီးတွင် နောက်ထပ်ဟက်တာ ၇၀၀ ကို စတင်ဖော်ထုတ်နေကြပြီဖြစ်သည်။ မြေယာတိုးချဲ့ဖော်ထုတ်မှု၏ ကုန်ကျစရိတ်မှာ ဒေါ်လာသန်း ၃၃၀ ကုန်ကျဖွယ်ရှိသည်ဟုဆိုသည်။ ယင်းမြေယာတိုးချဲ့ဖော်ထုတ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတစ်ရပ်ကို ဂျပန်ကုမ္ပဏီ သုံးခု၊ မြန်မာကုမ္ပဏီကိုးခု၊ မြန်မာအစိုးရနှင့် ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(ဂျိုင်ကာ)တို့က စက်တင်ဘာလကုန်တွင် လက်မှတ်ရေးထိုးကြမည်ဖြစ်သည်။

ရန်ကုန်မြို့တောင်ဘက် ကီလိုမီတာ ၂၀ ကွာဝေးသည့် သီလဝါစက်မှုဥယျာဉ်မြို့တော် ဖော်ထုတ်မှုမှာ ၂၀၁၆ ခုနှစ် နွေရာသီတွင် ပြီးမြောက်မည်ဟု ရည်မှန်းထားကြောင်းနှင့် ယင်းစက်မှုဥယျာဉ်မြို့တော်တွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံ ၁၀ နိုင်ငံကျော်မှ ကုမ္ပဏီများ လုပ်ငန်းလည်ပတ်ကြမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ်မှစ၍ အသွင်ကူးပြောင်းရေးနှင့်အတူ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်ပရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်ခဲ့ရာ ပြည်ပရင်းနှီးမြှုပ်နှံမှုများစွာ ဝင်ရောက်လာခဲ့ကြောင်း၊ ယင်းတို့အနက် သီလဝါစက်မှုမြို့တော်သည် ပြည်ပရင်းနှီးမြှုပ်နှံမှုများထဲက တစ်ခုအပါအဝင်ဖြစ်ကြောင်း ဆိုသည်။

**ကျော်သဲအိမ်**






## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ကြိုဆိုသောအားဖြင့် စုပေါင်းသန့်ရှင်း

**ပဲခူး**

ပဲခူးမြို့ ရွှေမော်ဓောဘုရားရင်ပြင်တော်ပေါ်တွင် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့်(၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူးရဲမှူးကြီးဝင်းစိန်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး လှဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်းတို့ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်မိသားစု ၃၀၀ တို့သည် စက်တင်ဘာ ၂၀ ရက် နံနက် ၇ နာရီက စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြောင်း သိရသည်။ **သန့်စင်(ပဲခူး)**

---

**ဖြူး**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးသန်းနှင့် ဖြူးမြို့မစခန်းမှူး ဒုရဲမှူး စံလှဦးဆောင်သော အရာရှိနှင့် အခြားအဆင့် ရဲတပ်ဖွဲ့ဝင် အင်အား ၄၅ ဦးတို့သည် စက်တင်ဘာ ၁၉ ရက် နံနက် ၇ နာရီမှ ၁၀ နာရီထိ (၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖြူးမြို့ကျက်သရေဆောင် သာသနာ့ဗိမာန်ဝင်းအတွင်းရှိ အမှိုက်ပေါင်းမြက်များရှင်းလင်းခြင်းနှင့် ရေမြောင်းများတူးဖော်ရှင်းလင်းခြင်း လုပ်အားဒါနပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

နောက်ဆုံးရသတင်း

# တောင်ငူမြို့၌ အမေ့အိမ်ဟိုတယ် ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်

**တောင်ငူ စက်တင်ဘာ ၂၀**

တောင်ငူမြို့ ရန်ကုန်-မန္တလေး ပုံမှန်လမ်း မင်းကြီးညို (၂၂) ရပ်ကွက် အမေ့အိမ်ဟိုတယ်တွင် စက်တင်ဘာ ၂၀ ရက် ည ၉ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ အမေ့အိမ်ဟိုတယ်အတွင်းရှိ နှစ်ထပ်ဆောင်အပေါ်ထပ်တွင် ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားခဲ့ရာ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မီးသတ်ယာဉ်များ၊ မဟာမေတ္တာဖောင်ဒေးရှင်းမှ ရေသယ်ယာဉ်နှစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၁၀ နာရီခန့်တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် ဟိုတယ်အပေါ်ထပ် အခန်းတစ်ခန်း မီးလောင်ဆုံးရှုံးခဲ့ကာ လူများထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်း ကနဦးသတင်းအရ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- သူရ(တောင်ငူ)**



## ရွှေ့လျားကျန်းမာရေးစစ်ဆေး၊ အခမဲ့ဆေးကုသမှုလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

**မောက်မယ် စက်တင်ဘာ ၂၀**

ကျေးရွာနေတိုင်းရင်းသားပြည်သူများ ရောဂါဘယကင်းဝေးပြီး ကျန်းမာစေရေးရည်ရွယ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရေး အရှိန်အဟုန်မြှင့်တင်ပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြမြသန်းက ဦးဆောင်၍ မြို့နယ်လူမှုရေးအသင်းအဖွဲ့များနှင့် ကျန်းမာရေးစေတနာ့ဝန်ထမ်းများပူးပေါင်းပြီး စက်တင်ဘာ ၁၉ ရက်က မောက်မယ်မြို့နယ် စဥ့်ဆိုင်ကျေးရွာအုပ်စု နားသဲကျေးရွာရှိ တိုင်းရင်းသားပြည်သူ ၁၀၀ ကျော်ကို ကွင်းဆင်းပြီး ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အခမဲ့ဆေးကုသခြင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



## သာယာဝတီမြို့တွင် မြစိမ်းရောင်ဖွဲ့စည်းခြင်း သင်တန်းပို့ချ

**ပဲခူး စက်တင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့ မြို့နယ်ကျေးလက်ဦးစီးဌာန ဦးစီးမှူး(လက်ထောက်ညွှန်ကြားရေးမှူး)ဦးသန့်ဇင်သည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာလ ဒုတိယပတ်က ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းတွင်ပါဝင်သည့် မြစ်ကျိုးကျေးရွာသို့ သွားရောက်ပြီး မြစိမ်းရောင်ကျေးရွာကော်မတီဖွဲ့စည်းပေးခြင်းအား ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၁၁ ရက်ကလည်း သာယာဝတီမြို့နယ် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းတွင်ပါဝင်သည့် ကျေးရွာများမှကော်မတီများအား ငွေစာရင်းထိန်းသိမ်းနည်း (ဆင့်ပွား) သင်တန်းဖွင့်လှစ်ရာ မြို့နယ်ဦးစီးမှူးက တက်ရောက်သင်ကြားပို့ချပေးကြောင်း သိရသည်။ **(၀၉၈)**

# ယူ-၁၉ ခြေစမ်းပွဲ မြန်မာနှင့် ထိုင်းအသင်းတို့ သရေကျ

သတင်း - ညီမြတ်သော်တာ
ဓာတ်ပုံ - ဖိုးသော်ဇင်

**ရန်ကုန် စက်တင်ဘာ ၂၀**

အာရှခြေစစ်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာယူ-၁၉ အသင်းနှင့် ထိုင်းယူ-၁၉ အသင်းတို့၏ ခြေစမ်းပွဲကို ယနေ့ညနေပိုင်းတွင် သုဝဏ္ဏကွင်း၌ကျင်းပရာ ဂိုးမရှိ သရေကျခဲ့သည်။

**မြန်မာယူ-၁၉ - ဂိုးမရှိ**
**ထိုင်းယူ-၁၉ - ဂိုးမရှိ**



မြန်မာယူ-၁၉ အသင်း၏ အာရှခြေစစ်ပွဲမတိုင်မီ တစ်ပွဲတည်းသော ခြေစမ်းပွဲဖြစ်သည့် ထိုင်းယူ-၁၉ အသင်းနှင့် ခြေစမ်းပွဲမှာ အရှုံးအနိုင်မပေါ်ဘဲ သရေရလဒ်ဖြင့်သာ ပြီးဆုံးခဲ့သည်။ ထိုင်းယူ-၁၉ အသင်းမှာ အမာခံကစားသမား ၁၀ ဦးအထိ မပါဝင်နိုင်ခဲ့သော်လည်း ထိပ်တန်းအသင်း တစ်သင်းဖြစ်သောကြောင့် မြန်မာအသင်းအတွက် အတွေ့အကြုံကောင်းများရရှိခဲ့သည့် ခြေစမ်းပွဲလည်းဖြစ်သည်။ မြန်မာအသင်းမှာ ထိုင်းနှင့် သရေကျခဲ့သော်လည်း အကောင်းဆုံး အနေအထားရရှိရန် ရုန်းကန်နေရဆဲဖြစ်သည်။

မြန်မာအသင်းမှာဘုန်းသစ္စာမင်း (ဂိုး)၊ ကျော်သူထွန်း၊ ရဲရင့်အောင်၊ စျာနေရသူ၊ ဇင်ဖြိုးအောင်၊ ရွှေကို၊ သူရိန်စိုး၊ စိုးမိုးထွန်း၊ အောင်ဇင်ဖြိုး၊ စစ်မင်း၊ ကောင်းချစ်နိုင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းမှာ ပထမဆုံး နိုင်ငံတကာပွဲဖြစ်သောကြောင့် အမှားများနေခဲ့ပြီး ပထမပိုင်းတွင် အကောင်းဆုံးပုံစံမရခဲ့ပေ။ အထူးသဖြင့် ကွင်းလယ်နှင့်တိုက်စစ်ပိုင်း ချိတ်ဆက်ရာ၌ အားနည်းချက်များရှိနေခဲ့သည်။ ထိုင်းအသင်းမှာ ပထမပိုင်းတွင် ဂိုးရရှိသည့်အပိုင်း အခွင့်အရေးနှစ်ကြိမ် ရရှိခဲ့သော်လည်း မြန်မာဂိုးသမား ဘုန်းသစ္စာမင်း ကာကွယ်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ထိုင်းအသင်းက ကစားသမားအများအပြား ပြောင်းလဲခဲ့ပြီး မြန်မာအသင်းမှာခြေစွမ်း မပြနိုင်ခဲ့သည့် ကစားသမားအချို့ကိုသာ လဲလှယ်ခဲ့သည်။ ဒုတိယပိုင်းအစတွင် ထိုင်းအသင်းကသာ ပွဲကို ဆက်လက်စိုးမိုးနိုင်ခဲ့သည်။ မိနစ် ၇၀ နောက်ပိုင်းတွင် မြန်မာအသင်းကစားပုံ ပြန်ကောင်းလာပြီး ပွဲပြီးခါနီးတွင် တိုက်စစ်မှူး အောင်ဇင်ဖြိုး အပိုင်ကန်ခွင့်ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ သရေရလဒ်ဖြင့်သာ ပြီးဆုံးခဲ့သည်။

မြန်မာအသင်း ယှဉ်ပြိုင်မည့် အာရှယူ- ၁၉ ခြေစစ်ပွဲအုပ်စု (G) ကို စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၆ ရက်အထိ သုဝဏ္ဏကွင်း၌ကျင်းပမည်ဖြစ်ပြီး မြန်မာ၊ ဗီယက်နမ်၊ ဟောင်ကောင်၊ တီမောနှင့် ဘရူနိုင်းအသင်းတို့ ပါဝင်နေသည်။

# အိုလံပစ်အမျိုးသမီးခြေစစ်ပွဲ ဆက်လက်ယှဉ်ပြိုင်

**မန္တလေး စက်တင်ဘာ ၂၀**

၂၀၁၆ အိုလံပစ်ပြိုင်ပွဲ အမျိုးသမီးဘောလုံးအာရှဇုန် ဒုတိယအဆင့် ခြေစစ်ပွဲစတုတ္ထနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် မန္တလေးမြို့ရှိ မန္တလာသီရိ သီရိကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားသည်။

ပထမပွဲစဉ်တွင် ဗီယက်နမ်အသင်းက ဂျော်ဒန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဗီယက်နမ်အသင်းမှာ နှစ်ပွဲဆက်အနိုင်ရခဲ့၍ နောက်တစ်ဆင့်တက်ရန်မျှော်လင့်ချက်ရှိလာခဲ့ပြီး ဂျော်ဒန်အသင်း၏ ယခုခြေစစ်ပွဲ၏ ပထမဆုံးသွင်းဂိုးရခဲ့သော်လည်း လေးပွဲစလုံး ရှုံးနိမ့်ခဲ့သည်။ ဒုတိယပွဲစဉ်တွင် ထိုင်းနှင့်တရုတ် (တိုင်ပေ) အသင်းတို့ ဂိုးမရှိ သရေကျခဲ့သည်။ စတုတ္ထပွဲစဉ်များအပြီးတွင် တရုတ်(တိုင်ပေ) နှင့် ထိုင်းအသင်းတို့က ခုနစ်မှတ်စီရရှိထားပြီး ဂိုးကွာခြားချက်ဖြင့် ထိပ်ဆုံး၌ ဦးဆောင်နေသည်။ ဗီယက်နမ်အသင်းမှာ ခြောက်မှတ်ရရှိထားပြီး ထိုင်းနှင့် နောက်ဆုံးပွဲကစားရမည်ဖြစ်ကာ တရုတ် (တိုင်ပေ) အသင်းမှာ မြန်မာအသင်းနှင့်ကစားရမည်ဖြစ်သည်။ **ဖိုးသော်ဇင်**

# မြန်မာယူ -၁၆ အသင်း နောက်ဆုံးပွဲ၌ အနိုင်ရ

**ဟနွိုင်း စက်တင်ဘာ ၂၀**

အာရှယူ - ၁၆ ခြေစစ်ပွဲအုပ်စု (၆) နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းမှာ ဂူအမ်အသင်းကို ၁၀ ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းမှာ နှစ်ပွဲဆက်ရှုံးထား၍ ခြေစစ်ပွဲအောင်ရန် မျှော်လင့်ချက်မရှိတော့သော်လည်း နောက်ဆုံးပွဲတွင် ဂိုးပြတ်အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်းတွင် ခုနစ်ဂိုး၊ ဒုတိယပိုင်းတွင် သုံးဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ အခြားပွဲစဉ်တွင် ဩစတြေးလျအသင်းက အိမ်ရှင်ဗီယက်နမ်အသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိပြီး သုံးပွဲနိုင် ကိုးမှတ်ဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ ဗီယက်နမ်အသင်းမှာ အကောင်းဆုံးအုပ်စု ဒုတိယဖြင့် ခြေစစ်ပွဲအောင်ရန် မျှော်လင့်ချက်ရှိနေသည်။ မြန်မာအသင်းမှာ တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး သုံးမှတ်ရရှိခဲ့သော်လည်း ခြေစစ်ပွဲမအောင်မြင်ခဲ့ပေ။ **ဖိုးသော်ဇင်**

# နေပြည်တော်ကောင်စီနယ်မြေအတွင်း ကျွဲ၊ နွား ခွာနာ၊ လျှာနာ ရောဂါကာကွယ်မှု အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်

**လယ်ဝေး စက်တင်ဘာ ၂၀**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန နေပြည်တော်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ တိုင်းဦးစီးမှူး ဒေါက်တာအောင်ကျော်မိုးနှင့် တပ်ကုန်းမြို့နယ် (ရွှေမြို့) ခွာနာ၊ လျှာနာ သုတေသနဓာတ်ခွဲခန်းမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစိန်လွင်တို့ ဦးဆောင်သော သုတေသနပညာရှင်များစုပေါင်းအဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် အမှတ်(၆)ရပ်ကွက်၌ မြို့နယ်အတွင်းရှိ တောင်သူများပိုင် လယ်ယာလုပ်ငန်းခွင်သုံး ကျွဲ၊ နွားများကို ကာကွယ်ဆေးထိုးဆောင်ရွက်ခြင်း၊ ရောဂါစူးစမ်းရှာဖွေခြင်း (သွေးဖောက်စစ်) လုပ်ငန်းနှင့် သုတေသနလုပ်ငန်းဆောင်ရွက်ခြင်း၊ ကွင်းဆင်းပညာပေးဆောင်ရွက်ခြင်းတို့ကို ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် ဩဂုတ်လတတိယပတ်ကစတင်၍ နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်က စတင်၍ ဖြစ်ပွားခဲ့သော ကျွဲ၊ နွားခွာနာ၊ လျှာနာရောဂါသည် ပုဗ္ဗသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်များသို့ ကူးစက်ခဲ့သော်လည်း အချိန်နှင့်တစ်ပြေးညီ ကာကွယ်ကုသမှုများ ဆောင်ရွက်နိုင်ခဲ့သဖြင့် ရောဂါဖြစ်ပွားကောင်ရေနည်းခဲ့ပြီး ခွာနာ၊ လျှာနာ ရောဂါဖြစ်ပွားမှုရပ်တန့်ရန်နှင့် ဆက်လက်ဖြစ်ပွားမှုမရှိစေရန် တောင်သူများဘက်မှ တိရစ္ဆာန်သွားလာမှုနှင့် ရောင်းဝယ်မှုထိန်းချုပ်ခြင်းကို ပူးပေါင်းဆောင်ရွက်နိုင်မှသာ ကူးစက်ပြန့်ပွားမှုကို အမြန်ဆုံး ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း တိုင်းဦးစီးမှူးက ဒေသခံတောင်သူများအား အသိပညာပေးရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တိရစ္ဆာန်အမှတ်အသားတံဆိပ်များကို ကျွဲ၊ နွားများ၏ နားရွက်များတွင် တပ်ဆင်ခြင်းများ ပြုလုပ်ရာ ကာကွယ်ဆေးထိုးနှံပြီးသော တိရစ္ဆာန်များတွင် အမှတ်အသားတပ်ဆင်ခြင်းဖြင့် ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများကို ပိုမိုအဆင်ပြေလွယ်ကူစွာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ထိုသို့တပ်ဆင်ခြင်းကြောင့် တိရစ္ဆာန်များကို ကာကွယ်ဆေးထိုးနှံပြီး/မပြီး စစ်ဆေးနိုင်ခြင်း၊ တိရစ္ဆာန်များ ပျောက်ဆုံးခဲ့လျှင်လည်း ခြေရာခံရှာဖွေရာတွင် အထောက်အကူပြုနိုင်ခြင်း၊ တံဆိပ်နံပါတ်များအသုံးပြု၍ တိရစ္ဆာန်ကျန်းမာရေးမှတ်တမ်းများထားရှိခြင်းဖြင့် ရောဂါများလွယ်လင့်တကူ ကုသပျောက်ကင်းနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစိန်လွင်က ထပ်မံရှင်းလင်းပြောပြသည်။ ထို့နောက် ဒေသခံတောင်သူများက တိရစ္ဆာန်ကျန်းမာရေးနှင့် ဗဟုသုတအသိပညာဆိုင်ရာ မေးမြန်းချက်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြပြီး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

# မိုးရာသီဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**မိုင်းရှူး စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့နယ်တွင် မျိုးဆက်သစ်လူငယ် အားကစားသမားများ ထွက်ပေါ်လာစေရန်နှင့် လူငယ်လေးများ လမ်းမှားမရောက်စေရန်အတွက် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ဖလားမြို့နယ်/ကျေးရွာဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၅ ရက်မှ စတင်ကာ အသင်း ၁၀ သင်းဖြင့် မြို့နယ်အားကစားကွင်း၌ အုပ်စုပတ်လည် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ စက်တင်ဘာ ၁၅ ရက် ညနေ ၄ နာရီက ဗိုလ်လုပွဲကျင်းပရာ ရပ်ကွက်(၄) အသင်းကို ဝမ်ဟိုင်းအသင်းက လေးဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဆုကြေး ငွေကျပ် သုံးသိန်းနှင့် ဆုဖလားကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က ပေးအပ်ချီးမြှင့်ခဲ့သည်။

**ဝင်းမင်းသန်း (ပြန်/ဆက်)**

# ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ညပိုင်းကန့်သတ်ချိန်အတွင်း တာဝန်မှအပ မည်သည့်ဆိုင်ကယ်မှ ဝင်ရောက်ခွင့်မပြု

**ရန်ကုန် စက်တင်ဘာ ၂၀**

ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းဝင်းအတွင်း သတ်မှတ်ချိန် ည ၁၁ နာရီမှ နံနက် ၅ နာရီအတွင်း တာဝန်မှအပ မည်သည့်ဆိုင်ကယ်မှ ဝင်ရောက်ခွင့်မပြုဆိုသော အသိပေးစာတန်းကို ဘုရင့်နောင်ပွဲရုံဝင်း ကံ့ကော်လမ်းမယာဉ်ဝင်ထွက်ပေါက်လမ်းဘေး၌ စက်တင်ဘာ ၁၇ ရက်က မြင်တွေ့ရသည်ဟု ဘုရင့်နောင်ပွဲရုံဝင်းသို့ လာရောက်အလုပ်လုပ်ကိုင်သူများက ဆိုသည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းတွင် ပွဲရုံဝင်း ဝင်-ထွက်ပေါက်များတွင် မော်တော်ဆိုင်ကယ်မစီးရ၊ ဟွန်းမတီးရ၊ ငါးမိုင်ထက် မပိုရဆိုသော တားမြစ်အသိပေးစာတန်းများ ချိတ်ဆွဲထားသော်လည်း လိုက်နာမှုအားနည်းခဲ့သည်။ ယခုနှစ် ဩဂုတ် ၂ ရက် ညနေ ၄ နာရီခန့်က ပွဲရုံဝင်းအတွင်း ကံ့ကော်လမ်းမနှင့် ခရေလမ်းထောင့်တွင် လမ်းလျှောက်နေသော အမျိုးသားတစ်ဦးထံ အငှားယာဉ်တစ်စီး၊ မော်တော်ဆိုင်ကယ် ငါးစီးဖြင့် ရောက်ရှိလာသော လူ ၁၁ ဦးပါအဖွဲ့က ခြိမ်းခြောက်ငွေတောင်းယူမှုဖြစ်ပွားခဲ့သည်။ အဆိုပါဖြစ်စဉ်ကို ဘုရင့်နောင်နယ်မြေရဲစခန်းက အရေးယူဆောင်ရွက်နိုင်ခဲ့ရာ ကျူးလွန်သူ ၁၁ ဦးကို ဖမ်းဆီးရမိပြီး တရားရုံးသို့ တရားစွဲဆိုတင်ပို့လိုက်သည်ဟု သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း မော်တော်ဆိုင်ကယ် စီးနင်းခွင့်တားမြစ်ထားပြီး နေ့စဉ် အရေးယူမှု ရှိသော်လည်း ဘုရင့်နောင်လမ်းမကြီးပေါ်၌ စီးနင်းမှုများရှိနေသည်။ လှိုင်မြို့နယ် ပိတောက်ချောင်းရှိ ယာဉ်ထိန်းရုံးဝင်းအတွင်း ဖမ်းဆီးထိန်းသိမ်းထားသော မော်တော်ဆိုင်ကယ် အများအပြားမြင်တွေ့ရသည်ဟု ယင်းလမ်းကြောင်းတွင် သွားလာနေသော တက္ကစီယာဉ်မောင်းတစ်ဦးက ပြောသည်။

ယခင်နှစ် ဇူလိုင်လဆန်း ဘုရင့်နောင်ပွဲရုံဝင်း ရိုးကြီးချောင်းဝင်ပေါက်ဝ ဘုရင့်နောင်လမ်းမကြီးဘေးတွင် ယာဉ်ကြောပိတ်ဆို့ချိန် မော်တော်ဆိုင်ကယ်ရှစ်စီးကို ညနေ ၅ နာရီခန့်တွင် သက်ဆိုင်ရာကဖမ်းဆီး၍ မော်တော်ယာဉ်ပေါ်တင်ဆောင်သယ်ယူသွားခဲ့သည်ဟု ယင်းနေရာအနီးရှိ ဈေးရောင်းသူတစ်ဦးက ပြောသည်။

မော်တော်ဆိုင်ကယ်စီးပြီး ပြစ်မှုကျူးလွန်နေမှုများပြားလာရာ ငွေကြေးသယ်ဆောင်သွားလာမှုများသော ဘုရင့်နောင်ပွဲရုံ နယ်မြေဝင်းအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသွားလာမှုကို တားမြစ်သင့်သည်။ တရားဝင်စီးနင်းခွင့်ရှိသကဲ့သို့ ဖြစ်နေသည်။ ညပိုင်းကန့်သတ်ချိန်သာမက ပွဲရုံဝင်းအတွင်း သွားလာလုပ်ကိုင်သူများ လုံခြုံမှုရှိရေးအတွက် နေ့ပိုင်းတွင်ပါ ထိန်းချုပ်တားမြစ်သင့်သည်ဟု ဘဏ်များသို့ နေ့စဉ်ငွေသွင်းငွေထုတ်သွားရောက် လုပ်ကိုင်နေရသော စက်ဘီးစီးပွဲရုံငွေကိုင်တစ်ဦးဖြစ်သူ ကိုစိန်ဝင်းက ပြောသည်။

**ခင်ဆိုင်**




# Mobile Library ကွင်းဆင်းဆောင်ရွက်

**ကျောက်ဖြူ စက်တင်ဘာ ၂၀**

ယနေ့လူငယ် နောင်ဝယ်လူကြီး ဆိုသည်နှင့်အညီ လူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံ့ခေါင်းဆောင်များဖြစ်လာစေရေး မျိုးဆက်သစ်ကလေးများ အသိပညာဖွံ့ဖြိုးတိုးတက်ကာ စာပေ၏တန်ဖိုးကို သိသာစေရေး လူငယ်များ လမ်းမှားမရောက်ဘဲ အကောင်းအဆိုး ခွဲခြားတတ်စေရေးကို ရည်ရွယ်၍ ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်ယုယုနွယ်နှင့် ဝန်ထမ်းများသည် ကျောက်ဖြူမြို့မှ ၃၆ မိုင်ကွာဝေးသော စနဲမင်းပြင်အုပ်စု ချင်းမင်းပြင်ရွာ၌ စက်တင်ဘာ ၁၅ ရက် နံနက်က ကလေးများအား စာဖတ်ပြိုင်ပွဲကျင်းပကာ ဖတ်ရှုသည့် စာအုပ်များမှ ရရှိသည့်ဗဟုသုတများကို ပြန်လည်ပြောပြစေခြင်းဖြင့် အများဆုံးပြောပြနိုင်သည့် ကလေးသုံးဦးကို ခရိုင်ဦးစီးအရာရှိက ဆုများချီးမြှင့်ကာ ကလေးများအား အာဟာရများ ကျွေးမွေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# တရားမဝင်ကျွန်းဖြင့်ပြုလုပ်ထားသည့် လှေ ၁၀ စင်းနှင့် ပျဉ်းကတိုးသစ်မာများ ပိုင်ရှင်မဲ့သိမ်းဆည်း

**ကသာ စက်တင်ဘာ ၂၀**

ကသာခရိုင်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများသည် စက်တင်ဘာ ၁၈ ရက်က တရားမဝင် ကျွန်းသစ်လှေများပြုလုပ်နေကြောင်း သတင်းအရ ထီးချိုင့်မြို့နယ် မဲဟင်းကျေးရွာ ရွာဦးကမ်းပါးဘေး ခန့်မှန်းမြေပုံညွှန်း KG-၂၀၅၄၄၅ တွင်တစ်စင်းလျှင် ၀ ဒသမ ၁၂၄၄ တန်ရှိ ကျွန်းသစ်လှေ ၁၀ စင်း စုစုပေါင်း ၁ ဒသမ ၂၄၄ တန်ကာလတန်ဖိုးငွေကျပ် ၃၁၀၀၀၀ ခန့်နှင့် ထီးချိုင့်မြို့နယ်မဲဟင်းကျေးရွာ ရွာလယ်လမ်းဘေး၌ ပျဉ်းကတိုးသစ်မာလေးလုံး ၀ ဒသမ ၇၂၄ တန် ကာလတန်ဖိုးငွေကျပ် ၅၆၀၀၀ တို့ကို ပိုင်ရှင်မဲ့ တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ပိုင်ရှင်မဲ့တွေ့ရှိသိမ်းဆည်းရမိခဲ့သည့် ပျဉ်းကတိုးသစ်မာလေးလုံးကို ထီးချိုင့်မြို့နယ် မဲဟင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးမင်းဗိုလ်ထံတွင် ခေတ္တအပ်နှံထားပြီး ကျွန်းသစ်လှေ ၁၀စင်းကို ထီးချိုင့်မြို့ မြတောင်သစ်တောကင်းရုံး၌ ထိန်းသိမ်းထားကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# တာမွေ၌ ကားမော်တာရှော့ဖြစ်၍ အင်ဂျင်မီးလောင်

**ရန်ကုန် စက်တင်ဘာ ၂၀**

တာမွေမြို့နယ် ၁၅၂ လမ်းနှင့် ဗဟိုလမ်းထောင့်၌ လိုက်အေ့စ် အဖြူရောင်တစ်စီး စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီ ၁၈ မိနစ်က မော်တာရှော့ဖြစ်၍ ကားအင်ဂျင် မီးလောင်မှုဖြစ်ပွားသည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း အောင်ကျော်စိုး (၂၇ နှစ်) မောင်းနှင်လာသော လိုက်အေ့စ်အဖြူရောင်သည် ဓာတ်ငွေ့အိုးအရွယ်မျိုးစုံ ၁၆ လုံးတင်ဆောင်၍ တာမွေမြို့နယ် ၁၅၂ လမ်းထိပ်၌ မော်တာရှော့ဖြစ်၍ အင်ဂျင်သို့ကူးစက်ပြီး မီးစတင်လောင်ကျွမ်းရာ ၁၅၂ လမ်းနှင့် ဗဟိုလမ်းထောင့်အရောက် ကားရပ်တန့်သွားသည်။ အဆိုပါမီးလောင်မှုကြောင့် ကားကူရှင်၊ ဒက်ဘုတ်နှင့် အင်ဂျင်များ ပျက်စီးသွားသည်။



အဆိုပါမီးလောင်ရာသို့ တာမွေ မီးသတ်ဦးစီးဌာန၊ မြို့နယ်ရဲစခန်းနှင့် တာဝန်ရှိသူများရောက်ရှိလာပြီး မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် မီးငြိမ်း သွားကြောင်း သိရသည်။ ဓာတ်ငွေ့အိုးများကို ဘေးလွတ်ရာသို့ ပို့ထားပြီး ယာဉ်မောင်းကို တာမွေ ရဲစခန်းက အမှုဖွင့်အရေးယူ ထားကြောင်း သိရ သည်။

**လှလှ**

# လင်မယားချင်းရန်ဖြစ်ရာမှ ခင်ပွန်းဖြစ်သူသေဆုံး

**တောင်သာ စက်တင်ဘာ ၂၀**

တောင်သာမြို့နယ် နဘဲကန်ကျေးရွာ၌ စက်တင်ဘာ ၁၈ ရက် ညနေ၃နာရီခန့်က လင်မယားချင်း ရန်ဖြစ်ကြရာ ခင်ပွန်းဖြစ်သူ ဦးစောအောင် (၄၄) နှစ် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒေါ်ညိုရီ (၃၆) နှစ်သည်အိမ်၌ ရှိနေစဉ် ခင်ပွန်းဖြစ်သူကအရက်မူးလာပြီး စကားများကြရာ ဇနီးဖြစ်သူအား ကြိမ်းမောင်းပြောဆို၍ ဓားဖြင့်ရန်ပြုခဲ့ကြောင်း၊ ဇနီး ဖြစ်သူက သစ်သားချောင်းဖြင့် ပြန်လည်တုံ့ပြန်ခဲ့ပြီး အနီးရှိ သံတူရွင်းကို တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လုခဲ့ကြပြီး ဦးခေါင်းကို ရိုက်မိခဲ့ခြင်းဖြစ်ကြောင်း၊ ထို့နောက် ဒေါ်ညိုရီသည် ရာအိမ်မှူးထံ အကြောင်းကြားခဲ့ပြီး သွားရောက်ကြည့်ရှုခဲ့ရာ ဦးစောအောင်မှာ အိမ်ဝိုင်းအတွင်း၌ သေဆုံးနေသည်ကို တွေ့ရ၍ သက်ဆိုင်ရာသို့ သတင်းပို့ခဲ့ကြောင်း၊ တောင်သာမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး ကျော်လင်းထွန်းနှင့်အဖွဲ့က ပြစ်မှုကျူးလွန်သူအား နာရီပိုင်းအတွင်း ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါအမှုကို တောင်သာမြို့မရဲစခန်းမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လင်းလက်ကြယ်(တောင်သာ)**

# ချိန်းတွေ့သည့် စုံတွဲများထံမှ ခြိမ်းခြောက်ငွေတောင်းသူအား အမှုဖွင့်အရေးယူ

**ပခုက္ကူ စက်တင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နေ စုံတွဲတစ်တွဲသည် ပခုက္ကူမြို့ အမှတ် (၆) ရပ်ကွက် ဦးသီလတောင်အနီး လှည်းလမ်းဘေးရှိ သစ်ပင်အောက်၌ ထိုင်စကားပြောနေစဉ် အသက် ၃၀ ခန့် အမျိုးသားတစ်ဦး ဓားရှည်ကိုင်လျက်ရောက်လာပြီး ပိုက်ဆံတောင်းရာ မပါကြောင်း ပြောသည်ကို မကျေနပ်ဘဲ ခြိမ်းခြောက်ကြိမ်းမောင်းပြောဆို၍ တစ်ထောင်တန်တစ်ရွက်ကို ပေးပြီး ၎င်းတို့နှစ်ဦး ဆိုင်ကယ်ဖြင့် ထွက်ပြေးလာခဲ့ရသဖြင့် စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် မြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

အမှုမှ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေးအတွက် ပခုက္ကူမြို့မရဲစခန်းမှ နယ်ထိန်းတပ်ဖွဲ့ဝင်များသည် ပြစ်မှုကျူးလွန်သူ၏ ပုံသဏ္ဌာန်နှင့်ပတ်သက်၍ မေးမြန်းပြီး ယင်းနေရာသို့ သွားရောက်စုံစမ်းခဲ့ရာ ပြစ်မှုကျူးလွန်သူသည် ပခုက္ကူမြို့ အမှတ်(၁၅) ရပ်ကွက်နေ ကုန်တင်ကုန်ချအလုပ်သမား သိန်းစိုး (၃၃ နှစ်) ဖြစ်ကြောင်းသိရပြီး ယင်းနေရာ၌ ချိန်းတွေ့သည့်စုံတွဲများထံမှ ထပ်မံလုယူရန် စောင့်ဆိုင်းနေစဉ် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**မောင်ညီညာ(မြေလတ်)**

# ယာဉ်ငယ်ထိုင်ခုံအောက်မှ သို့ဝှက်သယ်ဆောင်လာသော ကျောက်စိမ်းတုံးအရွယ်မျိုးစုံ သိမ်းဆည်းရမိ

**နောင်ချို စက်တင်ဘာ ၂၀**

နောင်ချိုမြို့ အေးရှားဝေါလ်တိုးဂိတ်အနီး၌ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးရဲတပ်ဖွဲ့ အကောက်ခွန်ဦးစီးဌာနများပါဝင်သောအဖွဲ့သည် ယာဉ်များအား စစ်ဆေးဆောင်ရွက်စဉ် စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီခွဲခန့်က မန္တလေးဘက်မှ လားရှိုးမြို့သို့ မောင်းနှင်လာသော ယာဉ်ငယ် 1D/---- အဖြူရောင်(အော်တက်စီ) ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်၏ထိုင်ခုံအောက်၌ သို့ဝှက်သယ်ဆောင်လာကာ ပီနံအိတ်နှစ်လုံးဖြင့် ထည့်ထားသော ကျောက်စိမ်းတုံးဟုယူဆရသည့် ကျောက်တုံးအရွယ်မျိုးစုံ အတုံး ၄၀ ကို သိမ်းဆည်းနေစဉ် ယာဉ်မောင်းမှ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။ အဆိုပါကျောက်စိမ်းတုံးဟု ယူဆရသော ကျောက်တုံးများကို ချိန်တွယ်စစ်ဆေးရာ အလေးချိန် ၆၅ ကီလိုခန့်ရှိကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**


## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းမှ သားငါးထုတ်လုပ်မှုနှင့် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် မြို့နယ်/ကျေးရွာမြို့ရွာများသို့ ထောက်ပံ့ရန် ရေသန့်စက် (၄၅)လုံး၊ ဆိုလာရေခဲသေတ္တာ(၆၀)စုံ၊ အပေါ့စားမီးသတ်စက်(၅၀)လုံး၊ စကိုင်းနက်(၉၀)စုံ၊ LG 32" TV(၉၀)လုံး ဝယ်ယူရန်ရှိပါသဖြင့် ၂၁-၉-၂၀၁၅ ရက်မှစတင်ပြီး တိုင်းဒေသကြီး ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးတွင် အောက်ပါအတိုင်းတင်သွင်းနိုင်ပါသည်-

(က) **လျှောက်လွှာတင်သွင်းရက်** - ၂၁-၉-၂၀၁၅ ရက်မှ ၃၀-၉-၂၀၁၅ ရက်အထိ

(ခ) **လျှောက်လွှာတင်သွင်းရမည့်နေရာ** - တိုင်းဒေသကြီးဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ မုံရွာမြို့

၂။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီးဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ မုံရွာမြို့ ဖုန်း-၀၇၁-၂၂၆၉၉ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါ၍ အိတ်ပိတ်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁။ | တစ်အိမ်သုံးဆိုလာ | ၁၀၀၀ | တစ်အိမ်သုံးစနစ် |

၂။ **တင်ဒါရောင်းချမည့်ရက်** - ၂၁-၉-၂၀၁၅ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၂-၁၀-၂၀၁၅ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာများတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**
**တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ မုံရွာမြို့၊**
**ဖုန်း-၀၇၁-၂၂၈၁၇၊ ၀၇၁-၂၄၃၁၀**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6H/7000 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/9510 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၃)၊ အကွက်အမှတ် (၅)၊ ကုလားတန်းရပ်၊ ဦးပိုင်အမှတ် (၈၀)၊ မြေယာအမှတ် (၂၁၉)၊ ဧရိယာ ၀ဒသမ၀၇၀ဧကရှိ ဌာနပိုင်မြေနေရာအား ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနပိုင်အမည်ဖြင့် မြေဂရန်မူရင်းပျောက်ဆုံးသွားပါ၍ ဂရန်မိတ္တူလျှောက်ထားမည်ဖြစ်ပါသဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန**
**ပြင်ဦးလွင်ရုံးခွဲ**

**ဖခင်အမည်မှန်** ရန်ကုန်မြို့၊ အထက(၃)တာမွေ၊ တက္ကသိုလ်ဝင်တန်း(E)မှ မမိုးမြတ်သင်္ဂီ၏ ဖခင်အမည်မှန်မှာ ဦးမြတ်ချိုဖြစ်ပါသည်။

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ နောင်ခမ်းကြီးကျေးရွာနေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဘာလာရမ်း ၉/မမန(နိုင်)၀၇၇၉၂၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်။







အထက်တွင် ကပ်နိုင်ဖော်ပြထားသော တံဆိပ်အမှတ်အသားမှာ 'Shyam' မလိုင်မုန့်လုပ်ငန်းတံဆိပ်အမှတ်အသားဖြစ်ပါသည်။ အဆိုပါတံဆိပ်အမှတ်အသားမှာ ယနေ့ထက်တိုင် မည်သူတစ်ဦးတစ်ယောက်ကမျှ ပြုလုပ်သုံးစွဲအသုံးပြုနေသည်ကို မတွေ့မမြင်မကြားရသေးပါ။ မိမိကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်အသုံးပြုထားသော တံဆိပ်အမှတ်အသားဖြစ်ပါသည်။ အဆိုပါတံဆိပ်အမှတ်အသားဖြင့် မလိုင်မုန့်မျိုးစုံကို မြန်မာတစ်ပြည်လုံး ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်၍ အဆိုပါတံဆိပ်အမှတ်အသားကို ပြင်ဦးလွင်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်သွင်းမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် အဆိုပါနေ့ရက်ကျော်လွန်ပါက မှတ်ပုံတင်ကိစ္စဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးအောင်သော်ဖြိုး | ဦးပိုအေး | ဒေါ်နှင်းဝတ်ရည်စိုး |
|---|---|---|
| LL.B | B.A(Law),LL.B | LL.B |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ် ၉၃၊ ရွှေမြင်တင်ဘုရားလမ်း၊ ၁၂ ညံကွဲရပ်၊ ပြင်ဦးလွင်မြို့**

# ကယားပြည်နယ်တွင် အားကစားနှင့်ကာယသိပ္ပံ (လွိုင်ကော်) ဖွင့်လှစ်မည်



**လွိုင်ကော် စက်တင်ဘာ ၂၀**

ကယားပြည်နယ်တွင် လာမည့် ၂၀၁၆ ခုနှစ် ဇွန်လဆန်းတွင် အားကစားနှင့်ကာယသိပ္ပံ(လွိုင်ကော်)ကို ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း ကယားပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေထံမှ သိရသည်။

ကယားပြည်နယ်အတွင်း အားကစားလောက ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် လက်ရွေးစင်အားကစားသမားကောင်းများ ပေါ်ပေါက်လာစေရန်အတွက် ရည်ရွယ်ပြီး တည်ဆောက်ရေး လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါသည်။

အားကစားနှင့် ကာယသိပ္ပံ (လွိုင်ကော်) လေ့ကျင့်သင်ကြားရေး အားကစားရုံအားလုံးကို တည်ဆောက်ပြီးစီးသွားပြီ ဖြစ်ကြောင်း၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများ စာသင်ကြားနိုင်ရန်အတွက် နှစ်ထပ်စာသင်ဆောင်၊ လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ၊ သင်တန်းသား အိပ်ဆောင်၊ စားရိပ်သာအဆောင်၊ အုပ်ချုပ်မှု အဆောက်အအုံတို့ကိုလည်း တည်ဆောက်လျက်ရှိကြောင်း၊ လာမည့်ဘတ်ဂျက်တွင် ကျန်ရှိတဲ့ လုပ်ငန်းနှင့် အဆောက်အအုံများကို ဆက်လက် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အားကစားနည်း ၁၀ မျိုးကို ထည့်သွင်းသွားမည်ဖြစ်ပြီး ၎င်းအားကစားနည်းများမှာ ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပြေးခုံပစ်၊ ဂျူဒို၊ ကရာတေးဒို၊ တိုက်ကွမ်ဒို၊ ပိုက်ကျော်ခြင်း၊ ရေကူး၊ လက်ဝှေ့ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၅၀ တို့ဖြင့် စတင်သွားမည်ဖြစ်ကာ အသက် ၁၃ နှစ်မှ ၁၄ နှစ် (အခြေခံပညာ ရှစ်တန်း )တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများမှာ အမျိုးသမီး အရပ် (၅ ပေ ၂ လက်မ)၊ အမျိုးသား(၅ ပေ ၄ လက်မ)ရှိသူများ လွိုင်ကော်သိပ္ပံကျောင်းကို တက်ရောက်နိုင်ကြောင်း သိရသည်။

အား/ကာသိပ္ပံ (လွိုင်ကော်) အဆောက်အအုံအားလုံး တန်ဖိုးမှာ ငွေကျပ် ၈၂၁ ဒသမ ၀၅၆ သန်းဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘတ်ဂျက်တွင် လိုအပ်သော အဆောက်အအုံကုန်ကျမှုစရိတ် လျာထားချက်မှာ ငွေကျပ်သန်း ၉၆၆ ဒသမ ၁၄၀ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြစိမ်းရောင်စီမံကိန်း စီမံခန့်ခွဲမှုသင်တန်းဖွင့်၊ ရန်ပုံငွေပေးအပ်

**ဖျာပုံ စက်တင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်စီမံကိန်း စီမံခန့်ခွဲမှုသင်တန်းနှင့် ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်း အစီအစဉ်ကို စက်တင်ဘာ ၁၇ ရက်က ဖျာပုံမြို့ရှိ ငါးလုပ်ငန်းသင်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးကြည်စောက အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ဇော်လင်းက မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ဆောင်ရမည့်လုပ်ငန်းများ၊ စီမံကိန်းအပေါ် စီမံခန့်ခွဲအကောင်အထည်ဖော်ခြင်း ပညာရပ်များကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

တစ်ရက်တာ ပြုလုပ်ခဲ့သည့် မြစိမ်းရောင်စီမံကိန်း သင်တန်းသို့ ဖျာပုံမြို့နယ်အတွင်းရှိ မြစိမ်းရောင်စီမံကိန်း ၂၄ ရွာမှ စီမံကိန်းကြီးကြပ်မှု ကော်မတီဝင် ၁၄၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းအပြီးတွင် တာဝန်ရှိသူများက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်ရရှိသော မြို့နယ်အတွင်းရှိ စီမံကိန်းကျေးရွာ ၁၆ ရွာသို့ တစ်ရွာလျှင် ငွေကျပ်သိန်းသုံးရာစီ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဆင့်မြင့်စက်ချုပ်သင်တန်းဆင်း

**နေပြည်တော် စက်တင်ဘာ ၂၀**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်သည့် အဆင့်မြင့်စက်ချုပ်သင်တန်း (၁/၂၀၁၅) သင်တန်းဆင်းပွဲကို စက်တင်ဘာတတိယပတ်က မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာ မေစိုးဦးက အမှာစကားပြောကြားပြီး အဆင့် မြင့် စက်ချုပ်သင်တန်းတွင် ဆုရရှိသူများကို နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ကျင်ခိုင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး စက်ချုပ်သင်တန်းတွင် သင်ကြားပေးသော ဆရာမများအား မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးစန်းက ဂုဏ်ပြုလက်ဆောင်များချီးမြှင့်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်က သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။

ထို့နောက် သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**



# အခြေခံကြက်တောင်အားကစားနည်းသင်တန်းဆင်း



**မန္တလေး စက်တင်ဘာ ၂၀**

မန္တလေးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များမှ မျိုးဆက်သစ် ကြက်တောင်အားကစားလူငယ်များ ပေါ်ထွန်းရေးအတွက် မန္တလေးတိုင်းဒေသကြီး ကြက်တောင်ဆပ်ကော်မတီက ကြီးမှူး၍ အခြေခံ ကြက်တောင်အားကစားနည်း သင်တန်းဆင်းပွဲကို မန္တလေးမြို့ ၂၈ လမ်းနှင့် ၆၈ လမ်းထောင့်ရှိ အမှတ် (၁၆) အခြေခံပညာကျောင်းခန်းမ၌ စက်တင်ဘာ ၁၈ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ကြက်တောင်အခြေခံ သင်တန်းဆင်းပွဲသို့ မန္တလေးတိုင်းဒေသကြီး ကြက်တောင်ဆပ်ကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်ဝင်း၊ အတွင်းရေးမှူး ဦးထွန်းနွယ်လင်း၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းမြင့်၊ ဦးမြင့်ဆွေ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီး ကြက်တောင်ဆပ်ကော်မတီဥက္ကဋ္ဌက သင်တန်းဆင်း အမှာစကား ပြောကြားပြီး သင်တန်းသား ကျောင်းသား ကျောင်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ သင်တန်းကို စက်တင်ဘာ ၁၄ ရက်မှ ၁၈ရက်အထိ ငါးရက်ကြာသင်ကြားခဲ့ပြီး သင်တန်းသို့ ကျောင်းသား ကျောင်းသူ ၉၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပညာပေးဟောပြော

**မော်လမြိုင် စက်တင်ဘာ ၂၀**

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပညာပေးဟောပြောပွဲကို မော်လမြိုင် ဘုတာကြီးဧည့်ခန်းမ၌ စက်တင်ဘာ ၁၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဒုတိယရဲမှူး အောင်ဝင်းက လူကုန်ကူးမှုဆိုင်ရာ သိကောင်းစရာများနှင့် တားဆီးကာကွယ်ရေးဥပဒေအကြောင်း ပြောကြားရာတွင် လူကုန်ကူးခြင်းကို နည်းသုံးနည်းဖြင့် စည်းရုံးဆွဲဆောင်မှုများ ပြုလုပ်နေကြောင်း၊ မြန်မာနိုင်ငံ၌ ဖြစ်ပွားလျက်ရှိသော လူကုန်ကူးမှု အမျိုးအစားများ၊ လူကုန်ကူးသူများ၏ လူစုဆောင်းသည့် နည်းလမ်းများ၊ သတိပြုရန် အချက်အလက်များ၊ သတိပြုရမည့်သူများ၊ လူကုန်ကူးမှုကျူးလွန်ပါက ကျခံရမည့် ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး ဒုတိယရဲမှူးက လူကုန်ကူးခံရလျှင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် အကူအညီတောင်းခံနိုင်သည့် ဖုန်းနံပါတ်များကို ပြောကြားသွားခဲ့သည်။

ယင်းအခမ်းအနားသို့ အမှတ်(၉) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု မော်လမြိုင် ဒုတပ်ဖွဲ့စုမှူး၊ ဒုတိယ ရဲမှူး အောင်ဝင်း၊ ဦးဇော်မင်းသက်(သွားလာရေး/ တိုင်း) မော်လမြိုင်၊ ရထားရဲတပ်ဖွဲ့ အမှတ်(၁၅) တပ်ခွဲဒုတိယရဲမှူး ငွေစိုး၊ ရထားရဲစခန်း မော်လမြိုင်စခန်းမှူး စိုးလွင်၊ World Vision Myanmar Project မန်နေဂျာ ဦးမင်းအောင်မြင့်နှင့် ဌာနဆိုင်ရာဝန်ထမ်းများတက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်ထွဋ်**

လူကုန်ကူးမှုတားဆီးရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေး

# ကျေးရွာချင်းဆက် ကတ္တရာလမ်း ကွင်းဆင်းကြည့်ရှု

**သံဖြူဇရပ် စက်တင်ဘာ ၂၀**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ဝဲရက်-ပငကျေးရွာချင်းဆက် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း အောင်အေ(၁) ကြယ်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေမှုအား စက်တင်ဘာဒုတိယအပတ်က မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးမျိုးကြည် ကွင်းဆင်းကြီးကြပ်ရာ မြို့နယ်ဦးစီးမှူး ဦးခင်စိုးက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# မကွေးမြို့စွန် မြသလွန်



ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းမှာ ထင်ရှားကျော်ကြားသည့် ရှေးဟောင်းစေတီပုထိုးများစွာတည်ရှိပြီး စေတီ၊ ပုထိုး၊ ကျောင်းကန်တို့၏ အထိမ်းအမှတ်ပွဲများကို အစဉ်အလာမပျက် မြန်မာ့ဓလေ့နှင့်အညီ ကျင်းပလေ့ရှိပါသည်။ မကွေးမြို့၌လည်း စေတီပုထိုးများစွာရှိကာ မြို့၏မြောက်ဘက်အစွန်ရှိ မြသလွန်စေတီတော်ကြီးမှာ နိုင်ငံအနှံ့ထင်ရှားလှသော စေတီတော်ကြီး ဖြစ်သည်။ မြသလွန်စေတီတော်သည် ဧရာဝတီမြစ်ကမ်းနဖူးတွင် ကြည်ညိုတင့်တယ်စွာ တည်ရှိနေပါသည်။

တစ်ချိန်ကမူလတန်း မြန်မာဖတ်စာမှ မောင်ရေခဲကဗျာတွင်ပါသော "ဘယ်သွားမှာလဲ မောင်ရေခဲ မကွေးမြို့စွန်မြသလွန်" စာသားအပိုင်းအစလေးကို ပြန်လည်သတိရမိပါသည်။ ဆရာ ဒဂုန်သျှင်သန်းမေက "ဧရာဝတီရေကြည်စ၊ စေတီလှ မြသလွန်၊ ငွေနဒီစ ဌာနမှန်မှာ၊ မာဃနတ်မွန်၊ သူညွှန်ကြား"ဟု ရှစ်ဆယ်ပေါ်တေးထပ်ဖြင့်လည်း ပူဇော်ခဲ့ဖူးသည်။ ယခုအခါ မြသလွန်စေတီတော်ကြီးသို့ ထေရဝါဒဗုဒ္ဓဘာသာဝင် သူတော်စင်၊ ရဟန်းရှင်လူများသာမက နိုင်ငံခြားသားခရီးသွားများပါမကျန် လာရောက်ဖူးမြော်ကြည်ညိုလေ့လာလျက်ရှိသည်။

မြသလွန်စေတီတော်ကြီးကို ပထမဦးစွာ တည်ထားကိုးကွယ်ပြီးနောက် ခေတ်အဆက်ဆက်၊ မင်းအဆက်ဆက် ထေရဝါဒဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့က ပြုပြင်မွမ်းမံလာခဲ့ကြပါသည်။ အစဉ်အလာမပျက်၊ ဒါယကာအရင်းမပျက်၊ မူရင်းအနေအထား မချို့ယွင်းစေဘဲ ရေရှည်တည်တံ့ခြင်းငှာ ဆောင်ရွက်ခဲ့ကြပါသည်။

မြသလွန်စေတီတော်မြတ်ကြီး၏ ရွှေသင်္ကန်းကပ်လှူပူဇော်မှုကို ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်ပြီးနောက် သာသနာတော်သက္ကရာဇ် ၂၃၉၉ ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၄ ရက်မှ အစပြု၍ ကျင်းပခဲ့ကြောင်း၊ စေတီတော်ကြီးကို ရွှေသင်္ကန်း၊ ရွှေဆိုင်းများ စဉ်ဆက်မပြတ်ကပ်လှူခဲ့ကြောင်း မြသလွန်ကျောက်စာတွင် တွေ့ရှိရသည်။

မျက်မှောက်ကာလတွင် ပထမအကြိမ်ရွှေသင်္ကန်းကို ၁၉၈၇ ခုနှစ်တွင်လည်းကောင်း၊ ဒုတိယအကြိမ်ကို ၁၉၉၅ ခုနှစ်တွင်လည်းကောင်း၊ တတိယအကြိမ်ကို ၂၀၀၃ ခုနှစ်တွင်လည်းကောင်း၊ စတုတ္ထအကြိမ်ကို ၂၀၀၉ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တွင်လည်းကောင်း ကပ်လှူပူဇော်ခဲ့ကြောင်း စေတီတော်ဂေါပကအဖွဲ့၏ မှတ်တမ်းများအရ သိရသည်။ စေတီတော်ကြီးကို ရွှေသင်္ကန်းကပ်လှူရာတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဘုရားဖူးစေတနာရှင် ပြည်သူများ၊ တိုင်းဒေသကြီးအတွင်းရှိ အလှူရှင်ပြည်သူများက ထည့်ဝင်လှူဒါန်းခဲ့ကြသည်။

မြသလွန် စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကိုမူ နှစ်စဉ် သီတင်းကျွတ်လဆန်း ၁၀ရက်နေ့တိုင်း ကျင်းပမြဲဖြစ်သည်။ ၂၀၁၅ခုနှစ် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို (၂၅၇၉)ကြိမ်မြောက်အဖြစ် ကျင်းပမည်ဖြစ်ပြီး ယခုနှစ်တွင် နှစ်စဉ်ကျင်းပသည့်ရက်ထက် တစ်ပတ်ခန့်စောပြီး သီတင်းကျွတ်လဆန်း ၄ ရက်(အောက်တိုဘာ ၁၇ ရက်)တွင် စတင်ကျင်းပမည်ဖြစ်သည်။ ပွဲတော်ကြီးတွင် ဖျော်ဖြေရေးအစီအစဉ်များ၊ မော်ကွန်းရုပ်ရှင်မှ ပြည်သူ့အကြိုက်သတင်းနှင့် ဇာတ်ကားများ၊ ဇာတ်သဘင်အဖွဲ့များ၏ ဖျော်ဖြေမှုများဖြင့် စည်ကားစွာကျင်းပနိုင်ရန် စီစဉ်ထားရှိကြောင်း သိရသည်။

မြသလွန်စေတီတော်သို့ ဘုရားဖူးလာကြမည့် ပြည်သူအပေါင်းအား မြေလတ်ဒေသ မကွေးတိုင်းဒေသကြီးအတွင်း ကွန်ရက်သဖွယ် ဆက်သွယ်ပေးထားသည့် လမ်းကြောင်းများက ကြိုဆိုလျက်ရှိရာ လွယ်ကူချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ကြပါသည်။ မကွေးမြို့ရောက်လျှင်ပင် မြတ်စွာဘုရား ကိန်းဝပ်နားနေခဲ့သည့် မင်းဘူးမြို့စက္ကိန်းတဲစေတီ၊ ပွင့်ဖြူမြို့ စန္ဒကူးနံ့သာကျောင်းတော်ရာစေတီ၊ ဘုရားရှင်၏ လက်ဝဲခြေတော်ရာနှစ်ဆူချထားပေးတော်မူခဲ့သည့် မန်းရွှေစက်တော်ရာ၊ မလွန်(အထက်မင်းလှ)မြသပိတ်နှင့် ဒေသန္တရဗဟုသုတအဖုံဖုံကို တွေ့မြင်ရမှာဖြစ်သည့်အတွက် ဘုရားလည်းဖူး ကုသိုလ်လည်းရမည့် မကွေးမြို့၏ စေတီမြတ်မွန်မြသလွန် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို အရောက်လှမ်းနိုင်ပါရန် မေတ္တာလက်ကမ်း ဖိတ်မန္တက ပြုအပ်ပါသည်။

**သန်းနိုင်ဦး(ငဖဲ)**

## စားသုံးဆီအတွက် ဆီထွက်သီးနှံအမယ်သစ်များ တိုးချဲ့စိုက်ပျိုးသင့်

သတင်းမှတ်စု-ဝင်းလှိုင်ဦး

မြန်မာလူမျိုးများ အဓိကစားသုံးသည့် မြေပဲဆီဈေးကွက်တွင် စားအုန်းဆီနှင့်ရောပြီးရောင်းနေသဖြင့် မြေပဲဆီစစ်စစ်ကြိတ်ခဲ့ရောင်းချသည့်လုပ်ငန်းများ ရပ်ဆိုင်းလုနီးပါးဖြစ်၊ နှမ်းဈေးကောင်းသဖြင့် နှမ်းဆီဈေးခေါင်ခိုက်စသည့်သတင်းများကို ကြားနေရသဖြင့် စိုက်ပျိုးရေးသမားအနေဖြင့် စိတ်ပူပန်မိလာသည်။

စိုက်ပျိုးရေးကိုအခြေခံသည့် မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံစိုက်ဧကများမှာ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် မြေပဲ ၂၂၅၉၆၀၀ ဧက၊ နှမ်း ၃၉၅၄၅၈၈ ဧက၊ နေကြာ ၁၄၈၃၄၁၃ ဧက စိုက်ပျိုးမည်ဖြစ်ပါသည်။ ယခင်နှစ်များကလည်း အလားတူ စိုက်ပျိုးခဲ့ပါသည်။ ထို့အပြင် အခြားဆီထွက်သီးနှံများဖြစ်သော မုန်ညင်းကို ၁၇၆၂၂၅ ဧက၊ ပန်းနှမ်းကို ၃၈၀၈၃၅ ဧကစိုက်ပျိုးထားပြီး စားဖိုချောင်သီးနှံဖြစ်သည့်အပြင် ဆီလည်းထုတ်နိုင်သော ပဲပုပ်ကိုလည်း ၃၈၀၈၇၆ ဧက စိုက်ပျိုးလျက်ရှိပါသည်။ စားအုန်းဆီစိုက်ခင်းများကလည်း တနင်္သာရီတိုင်းမှာ သိန်းချီရှိနေပါသည်။ လက်ရှိအချိန်တွင် အသီးခူး၍ ဆီကြိတ်ခဲ့နေပါပြီ။

ထိုသို့ဖြစ်လျှင် ဘာကြောင့် ဆီဈေးကြီးရပါသနည်း။ ဆီရှား၍ ဈေးကြီးသည်ဟု ဆိုရအောင် လမ်းဘေးဈေးဆိုင်မှသည် စားသောက်ဆိုင်ကြီးတွေအထိ ဟင်းများကို ကြည့်လိုက်ပါက ဆီများက အလျှံပယ်။ အိမ်ဆိုင်တွေမှာ၊ ကုန်တိုက်မှာ၊ ဈေးထဲမှာ ကြိုက်တဲ့အချိန် ကြိုက်သလို ဝယ်လို့ရနေသဖြင့် ဆီရှားပါးခြင်းမဟုတ်။ ရောင်းသည့်ဈေးအတိုင်း ကြိုက်သလောက်ဝယ်လို့ ရနေသည်။

သို့သော် ဈေးကတော့ ကြီးနေသည်ဟု ဆိုရပါမည်။ မြေပဲဆီ တစ်ပိဿာ ၇၀၀၀-၈၀၀၀ အထက်ဆိုတော့ သာမန်လူတန်းစားများအဖို့ မြေပဲဆီသန့်သန့်စားနိုင်ရန် ခက်ခဲပေလိမ့်မည်။ မြေပဲဆန်များ အထွက်လျော့ကျလာသည်လား။ အရည်အသွေးမမီလို့လားဟု ပြောရအောင်လည်း တရုတ်ဝယ်လက်ရှိနေသည်။ အိမ်နီးချင်းနိုင်ငံများကလည်း ဝယ်သည်။ ပြည်တွင်းသုံးရန် ဈေးကြီးမြင့်နေသည်။ နှမ်းကလည်း ဂျပန်၊ ကိုရီးယား၊ တရုတ်နိုင်ငံများသို့ အိတ်စပို့တင်ပို့နေရသည်။ စားအုန်းဆီက ဈေးချိုပြီး တစ်ပိဿာ ၁၅၀၀-၂၀၀၀ သာရှိသဖြင့် အခြေခံလူတန်းစားများက အလွယ်တကူ ဝယ်ယူသုံးစွဲနေကြသည်။

မြေပဲဆန်၊ နှမ်း၊ နေကြာထွက်ကုန်များ ဈေးကောင်းရသဖြင့် တောင်သူများ ဝင်ငွေပိုမိုရရှိလာသည်ကတော့ အမှန်ဖြစ်ပါသည်။ ကုန်ကြမ်းကို ဆီကြိတ်မှာဖြစ်လို့ အခြေခံအလုပ်သမားများ အလုပ်ရရှိပြီး စက်ရုံများစွာလည်ပတ်နိုင်မည်ဖြစ်၍ စက်မှုကဏ္ဍလည်း တိုးတက်လာမည်က အသေအချာဖြစ်သည်။ ထွက်ရှိသည့်ကုန်ချောဖြစ်သော ဆီများကိုရောင်းချရာတွင် ဈေးကြီး၍ စားသုံးသူများ အခက်အခဲရှိပါမည်။ သို့သော် အဆိုပါဖြစ်ရပ်ကွင်းဆက်များသည် ဈေးကွက်သဘောတရား သဘာဝဖြစ်ပါသည်။ မသမာသူ တချို့ကတော့ အရောအနှောလုပ်မည်။ ဈေးသက်သာအောင် ရောင်းမည်။ အတုများပေါ်လာပါမည်။

အဓိကအချက်မှာ စိုက်ပျိုးရေးထွက်ကုန်သည် စီးပွားရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍများအပေါ် လွှမ်းမိုးမှုရှိသည်ကို သတိပြုမိစေရန်ဖြစ်ပါသည်။

မြေပဲ၊ နေကြာနှင့် နှမ်းသီးနှံများကို မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ရုံသာမက ကြိတ်ခွဲမည့် ဆီစက်များကလည်း အရည်အသွေးကောင်းသော ဆီများကို ကုန်ကျစရိတ် သက်သာစွာဖြင့် ထုတ်လုပ်ပေးနိုင်ရန် နည်းပညာနှင့် အရင်းအနှီးများ မြှပ်နှံထူထောင်ရပါမည်။

ဆက်လက်၍ စားသုံးသူပြည်သူလူထုအတွက် လိုက်လျောညီထွေဖြစ်စေမည့် စားသုံးဆီထွက်သီးနှံ အမယ်သစ်များ တိုးချဲ့စိုက်ပျိုးရေးကိုလည်း အထူးတလည်အားပေးဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပဲပုပ်ဆီများကို နိုင်ငံခြားမှ ထုပ်ပိုးပုံအမျိုးမျိုးနှင့် သံပုံး၊ ပလတ်စတစ်ဘူးများဖြင့် တင်သွင်းရောင်းချနေသည်ကို ကုန်တိုက်ကြီးများ၊ ဈေးဆိုင်များတွင် ရောင်းချနေသည်ကို မြင်တွေ့ကြပါလိမ့်မည်။

ပဲပုပ်သီးနှံသည် ကျွန်တော်တို့ နိုင်ငံတစ်ဝန်း၌ စိုက်ပျိုးဖြစ်ထွန်းသည်။ ပဲပုပ်ဆီကြိတ်သော အဆင့်မြင့်စက်များ၊ နည်းပညာများကိုသာ လုပ်ငန်းရှင်များအား ပူးပေါင်းကူညီပေးလိုက်ပါက ပြည်တွင်းမှာပင် အရည်အသွေးမီစွာ ထုတ်လုပ်နိုင်မည်မှာ အသေအချာဖြစ်သည်။ နောက်သီးနံတစ်မျိုးမှာ မုန်လာဖြစ်ပါသည်။ သာမန်ဥစားမုန်လာပင်ဖြစ်သော်လည်း အစေ့ကို ဆီထုတ်နိုင်သဖြင့် ဆီမုန်လာဟုလည်း ခေါ်ကြပါသည်။ ရှမ်းပြည်ဘက်တွင် အဆိုပါဆီများကို အသုံးပြုသူ၊ စားသုံးသူများစွာရှိသည်။ ဓနုတိုင်းရင်းသားများ၊ ရှမ်းပလောင်နှင့် ဒေသနေ ဂေါ်ရခါးမျိုးနွယ်များက နှစ်သက်စွာစားသုံးကြသည်။ စားသုံးရန်နှင့် ဆေးအဖြစ်သုံးရန် စိုက်ကြသည်။ ဆီထုတ်ကြသည်။ မြန်မာနိုင်ငံတွင် ဆီမုန်လာကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးပြီး စားသုံးဆီထုတ်လုပ်ရောင်းချနိုင်ပါသည်။

နိုင်ငံအတွက်၊ စိုက်ပျိုးသူများအတွက်၊ ဈေးကွက်ရရှိရန်အတွက်၊ အလုပ်အကိုင် အခွင့်အလမ်းများအတွက် မြန်မာ့ရေမြေမှာ တိုင်းရင်းသားများ အကျွမ်းတဝင်ရှိပြီးဖြစ်သည့် ဆီထွက်သီးနှံများကို သက်ဆိုင်ရာ ဒေသအလိုက် ပညာရှင်များ စီးပွားရေးသမားများ ပူးပေါင်းဆောင်ရွက်သင့်ပါကြောင်း အကြံပြုလိုပါသည်။

ပြည်သူ ပြည်သားများအားလုံး ကျန်းမာရေးနှင့်ညီညွတ်သော၊ စစ်မှန်သောဆီများကို စားသုံးနိုင်ကြပါစေ။

စိုက်ပျိုးသူများ၊ ကြိတ်ခွဲထုတ်လုပ်သူများ၊ ရောင်းချသူများ အပါအဝင် ဆီဈေးကွက်ကြီး ဖွံ့ဖြိုးတည်တံ့ပါစေဟု ဆုမွန်တောင်း ရေးသားလိုက်ရပါသည်။ ။

**ပဲပုပ်ဆီကြိတ်သော အဆင့်မြင့်စက်များ၊ နည်းပညာများကိုသာ လုပ်ငန်းရှင်များအား ပူးပေါင်းကူညီပေးလိုက်ပါက ပြည်တွင်းမှာပင် အရည်အသွေးမီစွာ ထုတ်လုပ်နိုင်မည်မှာ အသေအချာဖြစ်...**

## သီပေါနမ့်လန်ဒေသ မဲစာရင်းကြေညာထားရှိမှု မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ ကြည့်ရှုစစ်ဆေး

**သီပေါ စက်တင်ဘာ ၂၀** ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်၊ အတွင်းရေးမှူး ဦးမိုးထွေးဦးနှင့်အဖွဲ့ဝင်များသည် စက်တင်ဘာ ၁၄ ရက်မှ ၂၇ ရက်အထိ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြေညာဆောင်ရွက်ထားသော မဲဆန္ဒရှင်စာရင်းများ ပြင်ဆင်ဖြည့်စွက်ထားရှိမှု အခြေအနေများကို စက်တင်ဘာ ၁၈ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ဒေသခံတိုင်းရင်းသားပြည်သူများ စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုကြသည်ကို တွေ့ရသည်။

သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သီပေါ အရှေ့တောင်ခြမ်းဒေသ နောင်အန်၊ နောင်ကော်ကြီး၊ နမ့်ယမ်း၊ နားမခေါ်၊ မန်မွန်း၊ မန့်ကျောင်း၊ နမ့်လန်နှင့် မန်လီကျေးရွာများမှ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံပြီး ယခုတစ်ကြိမ် မဲစာရင်းထုတ်ပြန်ခြင်းသည် နောက်ဆုံးအကြိမ်ဖြစ်၍ မဲဆန္ဒရှင်ပြည်သူများ နစ်နာမှုမရှိစေရန် မဲစာရင်းတွင် အမည်ကျန်ရစ်သူများအား ပုံစံ(၃)ဖြင့် ဖြည့်စွက်ခြင်း၊ အချက်အလက်မှားယွင်းခြင်းများကို ပုံစံ(၄-က) ဖြင့်ပြင်ဆင်ခြင်း၊ မဲစာရင်းများထပ်နေခြင်း၊ မဲပေးခွင့်မရှိသူများအားပုံစံ(၄) ဖြင့် ပယ်ဖျက်ခြင်းလုပ်ငန်းများကို သတ်မှတ်ချိန်အထိ ပြီးစီးအောင်ဆောင်ရွက်သွားရန် မှာကြားကာ ထုတ်ပြန်ထားသောမဲစာရင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

သီပေါမြို့နယ်၌ လာမည့် ၂၀၁၅ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် ရပ်ကွက် ၁၁ခု၊ ကျေးရွာအုပ်စု ၆၇ စုတို့တွင် မဲရုံ ၁၀၂ရုံ၊ မဲရုံမှူး ပေါင်း ၁၀၂ ဦး၊ ဒုတိယမဲရုံမှူး ၁၀၂ ဦး၊ မဲစာရင်း စစ်ဆေးသူပေါင်း ၇၆၁ ဦး၊ မဲလက်မှတ်ထုတ်ပေးသူပေါင်း ၇၆၁ ဦး၊ မဲရုံလုံခြုံရေး ၁၀၂ ဦး၊ မင်တို့သူ ၁၀၂ ဦးတို့နှင့် မဲရုံအဖွဲ့ဝင် စုစုပေါင်း ၁၉၃၀ ဖြင့် စီမံဆောင်ရွက်ထားပြီး အခြေခံမဲစာရင်းအရ မဲပေးခွင့်ရှိသူပေါင်း ၁၁၇၀၆၁ ဦးရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# သေမင်းတမန်မီးရထားလမ်းပိုင်း ဖောက်လုပ်ရာတွင် သေဆုံးခဲ့သောလုပ်သားများ၏ ရှားပါးဓာတ်ပုံများကို သံဖြူဇရပ်မီးရထားပြတိုက်၌ ထည့်သွင်းပြသသွားမည်



(၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှိုင်လင်ခရိုင် ရဲတပ်ဖွဲ့ကကြီးမှူး၍ ခရိုင်ရဲရုံး၊ မြို့နယ်ရဲရုံး၊ မြို့မရဲစခန်းနှင့် ပင်လုံရဲစခန်းများမှ တပ်ဖွဲ့ဝင်များက လှိုင်လင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို စက်တင်ဘာ ၁၉ ရက်က ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

**သံဖြူဇရပ် စက်တင်ဘာ ၂၀**

မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ ဖက်ဆစ်ဂျပန်တို့ အာရှစစ်မျက်နှာပြင် ဖွင့်လှစ်၍ နယ်ချဲ့ကျူးကျော်စဉ်ကာလအတွင်း ဖောက်လုပ်ခဲ့သည့် မြန်မာနှင့် ထိုင်းနိုင်ငံ ဆက်သွယ်ထားသော သေမင်းတမန်မီးရထားလမ်း ဖောက်လုပ်စဉ်က အကြောင်းအမျိုးမျိုးကြောင့် သေဆုံးခဲ့ရသော လုပ်သား ၁၂၀၀၀၀ ကျော်တို့၏ လှုပ်ရှားမှုပုံရိပ် ရှားပါးမှတ်တမ်းဓာတ်ပုံများကို သံဖြူဇရပ်မီးရထားပြတိုက်အတွင်း အများပြည်သူများအောက်မေ့ဖွယ် ကြည့်ရှုလေ့လာနိုင်ကြစေရန် ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း မီးရထားပြတိုက်တည်ဆောက်ရေးစီမံကိန်းရုံးမှ သိရသည်။

ဂျပန်ဘုရင့်တပ်မတော် စစ်ဝန်ကြီးဂျန်နရယ်တိုကျိုက မီးရထားလမ်းဖောက်လုပ်ရန် စီမံကိန်းကို ရေးဆွဲခဲ့ပြီး ၁၉၄၂ ခုနှစ်တွင် လုပ်ငန်းစတင်ခဲ့ကြောင်း သိရသည်။ ထိုင်းနိုင်ငံရှိ ဘန်းဗလား၊ ကချနပူရီနှင့် ဆန်ပေါ်ဘူတာမှစတင်၍ မြန်မာနိုင်ငံရှိ ကွေ့မမြစ်အားဖြတ်သန်းကာ မွန်ပြည်နယ် သံဖြူဇရပ်မြို့အထိ ရထားလမ်းအရှည် ၁၇၅ မိုင်ကို ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း မီးရထားပြတိုက်တည်ဆောက်ရေးစီမံကိန်း လေ့လာရေးအဖွဲ့မှ တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါရထားလမ်းဖောက်လုပ်မှုတွင် ဂျပန်တပ်မတော်နှင့် တိုက်ခိုက်နေသည့်နိုင်ငံများဖြစ်သော ဗြိတိန်၊ ကနေဒါ၊ အမေရိကန်၊ နယူးဇီလန်၊ ဩစတြေးလျ၊ ဒိန်းမတ်၊ နယ်သာလန်စသောနိုင်ငံများမှ စစ်သုံ့ပန်း ၁၆၈၀၀ ကျော်နှင့် အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်၊ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံအထက်ပိုင်းနှင့် အောက်ပိုင်းဒေသများရှိ လုပ်သားများအပါအဝင်လူဦးရေ



**သေမင်းတမန်မီးရထားလမ်းဖောက်လုပ်သော ချွေးတပ်လုပ်သားများ၏ ရှားပါးဓာတ်ပုံတစ်ပုံ။**

**စုစုပေါင်းလူဦးရေတစ်သိန်းနှစ်သောင်းကျော် သေဆုံးခဲ့ရာ ၁၇၅ မိုင် အရှည်ရှိသော ရထားလမ်းပိုင်းအတွက် ဇလီဖားတုံးအရေအတွက်မျှရှိသော လုပ်သားတို့၏ အသက်သွေးချွေးတို့ဖြင့်ပေးဆပ်ခဲ့ရခြင်းဖြစ် . . .**

၈၀၀၀၀ ကျော်ကို ချွေးတပ်အဖြစ်စုရုံးကာ လူအင်အားများစွာဖြင့် သေမင်းတမန်မီးရထားလမ်းပိုင်းကို နေ့ချင်းညချင်း အမြန်ပြီးစီးရန် ဖောက်လုပ်ခဲ့ကြောင်း သိရသည်။

စီမံကိန်းကာလအတွင်း ဂျပန်တို့၏ အမြန်ပြီးချင်သော လောကြီးမှု၊ ဖိအားပေးခိုင်းစေမှုများကြောင့် အဆိုပါချွေးတပ်လုပ်သားများမှာ တောတောင်များ ရှင်းလင်းရာ၌ ကျားဆွဲခံကြရခြင်း၊ အခြားတောရိုင်းတိရစ္ဆာန်များ၏ တိုက်ခိုက်မှု ခံကြရခြင်း၊ တောင်များကို ခဲယမ်းများဖြင့် မိုင်းခွဲရာတွင် ထိခိုက်ဒဏ်ရာများရရှိခဲ့ကြခြင်းများကြောင့် သေဆုံးခဲ့ကြရသကဲ့သို့ ပုလိပ်ရောဂါ၊ ကာလဝမ်းရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားခြင်းတို့ကြောင့်လည်းကောင်း၊ ဂျပန်တို့၏ ညှင်းပန်းနှိပ်စက်မှုများကြောင့်လည်းကောင်း စုစုပေါင်းလူဦးရေတစ်သိန်းနှစ်သောင်းကျော် သေဆုံးခဲ့ရရာ ၁၇၅ မိုင် အရှည်ရှိသော ရထားလမ်းပိုင်းအတွက် ဇလီဖားတုံးအရေအတွက်မျှရှိသော လုပ်သားတို့၏ အသက်သွေးချွေးတို့ဖြင့် ပေးဆပ်ခဲ့ရခြင်းဖြစ်ကြောင်း အဆိုပါ ပြတိုက် စီမံကိန်းလေ့လာရေးအဖွဲ့မှသိရသည်။

ယခုအခါ ထိုသမိုင်းရာဇဝင် ဖြစ်ရပ်များအား နိုင်ငံခြားသားခရီးသွားဧည့်သည်များနှင့် ပြည်တွင်းရှိ မြန်မာနိုင်ငံမှ ခရီးသွားပြည်သူများ သိရှိစေရန်နှင့် အောက်မေ့ဖွယ်ရာ လေ့လာကြည့်ရှုနိုင်ကြစေရန်အတွက် ရှားပါးဓာတ်ပုံမှတ်တမ်းများ၊ 3D ဒီဇိုင်းများနှင့် ပန်းချီကားချပ်များကို လာမည့်အောက်တိုဘာလကုန်ပိုင်း၌ ပြီးစီးတော့မည့် သံဖြူဇရပ်မြို့ မီးရထားပြတိုက်တွင် ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း ပြတိုက်ခင်းကျင်းပြသရေးအဖွဲ့မှ သိရသည်။

**စိုးဝင်း(SP)၊ ဓာတ်ပုံ-တင်လှမောင်**

# ကျောင်းအဆင့်တိုးမြှင့်ဖွင့်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

**ဝါးခယ်မ စက်တင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ဆူးတွင်းကျေးရွာ၌ အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်ပွဲနှင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၁၉ ရက်က ကျင်းပခဲ့သည်။

ကျောင်းအဆင့်တိုးမြှင့်ဖွင့်ပွဲတွင် တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစောမြသိန်း၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမန်းသိန်းကျော်၊ ကျောင်းအုပ်ဆရာမကြီးဒေါ်သန်းရီနှင့် ကျောင်းအကျိုးတော်ဆောင် ဦးအောင်တင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက် ပညာရည်ချွန်ဆုပေးပွဲကို ဆက်လက်ကျင်းပခဲ့ရာ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွင်း ဂုဏ်ထူးရကျောင်းသားကျောင်းသူများနှင့် ထူးချွန်စွာသင်ကြားပေးခဲ့သော ဆရာ ဆရာမများအား ဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။ အခမ်းအနားသို့ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြသည်။

**ကျော်စိန်(ဝါးခယ်မ)**

# မြိတ်-ကော့သောင်း ပြည်ထောင်စုလမ်းပေါ်ရှိ ချောင်းလမုရွာ(ယာယီ)ဘေလီတံတား တည်ဆောက်ပြီးစီး

**တနင်္သာရီ စက်တင်ဘာ ၂၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်-ကော့သောင်း ပြည်ထောင်စုလမ်းပေါ် မိုင်တိုင်အမှတ် (၇၂/၂) နှင့် (၇၂/၃)အကြားရှိ ချောင်းလမုရွာ ဘေလီတံတားနေရာတွင် ယာယီဘေလီတံတားကို တည်ဆောက်ပြီးဖြစ်ကြောင်း သိရသည်။

သိန်ခွန်းကျေးရွာအုပ်စုရှိ ချောင်းလမုရွာဘေလီတံတားပေါ်သို့ စက်တင်ဘာ ၁၁ ရက်က လမ်းအထူးဖွဲ့(၂၄)မှ ကတ္တရာပုံးများတင်ဆောင်လာသော မော်တော်ယာဉ် ဖြတ်သန်းစဉ် ကျိုးကျမှုဖြစ်ပွားခဲ့သဖြင့် မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းသို့ နေ့စဉ်ပြေးဆွဲလျက်ရှိသော ခရီးသည်မော်တော်ယာဉ်များ၊ အခြားမော်တော်ယာဉ်များ အနေဖြင့် ခရီးသွားလာမှု ပြတ်တောက်ခဲ့ရခြင်းဖြစ်သည်။ တံတားကျိုးကျမှုကြောင့် ခရီးသည်များမှာ ဝါးဖောင်ဖြင့် ချောင်းကူးပြီး ကားပြောင်းစီးနေရသဖြင့် အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။

ထို့ကြောင့် မော်တော်ယာဉ်များနှင့် ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် လမ်းအထူးအဖွဲ့(၂၄)မှ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအာကာကျော် ဦးစီးသည့်အဖွဲ့က တံတားဟောင်းနှင့် မလှမ်းမကမ်းနေရာရှိ လမ်းဟောင်း၊ လမ်းလွှဲနေရာ၌ ယာယီဘေလီတံတားကို ဆောက်လုပ်ခဲ့ရာ ပြီးစီးနေပြီဖြစ်သဖြင့် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းမှစ၍ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနေပြီဖြစ်သည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**



# လယ်ယာသုံးစက်ကိရိယာများ သရုပ်ပြအရောင်းမြှင့်တင်ပွဲ ပြုလုပ်

**လှိုင်ကော် စက်တင်ဘာ ၂၀**

ကိုရီးယားနိုင်ငံထုတ် Daedong လယ်ယာသုံးစက်ကိရိယာများ သရုပ်ပြ အရောင်းမြှင့်တင်ပွဲကို ကယားပြည်နယ် လှိုင်ကော်မြို့ရှိ ပြည်နယ်သမဝါယမဦးစီးဌာနရုံး၌ စက်တင်ဘာ ၁၉ ရက်က ကျင်းပခဲ့သည်။

အရောင်းမြှင့်တင်ပွဲသို့ ကယားပြည်နယ်အတွင်းရှိ လှိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆို၊ ရှားတော၊ ဘောလခဲနှင့် ဖားဆောင်းမြို့နယ်များမှ မြို့နယ်သမဝါယမ ဦးစီးဌာနမှူးများနှင့် သမဝါယမအသင်းဝင် တောင်သူလယ်သမားများ တက်ရောက်ခဲ့ပြီး ကယားပြည်နယ် သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့် ကယားပြည်နယ် သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌတို့က လယ်ယာသုံးစက်ကိရိယာများ ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်ခြင်းနှင့် စက်စွမ်းရည်များ၊ စက်ကိရိယာများအား အသုံးပြုပုံများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက သိလိုသည့် အချက်များကို မေးမြန်းကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ ထို့နောက် Daedong လယ်ယာသုံးစက်ကိရိယာအား ထွန်ယက် မောင်းနှင်ခြင်းကိုလည်း တောင်သူ လယ်သမားများအား လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



# မျိုးကောင်းမျိုးသန့် စံပြစပါးစိုက်ပျိုးမှု တောင်သူများအား ကွင်းဆင်းပြသ

**ငွေဆောင် စက်တင်ဘာ ၂၀**

ငွေဆောင်မြို့နယ် မဒေါ့ကုန်းကျေးရွာအုပ်စုအတွင်းမှ တောင်သူများအား မျိုးကောင်းမျိုးသန့် စံပြစပါးစိုက်ပျိုးမှု သရုပ်ပြပွဲကို စက်တင်ဘာ ၁၈ ရက်က ပြုလုပ်ခဲ့ပြီး ငွေဆောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက သရုပ်ပြခဲ့ကြောင်း သိရသည်။

ဆင်းသုခစပါးမျိုးကို တိုက်ရိုက်အစေ့ချစနစ်ဖြင့် စိုက်ပျိုးထားသော လယ်မြေငါးဧက၌ သရုပ်ပြခဲ့ခြင်းဖြစ်ပြီး တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် စပါးမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးခြင်းဆိုင်ရာ ပညာပေးလုပ်ငန်းများကို ငွေဆောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်စိုးငွေနှင့် ဝန်ထမ်းများက ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

စပါးစံကွက်ပြပွဲသို့ ငွေဆောင်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ပတ်ဝန်းကျင်ကျေးရွာများမှ စပါးစိုက် တောင်သူများ လာရောက်ကြည့်ရှုခဲ့သည်။ ယခုနှစ်တွင် ငွေဆောင်မြို့၌ စပါးစိုက်ဧကစုစုပေါင်း ၁၁၆၄၀ ဧကရှိကြောင်း သိရသည်။ **မူမူ(ပြန်/ဆက်)**

# ပေါင်းစည်းလယ်ယာ စပါးစိုက်ခင်းများအတွင်း ငါးမျိုးများစိုက်ထည့်

**ပွင့်ဖြူ စက်တင်ဘာ ၂၀**

ပွင့်ဖြူမြို့နယ်အတွင်း ငါးထုတ်လုပ်မှုတိုးတက်ရေးနှင့် ဒေသခံပြည်သူများ ဝင်ငွေတိုးပွားရေးအတွက် လယ်ကိုင်းကျေးရွာ ပေါင်းစည်းလယ်ယာ စပါးစိုက်ခင်း ဧက ၅၀ ၌ ငါးမျိုးများစိုက်ထည့်ခြင်းကို ငါးလုပ်ငန်းဦးစီးဌာနမှ စက်တင်ဘာ ၁၉ ရက်က ဆောင်ရွက်ခဲ့သည်။

ပေါင်းစည်းလယ်ယာ စပါးစိုက်ခင်းသို့ ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေနှစ်သောင်းခွဲကို ပွင့်ဖြူမြို့ ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူလယ်သမားများက စုပေါင်းထည့်သွင်းခဲ့ခြင်းဖြစ်သည်။

"စပါးစိုက်ခင်းထဲ ငါးမျိုးစိုက်ထည့်ထားရင် စပါးခင်းသမန်းနှိုးလုပ်အားခ သက်သာတယ်။ ငါးတွေက နုန်းနှစ်ထဲမှာ အနေများတော့ အပင်သန်ပြီး စပါးအထွက်နှုန်းလည်း ကောင်းတယ်။ သုံးလခန့်ကြာရင် စပါးခင်းပတ်လည် ရေဝပ်မြောင်းထဲက ငါးတွေဖော်ကြတယ်၊ ငါးထွက်နှုန်းကလည်းတစ်ကောင်ကို ငါးကျပ်သားကနေ တစ်ဆယ်ကျပ်သားအထိရှိတယ်။ တောင်သူလယ်သမားတွေအတွက် အပိုဝင်ငွေလည်းရ၊ စပါးအထွက်နှုန်းလည်းကောင်းတဲ့စနစ်မို့ စပါးစိုက်တောင်သူများအနေနဲ့ ငါးလုပ်ငန်းဦးစီးဌာနနဲ့ ဆက်သွယ်လုပ်ကိုင်ကြစေချင်ပါတယ်"ဟု ပေါင်းစည်းလယ်ယာစနစ်ဖြင့် နှစ်စဉ်စိုက်ပျိုးလျက်ရှိသော တောင်သူဦးသန်းကိုက ပြောသည်။ ဦးသန်းကို၏ ပေါင်းစည်းလယ်ယာအတွင်း သို့လည်း ငါးမြစ်ချင်းငါးသားပေါက် ကောင်ရေ ၅၀၀ ကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ စပါးစိုက်တောင်သူများအနေဖြင့် သားငါးကဏ္ဍထွက်နှုန်းကောင်းသော ပေါင်းစည်းလယ်ယာများ ထူထောင်၍ ငါးမျိုးများ တစ်ပိုင်တစ်နိုင် စိုက်ထည့်မွေးမြူခြင်းဖြင့် စိုက်ခင်းအတွင်းမှ ဆန်စပါးသာမက ငါးများကိုပါ ထုတ်လုပ်နိုင်မည်ဖြစ်ပြီးမိသားစုအပိုဝင်ငွေတိုးပွားမည်ဖြစ်သည်။ **တင်ထွန်းဦး (မင်းဘူး)**



# မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ်များတွင် မီးလောင်မှုလျော့နည်းကျဆင်းရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိရာ ညောင်ဦးခရိုင်မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းစိုးနှင့် တပ်ဖွဲ့ဝင်များက Ballons Over Bagan ခရီးသွားလုပ်ငန်းသို့ မီးဘေးကာကွယ်ရေး ပညာပေးမှုများကို စက်တင်ဘာ ၁၈ရက်တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါခရီးသွားလုပ်ငန်းမှ မန်နေဂျာနှင့် ဝန်ထမ်း ၂၀၀ ကျော်အား ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက ဂက်စ်အိုးနှင့် လောင်စာဆီများကြောင့် မီးလောင်ကျွမ်းခြင်း၊ မီးငြိမ်းသတ်ရေးနည်းလမ်းများနှင့် မီးငြိမ်းသတ်သည့် ပစ္စည်းကိရိယာများ အသုံးချခြင်း၊ မီးဘေးကာကွယ်ရေးအတွက် ကြိုတင်ဆောင်ရွက်ရမည့်အချက်များ စသည်တို့ကို ရှင်းလင်းဟောပြောသည်။

ထို့နောက် မီးလောင်သည့် လောင်စာအမျိုးအစားအလိုက် သက်ဆိုင်ရာ မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်ခြင်း၊ အဝတ်ကို ရေဆွတ်၍ မီးငြိမ်းသတ်ခြင်း၊ မီးချိတ်မီးကပ်များဖြင့် မီးငြိမ်းသတ်ခြင်းများကို ဝန်ထမ်းများအား လက်တွေ့ပြသလေ့ကျင့်ပေးခဲ့သည်။

ထို့အပြင် မီးသတ်ဆေးဘူးနှင့် မီးချိတ်မီးကပ်များ ထားရှိမှု၊ ရေအလွယ်တကူ ရရှိနိုင်ခြင်းရှိမရှိ၊ လျှပ်စစ်ဝါယာကြိုးများ သွယ်တန်းထားရှိမှု အခြေအနေနှင့် မီးလောင်လွယ်စေသည့် အမှိုက်သရိုက်များ ရှိမရှိတို့ကိုလည်း ခရိုင် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် တပ်ဖွဲ့ဝင်များက စစ်ဆေးခဲ့သည်။ **ထွဋ်းလှအောင်(မန္တလေး)**

# အခြေခံလျှပ်စစ်၊ စိုက်ပျိုးရေးသုံးအင်ဂျင်နှင့် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဆင်းပွဲကျင်းပ

**မင်းကင်းစက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့၌ စက်မှုဝန်ကြီးဌာန၏ ကြီးကြပ်ပံ့ပိုးမှုဖြင့် ဖွင့်လှစ်ခဲ့သော အခြေခံလျှပ်စစ် ကျွမ်းကျင်မှုရွေ့လျားသင်တန်းနှင့် စိုက်ပျိုးရေးသုံးအင်ဂျင်နှင့် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်း သင်တန်းများ၏ သင်တန်းဆင်းပွဲကို မင်းကင်းမြို့ စကားဝါခန်းမ၌ စက်တင်ဘာ ၁၈ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် စက်မှုဝန်ကြီးဦးမောင်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့သည်။

သင်တန်းကို စက်တင်ဘာ ၂ ရက်မှ ၁၈ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး လျှပ်စစ်ကျွမ်းကျင်သင်တန်းကို စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှိုင်ဝင်းနှင့် စိုက်ပျိုးရေးသုံးအင်ဂျင်နှင့် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်းသင်တန်းကို မန္တလေးမြို့ အမှတ်(၂)စက်မှုသင်တန်းကျောင်း သင်တန်းရေးရာဌာနမှ ဦးဗွန်ဆန်တို့က ပို့ချပေးခဲ့သည်။

လျှပ်စစ်ကျွမ်းကျင်သင်တန်းသို့ သင်တန်းသား ၄၀ ဦးတက်ရောက်ခဲ့ပြီး စိုက်ပျိုးရေးသုံးအင်ဂျင်နှင့် မော်တော်ဆိုင်ပြုပြင်ထိန်းသိမ်းခြင်းသင်တန်းသို့ သင်တန်းသား ၃၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား(ပြန်/ဆက်)**

# ကျေးရွာအထက ကျောင်းဆောင်သစ်တည်ဆောက်

**အင်းတော် စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသားဦးရေတိုးတက်များပြားလာလျက်ရှိရာ စာသင်ခန်းမများလိုအပ်လာသဖြင့် ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် စက်တင်ဘာ ၁၉ ရက်က ပန္နက်များ စိုက်ထူခဲ့ကြောင်း သိရသည်။ မော်လူးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးဝင်းစိန်နှင့် ရာအိမ်မှူးများ၊ ကျောင်းအကျိုးတော်ဆောင်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သောင်းတင့်နှင့် ဆရာ၊ ဆရာမများ စုပေါင်း၍ ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ပန္နက်များစိုက်ထူခဲ့ခြင်းဖြစ်သည်။

ကျောင်းဆောင်သစ်နှစ်ဆောင်ကို ပညာရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၁၀၀၈ သိန်းဖြင့်ဆောင်လုပ်မည်ဖြစ်ကြောင်း၊ ယခုဆောက်လုပ်မည့် ကျောင်းဆောင်မှာ အနံ ပေ ၃၀၊ အလျား ၁၄၀ ပေရှိ အုပ်ညှပ်သွပ်မိုး နှစ်ထပ်ဆောင်ဖြစ်ပြီး တိုးတက်များပြားလာသော ကျောင်းသားဦးရေ ၂၀၀၀ကျော်အတွက် စာသင်ခန်းဆောင်များလိုအပ်ချက်အရ ဆောက်လုပ်ရခြင်းဖြစ်ကြောင်းနှင့် ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးပါက အလားတူကျောင်းဆောင်သစ်တစ်ဆောင်ကိုလည်း ဆက်လက်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း ကျောင်းအကျိုးတော်ကော်မတီဝင်တစ်ဦးထံမှ သိရသည်။ **ညိုမြင်းထက်(မြန်မာစာ)**



## သတင်းတိုများ

### မြေသားမိုးရေလှောင်ကန်တူးဖော်မှု ကွင်းဆင်းကြည့်ရှု

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ်အတွင်း ကျေးရွာခြောက်ရွာ၌ နွေရာသီကာလတွင် သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် မြေသားမိုးရေလှောင်ကန် ခြောက်ကန်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေ ကျပ် ၄၈ သန်းဖြင့် အမေ့ဂုဏ်ရည်ကုမ္ပဏီက တူးဖော်လျက်ရှိရာ ကျောက်အိုင်ကျေးရွာ၌ လုပ်ငန်းဆောင်ရွက်နေမှုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက စက်တင်ဘာ ၁၆ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ မကွေးတိုင်းဒေသကြီးအတွင်း ရေရှားပါးသော ကျေးရွာများအတွင်း သောက်သုံးရေရရှိရေးအတွက် ရေလှောင်ကန်များကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက တူးဖော်ပေးလျက်ရှိသည်။

**ပေါက်ကလေး(သရက်)**

### အသက် ၁၀၀ ကျော်အဘွားအားပူဇော်ကန်တော့

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ပွတ်စုကျေးရွာမှ အဘွားဒေါ်တင်လှိုင်အား နိုင်ငံတော်သမ္မတမှ ပေးအပ်သည့် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုငွေကျပ်နှစ်သိန်းကို ကံမမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးမိုးထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးနေဝင်းတို့က စက်တင်ဘာ ၁၈ ရက်က အိမ်တိုင်ရာရောက်သွားရောက်ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။ အလားတူ ကံမမြို့နယ် ထန်းလေးပင်ကျေးရွာမှ မကြာမီက ကွယ်လွန်ခဲ့သော အသက် ၁၀၃ နှစ်အရွယ် အဖွားဒေါ်အေးသွယ်၏ကိုယ်စား မြေးဖြစ်သူ ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ ဂုဏ်ပြုမှတ်တမ်းနှင့်ဂုဏ်ပြုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သရက်(ပြန်/ဆက်)**



(၅၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် အောင်မင်္ဂလာပါဠိတက္ကသိုလ် ပရိယတ္တိစာသင်တိုက်ဘုန်းကြီးကျောင်းဝင်းအတွင်း အမှိုက်များ၊ သစ်ပင်ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်းကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းရွှေ ဦးဆောင်၍ အလုံမြို့မရဲစခန်းမှူး ဒုရဲမှူးတင်လှနှင့်တပ်သားများ၊ တပ်ဖွဲ့ဝင်မိသားစုများက စက်တင်ဘာ ၁၉ ရက်က ဆောင်ရွက်နေစဉ်။

တင်မောင်ဦး(အလုံ)

# ဒေးဒရဲမြို့နယ် ကုန်းတန်းကလေးရွာ၌ ကျေးရွာမြေငှားဂရန်များ ထုတ်ပေး

**ဖျာပုံ စက်တင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်းရှိမြို့နယ်များ၌ ကျေးရွာတစ်ရွာချင်းစီကို ကနဦးစံပြအဖြစ် မြေငှားဂရန်များ ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒေးဒရဲမြို့နယ် ကုန်းတန်းကလေးကျေးရွာအုပ်စု ကုန်းတန်းကလေးကျေးရွာမှ ပြည်သူများအတွက် မြေငှားဂရန်များကို စက်တင်ဘာ ၁၉ ရက်တွင် ထုတ်ပေးခဲ့ကြောင်း သိရသည်။

မြေငှားဂရန်များ ထုတ်ပေးရာတွင် ခရိုင်မြေငှားဂရန်ထုတ်ပေးရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး မြေငှားဂရန်ထုတ်ပေးရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစန်းမောင်က မြေငှားဂရန်စာချုပ်များကို ကျေးရွာမှ ဂရန်ရရှိသောပြည်သူများထံသို့ တစ်ဦးချင်းပေးအပ်ခဲ့သည်။ ကုန်းတန်းကလေးကျေးရွာမှ ပြည်သူ ၁၆၆ ဦးထံ မြေငှားဂရန်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

မြေငှားဂရန်စာချုပ်များ ရရှိခြင်းသည် မြေပိုင်ဆိုင်မှုဆိုင်ရာ အထောက်အထားတစ်ရပ် ရရှိခြင်းဖြစ်ပြီး ပိုင်ဆိုင်သောမြေကို စိတ်တိုင်းကျ စီမံဆောင်ရွက်ခွင့်ရှိမည်ဖြစ်ရာ အရင်းအနှီးတိုးချဲ့လိုသူများအတွက် အခွင့်အလမ်းကောင်းတစ်ခု ရရှိခြင်းဖြစ်ကြောင်း သိရသည်။

ဖျာပုံခရိုင်အတွင်း မြို့နယ်များ၌ မြေငှားဂရန်များကို ကျေးရွာအလိုက် ထုတ်ပေးလျက်ရှိရာ ဘိုကလေးမြို့နယ် သုခဗလကျေးရွာ၌ ပြည်သူ ၉၂ ဦး၊ ဖျာပုံမြို့နယ် ကျုံတာကျေးရွာ၌ ပြည်သူ ၅၃ ဦး၊ ကျိုက်လတ်မြို့နယ် လှည်းဆိပ်ကျေးရွာ၌ ပြည်သူ ၄၆ ဦးတို့အား စက်တင်ဘာ ၁၀ ရက်က မြေငှားဂရန်များ ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(ဖျာပုံ)**

# အိမ်ကွင်းမှာ နိုင်ပွဲဆက်ဦးမယ့် အင်တာမီလန်၊ အမှတ်ပြည့်ရဖို့ ရုန်းကန်ရမယ့် ဂျူဗင်တပ်စ်

မိုးမြင့်လင်းလက်

အီတလီစီးရီးအေပွဲစဉ်(၄) ကို ဒီတစ်ပတ်ကြားရက်ဖြစ်တဲ့ စက်တင်ဘာ ၂၂ ရက်နဲ့ ၂၃ ရက်တွေမှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ စီးရီးအေမှာ ခြေစွမ်းကမောက်ကမဖြစ်နေတဲ့ ဂျူဗင်တပ်စ်ဟာရှုံးပွဲတွေက ပြန်လည်နိုးထနိုင်မလားကြည့်ရမှာ ဖြစ်သလို ခြေစွမ်းပြနေတဲ့ အင်တာမီလန်တို့ကလည်း တန်းစီဇယားကို ဆက်လက်စိုးမိုးနိုင်မလားဆိုတာ စွမ်းဆောင်ပြရမှာမို့ ပရိသတ်တွေအတွက် အားပေးကြရဦးမယ့်ပွဲစဉ်တွေဖြစ်နေပြန်ပါတယ်။



**အင်တာမီလန်နှင့်ဗီရိုနာ**

ဒီနှစ်စီးရီးအေမှာ နိုင်ပွဲတွေ ဆက်တိုက်ရယူနေတဲ့ အင်တာမီလန်တို့ဟာ အခုပွဲမှာလည်း အိမ်ကွင်းဖြစ်တာမို့ ဗီရိုနာကို ဖိအားပေးကစားပါဦးမယ်။ ဗီရိုနာနဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ အင်တာမီလန်တို့က သုံးဂိုးပြတ်သွင်းပြီး နိုင်ပွဲရထားတာမို့ အခုပွဲမှာလည်း ဗီရိုနာတို့ အမှတ်ရဖို့တောင်မလွယ်ပါဘူး။ ဒါပေမယ့် ရိုးမားလို ခြေစွမ်းမာကျောတဲ့အသင်းကို တစ်ဂိုးစီ သရေကစားခဲ့တဲ့ ဗီရိုနာရဲ့ ခြေစွမ်းက လျှော့တွက်လို့ မရပါဘူး။ ဒီပွဲမှာ အိမ်ရှင်တို့က ရလဒ်ကောင်းဖို့အတွက် မဖြစ်မနေ အားထုတ်ရမယ့်ပွဲပါ။

**ဂျူဗင်တပ်စ်နှင့်ဖရိုဇင်နိုနီ**

ချန်ပီယံလိဂ်အုပ်စုပွဲစဉ်မှာ မန်စီးတီးကို အနိုင်ကစားခဲ့လို့ စိတ်ဓာတ်ပြန်တက်လာတဲ့ ဂျူဗင်တပ်စ်တို့ဟာ စီးရီးအေမှာတော့ နိုင်ပွဲစတင်ရရှိဖို့ အခုပွဲမှာ ရှာဖွေပါလိမ့်မယ်။ ဒီနှစ် စီးရီးအေမှာ သုံးပွဲကစားပြီး တစ်မှတ်သာရရှိသေးတဲ့ ဂျူဗင်တပ်စ်တို့ ဖိအားတွေများနေတာမို့ အခုပွဲမှာတော့ အမှတ်ပြည့်စတင်ယူဖို့ တိုက်စစ်ဖွင့်ပါလိမ့်မယ်။ ဒီနှစ်စီးရီးအေမှာ နိုင်ပွဲ၊ သရေပွဲမရသေးတဲ့ ဖရိုဇင်နိုနီတို့အတွက် အမှတ်ရရှိဖို့ မျှော်လင့်လို့မရနိုင်တဲ့ပွဲပဲ ဖြစ်သွားပါလိမ့်မယ်။

**ချေယေးဗိုနှင့်တိုရီနို**

ဒီနှစ်စီးရီးအေမှာ အမ်ပိုလီ၊ လာဇီယိုတို့ကို အနိုင်ကစားပြီး ဂျူဗင်တပ်စ်ကို သရေကစားထားတဲ့ ချေပဂိုးရဲ့ခြေစွမ်းက အခုပွဲမှာလည်း အိမ်ကွင်းဖြစ်တာမို့ အသာစီးရဖို့ အခွင့်အရေးများနေပါတယ်။ ဒါပေမယ့် တိုရီနိုတို့ကလည်း အကောင်းဆုံးပုံစံရရှိနေပြီး တိုက်စစ်မှူးတွေကလည်း ဂိုးသွင်းနိုင်ကြတာမို့ ချေယေးဗိုတို့ အလေးအနက်ထားကစားမှ ရပါလိမ့်မယ်။ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာတော့ တိုနီနိုတို့က နှစ်ဂိုးပြတ်နိုင်ပွဲရထားတာမို့ အခုပွဲမှာ ချေယေးဗိုတို့ နိုင်ပွဲရရင်တောင် ဂိုးမပေးနိုင်ပါဘူး။

**ဆမ့်ဒိုးရီးယားနှင့်ရိုးမား**

ဆမ့်ဒိုးရီးယားတို့က ရိုးမားကွင်းမှာတောင် နှစ်ဂိုးပြတ်နိုင်ပွဲရအောင် ကစားနိုင်ခဲ့တာမို့ အခုပွဲက အိမ်ကွင်းဖြစ်တာကြောင့် ရိုးမားအတွက် ပွဲကျပ်ဖြစ်နေပါတယ်။ ဆမ်ဒိုးရီးယားတိုက်စစ်မှူးတွေဟာ ဂိုးသွင်းစွမ်းရည်ထက်မြက်တာမို့ ခံစစ်လုံခြုံတဲ့ ရိုးမားနောက်တန်းကို ဘယ်လိုကျော်ဖြတ်မလဲ ကြည့်ရမှာပါ။ ဝါရင့်တိုက်စစ်မှူးတော့တီ ဒဏ်ရာကြောင့်မပါဝင်နိုင်တဲ့ ရိုးမားဟာ ဒီပွဲမှာ တစ်မှတ်ရရင်တော့ ကျေနပ်လက်ခံရမယ့် ပွဲပါပဲ။

**လာဇီယိုနှင့်ဂျီနိုအာ**

ချေယေးဗိုကို ဂိုးပြတ်ရှုံးခဲ့ပေမယ့် အူဒီးနိစ်ကို နိုင်ပွဲရအောင် ကစားခဲ့တာမို့ လာဇီယိုတို့ စိတ်ဓာတ်တက်ကြွနေပါတယ်။ ဂျီနိုအာတို့ကလည်း သုံးပွဲကစားပြီးချိန်မှာ တစ်ပွဲသာနိုင်ထားတာမို့ ဒီပွဲမှာ အမှတ်ရယူနိုင်ရေးအားထုတ်လာပါလိမ့်မယ်။ လာဇီယိုတို့က အခုပွဲမှာ အမှတ်ပြည့်ရရေး ခြေကန်ထုတ်မှာဖြစ်ပေမယ့် ဂျီနိုအာနဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ လာဇီယိုကွင်းမှာပဲ ဂျီနိုအာတို့က အနိုင်ရအောင်ကစားခဲ့တာမို့ အိမ်ရှင်တို့ တစ်မှတ်လောက်ပဲ မျှော်မှန်းနိုင်မယ့်ပွဲ ဖြစ်သွားနိုင်ပါတယ်။

**ဖီအိုရင်တီးနားနှင့်ဘိုလော့နာ**

ဂျီနိုအာနဲ့ အေစီမီလန်တို့ကို နိုင်ပွဲရအောင် ကစားထားတဲ့ ဖီအိုရင်တီးနားတို့ဟာ ရှုံးပွဲတွေ ဆက်တိုက်ကြုံတွေ့နေရတဲ့ ဘိုလော့နာကို ဖိအားပေးကစားပြီး အမှတ်ပြည့်ယူဖို့ ကြိုးစားပါလိမ့်မယ်။ ဘိုလော့နာရဲ့ တိုက်စစ်ရောခံစစ်ပါ အားရစရာမရှိတာမို့ အခုပွဲမှာ ဖီအိုရင်းတီးနားရဲ့ စွမ်းဆောင်နိုင်မှုအပေါ် ရလဒ်ကောင်း မကောင်းထွက်ပေါ်ပါလိမ့်မယ်။

**ပါလာမိုနှင့်ဆက်ဆူအိုလို**

ခြေရည်တူနှစ်သင်းတွေ့ဆုံတဲ့ပွဲမို့ အကြိတ်အနယ် ရှိပါလိမ့်မယ်။ နှစ်သင်းစလုံး တိုက်စစ်၊ ခံစစ်အားတူညီနေပြီး အားထုတ်မှုပိုင်းလည်း ကွာခြားမှုမရှိတာမို့ ဒီပွဲမှာအိမ်ရှင်အားသာချက်ကို ပါလာမိုတို့ ရအောင်ယူသွားနိုင်မလား ကြည့်ရမှာပါ။ ဒီနှစ်သင်းရဲ့နောက်ဆုံးတွေ့ဆုံတဲ့ပွဲမှာလည်း ဂိုးမရှိသရေပွဲဖြစ်ခဲ့တာကြောင့် လက်ရှိအနေအထားအရ အမှတ်ခွဲရကိန်းဆိုက်သွားနိုင်သလို အနိုင်ဆိုရင်လည်း အိမ်ရှင်တို့ပဲဖြစ်သွားနိုင်ပါတယ်။



## လီဗာပူးတိုက်စစ်ကို အားဖြည့်မယ့် စတာရစ်

လီဗာပူးအသင်းမှာ စတာလင်းထွက်သွားပြီးတဲ့နောက် တိုက်စစ်အားပျော့မှုတွေကြောင့် ရာသီအစမှာ ရှုံးပွဲတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဒီနေရာမှာ ပြန်လည်အားဖြည့်နိုင်ဖို့ စတာရစ်ပြန်လာပြီဖြစ်ပါတယ်။ စတာရစ်ဟာ ပြီးခဲ့တဲ့ မေလက ခွဲစိတ်ဒဏ်ရာကြောင့် အနားယူခဲ့ရာမှ ပြန်လာပြီ ဖြစ်ပါတယ်။ သူဟာလည်း လီဗာပူးအသင်းရဲ့ အဓိကအားထားရတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ စတာရစ်ဟာ လီဗာပူးအသင်းရဲ့ အဓိကကစားသမားပါပဲလို့ နည်းပြ ရော်ဂျာက ဆိုပါတယ်။ ရော်ဂျာက သူ့ရဲ့အစီအစဉ်တွင် စတာရစ်ဟာ အဓိကကစားသမားအဖြစ် ဂိုးသွားမှာ ဖြစ်တယ်လို့လည်း ဆိုပါတယ်။ စတာရစ်ဟာ လီဗာပူးအသင်းရဲ့ နိုင်ပွဲတွေကို စတင်ပေးနိုင်ဖို့ အသင့်ဖြစ်နေပြီလို့ ဆိုပါသည်။ အင်္ဂလန်ကစားသမား စတာရစ်ဟာ လွန်ခဲ့တဲ့ သီတင်းပတ်ကစလို့ လေ့ကျင့်မှုတွေ စတင်ပြုလုပ်နေတယ်လို့ ဆိုပါတယ်။ စတာရစ်ဟာ စွန့်စားရမှုများမရှိဘဲ အကောင်းဆုံးကစားနိုင်မယ်လို့ ဆိုပါတယ်။ ယခုနှစ်ရာသီမှာ စတာရစ်က လီဗာပူးအသင်းအတွက် အကောင်းဆုံးကစားပေးနိုင်မှာဖြစ်ပါတယ်လို့ ပြောဆိုလိုက်ပါတယ်။

## စီရော်နယ်ဒို အကောင်းဆုံးကစားဖို့လိုတယ်လို့ ဘင်နီတက်ဇ်ဆို

တိုက်စစ်မှူး စီရော်နယ်ဒိုနဲ့ နည်းပြ ဘင်နီတက်ဇ်တို့ဟာ စပိန်လီဂါအစ ဆက်ဆံရေးအဆင်မပြေဖြစ်နေခဲ့ပြီးတဲ့နောက် စီရော်နယ်ဒိုရဲ့ ဂိုးသွင်းစွမ်းရည်တွေ ကျဆင်းခဲ့ပါတယ်။ စီရော်နယ်ဒိုဟာ အကောင်းဆုံးဘောလုံးသမားပါ။ ဒါပေမယ့် ကောင်းမွန်တဲ့ ရီးရဲမက်ဒရစ်အသင်းအတွက် ကစားပေးဖို့ လိုအပ်နေသေးတယ်လို့ နည်းပြ ဘင်နီတက်ဇ်က ဝန်ခံပြောဆိုလိုက်ပါတယ်။ စီရော်နယ်ဒိုဟာ ရာအူးလ်ရဲ့ ပြိုင်ပွဲအားလုံးမှာ သွင်းယူခဲ့တဲ့ ၃၂၃ ဂိုးစံချိန်ကို မကြာမီချိုးဖြတ်နိုင်တော့မှာ ဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်သမိုင်းမှာ ဂိုးအများဆုံးသွင်းယူတဲ့ စံချိန်ကို စီရော်နယ်ဒိုက ကျော်ဖြတ်နိုင်တော့မှာ ဖြစ်ပါတယ်။ စီရော်နယ်ဒိုအနေနဲ့ အကောင်းဆုံးဂိုးတွေ သွင်းယူပေးခြင်းဖြင့် အသင်းအတွက်အကောင်းဆုံးဖြစ်အောင် လုပ်ပေးစေချင်တယ်လို့ နည်းပြ ဘင်နီတက်ဇ်က ဆိုပါတယ်။ စီရော်နယ်ဒိုဟာ ပြီးခဲ့တဲ့ လာလီဂါနှစ်ပွဲမှာ ရှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ လာမယ့်ပြိုင်ပွဲတွေမှာလည်း ဂိုးတွေထပ်မံသွင်းယူပေးဖို့ ဘင်နီတက်ဇ်က တိုက်တွန်းလိုက်ပါတယ်။





## အဆုံးသတ် သေချာတဲ့ ဂျာမိန်းဒီဖိုး

ဒီဖိုးဟာ အဆုံးသတ်သေချာတဲ့ ကစားသမားလို့ ဘုန်းမောက်နည်းပြ အက်ဒိုင်းဟိုဝီးက ပြောဆိုလိုက်ပါတယ်။ ဒီဖိုးဟာ ဘယ်အသင်းနဲ့မဆို နောက်တန်းကစားသမားတွေရဲ့ အားနည်းချက်ကို အသုံးချတတ်ပြီး ဂိုးတွေရအောင် သွင်းယူပေးနိုင်တဲ့ ကစားသမားဖြစ်တယ်လို့ ဟိုဝီးက ဆိုပါတယ်။ နည်းပြဟိုဝီးနဲ့ ဒီဖိုးတို့ဟာ ၂၀၀၀-၂၀၀၁ ရာသီက ဆန်းဒါးလန်းအသင်းနဲ့ အတူ အလုပ်တွဲလုပ်ခဲ့ကြတယ်လို့ ဆိုပါတယ်။ ယခုအခါမှာတော့ ဒီဖိုးကို ဝက်စ်ဟမ်းအသင်းမှ ဘုန်းမောက်ကအငှားပြန်ယူထားတာပါ။ ဒီဖိုးဟာ ပြီးခဲ့တဲ့ ရာသီက ဘုန်းမောက်အသင်းအတွက် ၁၉ ဂိုးသွင်းယူပေးခဲ့ပြီး အသင်းကို ပရီမီယာလိဂ်တန်းတက်နိုင်အောင် အဓိက ကြိုးစားပေးခဲ့တဲ့ ကစားသမားတစ်ဦးဖြစ်တယ်လို့ ဆိုပါတယ်။ ဗဟိုခံစစ်မှူး ဒီဖိုးဟာ အကောင်းဆုံးခံစစ်ကစားနိုင်ခဲ့သလို အဆုံးသတ်အကောင်းဆုံ ဂိုးသွင်းပေးနိုင်တဲ့ ကစားသမားဖြစ်တယ်လို့ ဆိုပါတယ်။ လာမယ့်ပြိုင်ပွဲတွေမှာ ဒီဖိုးဟာ ဘုန်းမောက်အသင်းအတွက် အကောင်းဆုံးအဆုံးသတ်မှုတွေနဲ့ ကစားပေးဖို့ အသင့်ဖြစ်နေတယ်လို့ ဆိုပါတယ်။

ကောင်းမြတ်သူ-စုစည်းသည်

# ရန်ကုန်မြို့တွင်းပြေးဆွဲသည့် ခရီးသည်တင်ယာဉ်လိုင်းအချို့မှယာဉ်များ ရပ်နားနေသည့်အတွက် အငှားယာဉ်မောင်းသူများ ဝင်ငွေပိုမိုရရှိနေ

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်မြို့တွင်းပြေးဆွဲနေသည့် ခရီးသည်တင် ယာဉ်လိုင်းအချို့မှ ယာဉ်များ ရပ်နားနေသည့်အတွက် အငှား ယာဉ်မောင်းနှင်သူများ ဝင်ငွေ ပိုမိုရရှိနေကြောင်း အငှားယာဉ်မောင်းသူများထံမှ သိရသည်။

“လိုင်းကားတချို့ မထွက်တဲ့အတွက် ခရီးသွားပြည်သူတွေ အခက်အခဲဖြစ်နေတယ်။ ထွက်တဲ့ကားတွေကျတော့ စီးတဲ့သူနဲ့ယာဉ် မမျှအောင် ပြည့်နေတာဆိုတော့ ခရီးသည်တွေ အနေနဲ့ Taxi ကို ပိုစီးလာတယ်။ ဒါကြောင့် အငှားယာဉ်မောင်းတွေ အရင်ထက်အနည်းငယ် အဆင်ပြေနေပါတယ်”ဟု မော်တော်ယာဉ်မောင်းနှင်သူများအသင်း (ရန်ကုန်)မှ ဥက္ကဋ္ဌ ဦးကိုကိုက ပြောသည်။

မော်တော်ယာဉ်ဥပဒေကို စက်တင်ဘာ ၇ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီးနောက် ယင်းဥပဒေတွင် စည်းကမ်းဖောက်ဖျက်မှု ဒဏ်ကြေးများကို တိုးမြှင့်လိုက်သည့်အတွက် စက်တင်ဘာ ၁၅ ရက်ကစ၍ ခရီးသည်တင်ယာဉ်လုပ်သားတချို့က ယာဉ်ပြေးဆွဲနေမှုကိုရပ်နားခဲ့သဖြင့် အငှားယာဉ်မောင်းသူများမှာ ယခင်ထက် ဝင်ငွေပိုမိုရရှိနေကြောင်း သိရသည်။

“သူ့အရင်က ယာဉ်ကြောပိတ်လို့ အိမ်နဲ့အလုပ်ကို ပုံမှန်အချိန်ထက် တစ်နာရီလောက် ကြိုပြီးစောထွက်ရတယ်။ အခုလို လိုင်းကားတချို့ မထွက်တော့ ဘယ်အချိန်ရောက်မယ်ဆိုတာ ခန့်မှန်းလို့မရတော့ဘူး။ လိုင်းကားတချို့ စရပ်နားကြတဲ့နေ့က Taxi ငှားပြီးသွားခဲ့ရတယ်” ဟုကုမ္ပဏီဝန်ထမ်း မဇာဇာက ပြောသည်။

ထို့အပြင် ပြဋ္ဌာန်းလိုက်သည့် မော်တော်ယာဉ်ဥပဒေနှင့် ပတ်သက်၍ ဦးကိုကိုက “ဥပဒေကထုတ်သင့်တဲ့ ဥပဒေပါ။ ဥပဒေကို ချိုးဖောက်မှသာ ပြစ်ဒဏ်ဆောင်ရမှာပါ။ ခရီးသည်တင်ယာဉ်လိုင်းတွေအတွက်ပဲ ထုတ်ပြန်ထားတာမဟုတ်ပါဘူး။ စည်းကမ်းဖောက်ဖျက်တဲ့ မော်တော်ယာဉ်တွေအားလုံးကို ထုတ်ပြန်ထားတဲ့ ဥပဒေပါ။ ပြစ်ဒဏ်ဆိုတာ တစ်နေ့ရဲ့ ဝင်ငွေအောက် လျော့နည်းနေရင် ဘယ်သူမှ လေးစားမှာ မဟုတ်ပါဘူး။ ဒါပေမယ့် မှန်ကန်တဲ့ပြစ်မှုနဲ့အရေးယူပေးဖို့တော့လိုပါတယ်။ အခုဖြစ်စဉ်က ထုတ်ပြန်တဲ့ဘက်နဲ့ လိုက်နာရမယ့်ဘက်နားလည်မှုလွဲပြီး လိုင်းကားတချို့ မထွက်တဲ့အထိ ဖြစ်နေတာပါ” ဟု ထပ်မံပြောဆိုသည်။




ရန်ကုန်မြို့၌ လူဦးရေ ငါးသန်းကျော် နေထိုင်လျက်ရှိပြီး နှစ်သန်းခန့်မှာ ခရီးသည်တင် ယာဉ်လိုင်းများကို နေ့စဉ်စီးနင်းလျက်ရှိသည်။ ရန်ကုန်တိုင်း ဒေသကြီးအတွင်း၌ အငှားယာဉ် ၅၈၅၅၅ စီးနှင့် နေ့စဉ်ပြေးဆွဲနေသည့် ခရီးသည်တင် ယာဉ်အစီးရေ ၄၃၀၀ ရှိသည့်အတွက် စက်တင်ဘာ ၁၈ ရက်အထိ ခရီးသည်တင်ယာဉ် ၆၀၀ခန့်ရပ်နားနေကြောင်း မထသ (ဗဟို) မှသိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ဇော်ကြီး(ပဏ္ဍိတ)**

# ယင်းမာပင်ခရိုင်အတွင်း မဲစာရင်းများကြေညာထားမှု ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး

**ယင်းမာပင် စက်တင်ဘာ ၂၀**

နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲပေးပိုင်ခွင့်ရှိသော မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၁၄ ရက်မှစတင်၍ တစ်နိုင်ငံလုံးရှိ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကပ်ထားကြေညာထားရာ မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုလျက်ရှိသည်။

မဲစာရင်းများနှင့်အတူ တိုင်းရင်းသားလူမဲဆန္ဒရှင်စာရင်းများ၊ ပုံစံ(၂)၊ ပုံစံ(၂-က) များကို တစ်ပါတည်း ကြေညာဖော်ပြထားပြီး မဲစာရင်းတွင်မပါသူများအား အမည်ထည့်သွင်းနိုင်ရန် ပုံစံ(၃)၊ ကန့်ကွက်လိုလျှင် ပုံစံ(၄)နှင့် မဲစာရင်းပါ အချက်အလက်များကို ပြင်ဆင်လိုလျှင် ပုံစံ(၄-ဂ)တို့ဖြင့် ပြင်ဆင်ပြည့်စွက်ကန့်ကွက်ခြင်းများကို ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ စတင်ကြေညာသည့် စက်တင်ဘာ ၁၄ ရက်မှ ၂၇ ရက်အထိ နှစ်ပတ်အတွင်း လာရောက်ဆောင်ရွက်နိုင်ကြောင်းလည်း အသိပေးကြေညာထားသည်။

ယင်းမာပင်ခရိုင်အတွင်းရှိ ဆားလင်းကြီးမြို့နယ် ရပ်ကွက်(၃)ရပ်ကွက်ရှိ ကော်မရှင်အဖွဲ့ခွဲရုံးများ၊ ကျားတက်၊ ဆုံတား၊ မြေဇွန်း၊ ပန်းထူးကျေးရွာအုပ်စု(၄)အုပ်စုရှိ ကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲဆန္ဒရှင်စာရင်းများကို စနစ်တကျနှင့်ပြည့်စုံစွာကြေညာကပ်ထားခြင်း ရှိ မရှိကို ယင်းမာပင်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်အောင်၊ အတွင်းရေးမှူး ဦးဇင်လင်းနိုင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင် ဦးစီးအရာရှိ ဦးအောင်ဇော်သန့်နှင့် တာဝန်ရှိသူများက စက်တင်ဘာ ၁၈ ရက်တွင် လှည့်လည်ကြီးကြပ် စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**သန်းဌွေးအောင်(ကနီ)**

# ဖာပွန်မြို့၌ ကလေးအားကစားရုံသစ်ဖွင့်

**ဖာပွန် စက်တင်ဘာ ၂၀**

ကရင်ပြည်နယ် ဖာပွန်မြို့နယ် ကလေးအားကစားရုံသစ်ကို ဆောက်လုပ်ပြီးစီးသွား၍ အဆောက်အအုံဖွင့်ပွဲနှင့် လွှဲပြောင်းအပ်နှံပွဲကို စက်တင်ဘာ ၁၇ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ကလေးအားကစားရုံသစ်ကို ပြည်နယ်ခေတ္တဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးစောမြင့်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ခေတ္တဝန်ကြီးချုပ်နှင့် ပြည်နယ်လူမှုရေးဝန်ကြီးတို့က အမှာစကားပြောကြားသည်။ ထို့နောက် အားကစားရုံသစ်အဆောက်အအုံနှင့်ပတ်သက်သော စာရွက်စာတမ်းများအား တာဝန်ယူတည်ဆောက်သော Royal Square ကုမ္ပဏီက ပြည်နယ်အား/ကာဦးစီးမှူး ဦးအေးလွင်ထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်နယ်ခေတ္တဝန်ကြီးချုပ်နှင့် လူမှုရေးဝန်ကြီးတို့က ဒေသအတွင်း အားကစားဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသုံးပြုရန်အားကစားပစ္စည်းများကို ပေးအပ်ခဲ့သည်။

အဆိုပါအားကစားရုံသစ်ကို ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေ ကျပ်သန်း ၆၀ ဖြင့် ဖာပွန်မြို့မအားကစားကွင်းအနီးတွင် တည်ဆောက်ထားပြီး ၆၀×၈၀×၁၅ ပေရှိ RC & Steel Structure အမျိုးအစားဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



# ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်

**နောင်ချို စက်တင်ဘာ ၂၀**

နောင်ချိုမြို့နယ် ကြိမ်ဂနိုင်ကျေးရွာ၌ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းက တည်ဆောက်ပေးခဲ့သော ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်ပွဲကို စက်တင်ဘာ ၁၇ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးတင်ယု(လားရှိုး)နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဝမ်းဖေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်က အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌက ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ဆောက်ရသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးရဲလင်းဦးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

**စိုးဝင်း**

# စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး၌ ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**စစ်တွေ စက်တင်ဘာ ၂၀**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်တွေမြို့ လောကာနန္ဒာ စေတီတော်မြတ်ကြီးဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို အမှတ်(၄) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ (စစ်တွေ) ခေတ္တကွပ်ကဲရေးမှူးရဲမှူးကြီး ခင်ကျော်၊ အမှတ်(၁၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး မြတ်အောင်နှင့် အမှတ်(၃၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးဝဏ္ဏဇော်တို့ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၉ ရက်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ဆောင်ရွက်ရာတွင် လောကာနန္ဒာစေတီတော်မြတ်ကြီး ပတ်လမ်းတစ်လျှောက်ရှိ အမှိုက်များနှင့် ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ မုခ်ဦးအဝင်လမ်းနေရာများမှ မြက်ပင်များအား ရှင်းလင်းခြင်းတို့ကို ရဲတပ်ဖွဲ့ဝင် ၂၅၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍စစ်တွေမြို့ရှိ ဘုရား၊ ကျောင်းကန်၊ စေတီပုထိုးများနှင့် အများပြည်သူ အပန်းဖြေကြသည့် ရှုခင်းသာလမ်း၊ စာသင်ကျောင်းများ၊ ဆေးရုံများတွင်လည်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို သတ်မှတ်နေ့ရက်များအလိုက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **ဇော်နိုင်ထွန်း(ပြန်/ဆက်)**

# ဆီထွက်သီးနှံဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်းဖွင့်

**ကန့်ဘလူ စက်တင်ဘာ ၂၀**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ပြည်ထောင်စုကော်မတီ၏ ထောက်ပံ့မှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ဆီစက်လုပ်ငန်း၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်းဖွင့်ပွဲကို ကန့်ဘလူမြို့နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနရုံးခန်းမ၌ စက်တင်ဘာ ၁၈ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှူး ဦးအောင်မောင်းက စစ်ကိုင်းတိုင်းဒေသကြီးသည် တစ်နိုင်ငံလုံးတွင် တတိယစပါးကျီ၊ ဒုတိယဆီအိုးဟု တင်စားခံရသော တိုင်းဒေသကြီးဖြစ်သည်နှင့်အညီ မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ နေကြာဆီထွက်သီးနှံများကို အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း၊ ထွက်ရှိလာသောသီးနှံများကို ဒေသတွင်းသမားရိုးကျဆီစက်ငယ်များဖြင့် ကြိတ်ခွဲထုတ်လုပ် ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့် ပဲမျိုးစုံနှင့်ဆီထွက်သီးနှံများ ထုတ်လုပ်ရာတွင် ခေတ်မီသိပ္ပံနည်းကျနည်းစနစ်များကို လေ့လာသိရှိပြီး လိုက်နာကျင့်သုံးဆောင်ရွက်ခြင်းဖြင့် တောင်သူများလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သမားရိုးကျ ဆီစက်ငယ်မှသည် ဆီထွက်နှုန်းကောင်းမွန်သောခေတ်မီဆီစက်များကိုလေ့လာသိရှိပြီး အရည်အသွေးမီဈေးကွက်ဝင် စားသုံးဆီများ ထုတ်လုပ်နိုင်ရေး ရည်ရွယ်ခြင်းလည်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဇေယာထိုက်က သင်တန်းသားများအနေဖြင့် မိမိဒေသတွင် လက်ရှိဖြစ်ပေါ်နေသော ပဲ၊ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်၊ ကြိတ်ခွဲဖြန့်ဖြူးခြင်းလုပ်ငန်းအဆင့်ဆင့်တွင်တွေ့ကြုံနေရသောအခက်အခဲများကို သင်တန်းဆရာများနှင့် အပြန်အလှန်ညှိနှိုင်းဆွေးနွေး၍ စားသုံးဆီထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာအောင် အဖြေရှာဖော်ထုတ်သင့်ကြောင်း ဆွေးနွေးမှာကြားသည်။

သင်တန်းတွင် ရန်ကုန်၊ နေပြည်တော်ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပညာရှင်ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနအောက်ရှိ ဆေးဝါးနှင့် စားသောက်ကုန် စစ်ဆေးရေးဦးစီးဌာနမှ ပညာရှင်ဝန်ထမ်းများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး SMIDB မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆီစက်လုပ်ငန်းရှင်များအသင်းဗဟိုမှ ဆီစက်လုပ်ငန်းရှင်ကြီးများက ငါးရက်ကြာ သင်ကြားပို့ချမည်ဖြစ်ပြီး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်သူတောင်သူသင်တန်းသား ၅၀ တက်ရောက်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ၊ ဆီစက်လုပ်ငန်းရှင်များ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူတောင်သူများနှင့် လုပ်ငန်းရှင်များ တက်ရောက်ခဲ့သည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ယင်းမာပျံ့သင်းတော်သလင်းနှင့် ဆင်ယင်နွှဲပျော် လှေသဘင်ပွဲတော်

ဒေါက်တာအောင်သန်းဝင်း
(အရှေ့တိုင်းပညာ)

တော်သလင်းသည် မြန်မာပြက္ခဒိန်၌ ဆဋ္ဌမမြောက်လဖြစ်ပြီး မိုးရာသီတွင်ပါဝင်သည်။ ပုဂံခေတ်ကပင် တော်သလင်းဟု ခေါ်ဝေါ်ရေးသားခဲ့ကြသည်။ ပုဂံခေတ်ထိုး ကျောက်စာများ၌ထိုလကို "တ်သ္လင်၊ တ်သ္လင်၊ တ်သလင်၊ တာဝ်သ္လာင်" ဟုအမျိုးမျိုးရေးထိုးခဲ့ကြသည်။ အင်းဝခေတ်တွင်မူ ယင်းလကို "သစ်ဆင်းလ"ဟုလည်း ခေါ်ဝေါ်ကြပါသည်။

တော်သလင်းလအဓိပ္ပာယ်နှင့်စပ်လျဉ်း၍ ကျမ်းပြုဆရာလေ့သင်းအတွင်းဝန်က "ပုရိသာနံ တောသိတုံ အလင္ကိ တောသလံ"ဟုလည်းကောင်း၊ "ကဿကာနံ တောသိတုံ အလင္ကိ တောသလံ" ယောကျာ်းတို့ကို နှစ်သက်စေခြင်းငှာ စွမ်းနိုင်သောလ သို့မဟုတ် လယ်လုပ်သားတို့ကို နှစ်သက်စေခြင်းငှာ စွမ်းနိုင်သောလဟု ဝိဂြိုဟ်ဖွင့်ပါသည်။

မြန်မာလအမည်များစာအုပ်ကမူ "တော်"ဟူသည်မှာ မြင့်မြတ်သည်။ အထွတ်အထိပ်ဖြစ်သည်၊ အထက်ကောင်းကင် ဖြစ်သည်။ "သလင်း"ကား 'သာလင်း'မှ ဆင်းသက်လာ၍ သာယာထွန်းလင်းသည်ဟု အဓိပ္ပာယ်ရသည်။ အထက်ကောင်းကင်တွင် သာယာထွန်းလင်းကာလဟု ယူနိုင်ပါသည်။

တော်သလင်းလသည် အမည်နှင့်လိုက်ဖက်အောင်ပင် ကောင်းကင်၌ မိုးသားမိုးတိမ်များ ကင်းစင်၍ ကြည်လင်သာယာလျက်ရှိချေသည်။ ဝါဆိုဝါခေါင်လများတွင် မိုးကြီးတတ်သဖြင့် ထွန်းလင်းသာယာခွင့်မရဘဲ တပ်ခေါက်နေရသောနေမင်းကြီးမှာ အာကာဝေဟင်အဇ္ဈာပြင်တွင် တစ်ဖန်ပြန်လည်မင်းမူလာချေပြီ။ ထိုသို့ ဒေါင်းဖန်ဝါနေမင်းကြီးသည် လင်းချင်တိုင်းလင်း၊ သာယာချင်တိုင်းသာယာနေသဖြင့် 'တော်သလင်းနေ ပုစွန်သေ' ဟူ၍ ပင် ဆိုကြသည်မဟုတ်ပါလော။ ဆိုရိုးနှင့်ညီအောင် အပူရှိန်ပြင်းသဖြင့် ငါးငယ်၊ ပုစွန်ငယ်ကလေးများ သေကြသည့်ရာသီလည်း ဖြစ်၏။

သက္ကရာဇ် ၈၈၉ ခုနှစ်တွင် စပ်ဆိုခဲ့သော ရှင်အဂ္ဂသမာဓိ၏ သုဝဏ္ဏသျှံသူဌေးခန်းပျို့တွင် "အခါခါ၊ မင်္ဂလာဖြင့်၊ တကာလူဗိုလ်၊ လွန်ကြည်ညို၍ ဝါဆို၊ ဝါခေါင်၊ ယဉ်ဘောင်သစ်ဆင်း၊ တော်သလင်းနှင့် သီတင်းကျွတ်သော်" ဟုဖွဲ့ဆိုထားသည်။ သက္ကရာဇ် ၉၃၁ ခုနှစ်တွင်ရေးသည်ဟု ယူဆရသော မင်းရဲကျော်စွာ ချောင်းတွင် "ချောင်းသစ်တွင်မူ သဘင်ပန်းလု၊ ခါရတုဖြင့် ပျော်မှုစံခင်း၊ တော်သလင်းတုံ၊ သစ်ဆင်းအခါ ပျော်ဘွယ်သာတည့်၊ ဗိုလ်ပါထွေဖြိုး၊ သဘင်ကြီး၌ မငြီးရှုရာ" ဟု တွေ့ရပါသည်။ ၉၅၂ ခုနှစ်ထိုး ကျောက်ဆည်မြို့ ရွှေသာလျောင်းကျောက်စာတွင် "သက္ကရာဇ် သချ်ာ ကိုဝ်ရာငါဆယ်၊ စွန်သွယ်နှစ်ခု၊ ဉတုဝဿ၊ လကာသစ်ဆင်၊ တော်သလင်ဆန်တက်၊ ယှစ်ရက်ပိတဟူနိယ်" စသည်ဖြင့် သစ်ဆင်းအသုံးကို တွေ့ရှိရပါသည်။

ထို့ကြောင့် သစ်ဆင်းလအသုံးကို ဒုတိယ အင်းဝခေတ်မှသာ အသုံးပြုကြောင်း လေ့လာမှတ်သားရပါသည်။ သစ်ဆင်း၏ အဓိပ္ပာယ်မှာ "သစ်ဖောင်ဝါးဖောင်များ စုန်ဆင်းသောလ"ဟု ဝေါဟာရလီနတ္ထဒီပနီကျမ်းက ဆိုသည်။ မြန်မာလအမည်များ စာအုပ်ကမူ "သစ်တိုင်လေးတိုင်ဖြင့် ဆောက်ထားသော တန်ဆောင်းစင်မြင့်ပေါ်မှ ရေပေါ်ပိုက်ကွန်ထဲသို့ ခုန်ချရသော သစ်ဆင်းပွဲကျင်းပသည့်လ"ဟု ဖော်ပြပါသည်။

ဤလရာသီတွင် မိုးသားတိမ်လိပ်များ တရိပ်ရိပ်တက်လာသည်ကို မြင်တွေ့ရတတ်သည်။ ထိုအခါ မကြာမီ မိုးရွာတော့မည်ဟု ခန့်မှန်းနိုင်ပါသည်။ သို့သော် ရွာချင်မှလည်း ရွာတတ်ပါသည်။ ရွာချင်လျှင်လည်း သဲကြီးမဲကြီး ရွာချတတ်ပါသည်။ ထို့ကြောင့် တော်သလင်းမိုးကို အငြိုးတကြီးရွာသောမိုး၊ ရွာမိလျှင် မစဲအောင်ရွာသောမိုးဟုရည်ရွယ်၍ 'တော်သလင်းမိုး ကန်သင်းကျိုး' ဟူ၍လည်း ဆိုရိုးရှိပါသည်။ လယ်များကို ဆည်ဖို့ထားသည့် ကန်သင်းရိုးပင် ကျိုးသွားလောက်အောင်ရွာသည်ဟု စာချိုးထားခြင်းဖြစ်သည်။ ဤသို့ လယ်ကန်သင်းများ ကျိုးလောက်အောင် သဲကြီးမဲကြီး ရွာတတ်ပြီး ရွာလျှင်လည်း စွေတတ်သောကြောင့် 'တော်သလင်းတိမ်ညို စဖိုသည်ဆင်းရဲ မိုးမစဲ' ဟုလည်း ဆိုကြပြန်သည်။

တော်သလင်းလတွင် 'ကန်ဆင်းမိုး'လည်း ရွာတတ်ကြောင်း ရှေးလူကြီးတို့ဆိုမိန့်သည်။ တနင်္ဂနွေဂြိုလ်မင်းသည် သိန်ရာသီ ဝါခေါင်လမှ ကန်ရာသီ တော်သလင်းသို့ ပြောင်းခဲ့ရောက်ခဲ့ခြင်းကို အစွဲပြု၍ ကန်ဆင်းမိုးဟု ခေါ်ဝေါ်ကြောင်း မှတ်သားရပါသည်။ ကန်ဆင်းမိုးသည် သင်္ကြန်တက်သည့်နေ့မှ ၁၅၄ ရက် လွန်မြောက်သည့်ရက်တွင် ရွာမြဲဖြစ်သည်ဟု ရှေးထုံးရှိပါသည်။ နှမ်းကြီးကြဲရန်အတွက် အဓိကအားထားရသောမိုးဟု မန်လည် ဆရာတော်ဘုရားကြီး၏ မာဃဒေဝလင်္ကာသစ်တွင် လေ့လာနိုင်ပါသည်။

တော်သလင်းသည် ကန်ရာသီဖြစ်၍ ဆယ့်နှစ်လရာသီတွင် လက်တစ်ဖက်ကကောက်ဆုပ် လက်တစ်ဖက်ကဆီမီးတိုင်ကိုင်လျက် လှေစီးသောမိန်းမငယ်၏ပုံဖြင့် ကိုယ်စားပြု၏။ ကောင်းကင်ပြင်တွင် လပြည့်ဝန်းသည် ပြုဗ္ဗာဘဒြပိုဒ် နက္ခတ်နှင့် ယှဉ်ပြိုင်မွန်းတည့်၏။ ရာသီပန်းများမှာ အင်ကြင်းပန်းနှင့် ယင်းမာပန်း များဖြစ်ကြ၏။ ပန်းလုသဘင်ဟုခေါ်တွင်သော လှေပြိုင်ပွဲနှင့် သစ်ဆင်းပွဲတို့သည် ထိုလ၏ရာသီပွဲတော်များ ဖြစ်ကြသည်။ နေ့တာ အနည်းငယ်ရှည်၍ ညတာတိုသောလ လည်းဖြစ်၏။

'ကန်ရာသီအချိန်တွင်းမို့၊ ရွှေရင်းတဲ့ မာငုံ၊ မြိုင်ဟေမာသာနန်းက၊ သုတ်ဖြန်းလေယူဖြန့်၊ သင်းပျံ့ပျံ့ထုံ၊ တိမ်စွန်ဘုံ၊ ရောင်ဟုန်လျှံပ၊ လမင်းသော်တာနှင့်၊ အဘဒ္ဒာရောင်လျှံညီးငယ်၊ နီးသည့်ကာလ' ဟု ဆိုအပ်သော ပြုဗ္ဗာဘဒြပိုဒ်နက္ခတ်သည် လမင်းနှင့်အပြိုင်ထွန်းပသော တော်သလင်းလတွင် ကျေးရွာအလိုက်၊ အသင်းအဖွဲ့လိုက်၊ လှေပြိုင်ပွဲကို အကြိတ်အနယ်ယှဉ်ပြိုင်နေချိန်တွင် သူ့ဘက်ကိုယ့်ဘက် အားပေးသူများကလည်း တက်ကြွစွာဆူညံအော်ဟစ်အားပေးလျက်ရှိပါသည်။ အိုးစည်ဗုံမောင်း အကအခုန်များဖြင့် အားပေးခြင်းကလည်း ပြိုင်ပွဲဝင်များအတွက် စိတ်စွမ်းအင်တိုးစေသည့် အားဆေးတစ်ခွက်ဖြစ်ပေသည်။

လှေပြိုင်ပွဲသဘင်ကို ပန်းလုသဘင်၊ ရေပွဲသဘင်၊ မြစ်ယံပွဲစသည်ဖြင့် အမည်အမျိုးမျိုး ခေါ်ကြသည်။ ပြိုင်ပွဲကို တော်သလင်းလဆန်းရှစ်ရက်၊ လပြည့်နေ့၊ လပြည့်ကျော်ရှစ်ရက်၊ လကွယ်နေ့များ၌ ကျင်းပလေ့ရှိသည်။ ထိုပြိုင်ပွဲတွင် လှော်ကားလှေတော်ကြီး၊ လှော်ကားတော်၊ လှော်လှေတော်၊ ခတ်လှေတော်၊ လောင်းလှေတော်၊ ရဲလှေစသည်တို့ကို အမျိုးအစားအလိုက် ပြိုင်ဆိုင်စေခြင်းဖြစ်သည်။ ယင်းလှေပွဲသဘင်ကို မြန်မာဘုရင်များ လွန်စွာနှစ်သက်မြတ်နိုးတော်မူကြ၍ ဘုရင်နှင့်တကွ လှော်ကားမှူးကြီးများ ကြပ်မတ်၍ခင်းကျင်းကြပါသည်။ ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ဗိုလ်ပါ၊ မှူးမတ်များခြံရံလျက် ပြည်ကြီးမွန်မည်သော ဘုရင့်ရွှေလှေတော်ကြီးပေါ်၌ လေညှင်းခံကာ လှေသဘင်ပွဲကို ရှုစားတော်မူပါသည်။

ဘုရင်ကိုယ်တိုင် ထွက်ကြွရှုစားတော်မူသော လှေပွဲသဘင်သည် လွန်စွာကြီးကျယ်စည်ကားလှပေသည်။ ရှေးမြန်မာမင်းတို့အဆက်ဆက်က အစဉ်အလာမပျက်ဘဲ နှစ်သက်ကြည်နူးစွာကျင်းပလာခဲ့သော ပွဲတော်တစ်ခု ဖြစ်ပေသည်။ ရှေးကမြန်မာလှေတော်သားတို့သည် တက်ရေး(၃၇)ချင်း၊ လှော်ချင်းများကို ကောင်းစွာ တတ်မြောက်ကျွမ်းကျင်မှသာ လှေတော်ကိုလှော်ခွင့် ရကြပေသည်။

**တက်ရေး(၃၇)ချင်းမှာ**

| | |
|---|---|
| ၁။ ဘုရားရှိခိုး | ၂။ ရွှေလောင်းချီ |
| ၃။ ရွှေလောင်းထွက် | ၄။ ရွှေဖောင်ယှဉ် |
| ၅။ တက်ကောက် | ၆။ တက်မြှောက် |
| ၇။ တက်တန်း | ၈။ တက်စောင် |
| ၉။ တက်ထောင် | ၁၀။ တက်ယှက် |
| ၁၁။ တက်ဝှက် | ၁၂။ တက်ခပ် |
| ၁၃။ တက်လှု | ၁၄။ အိမ်မိုးခြေတင် |
| ၁၅။ စင်ရော်သုတ် | ၁၆။ စင်ရော်ဝဲ |
| ၁၇။ ဝမ်းဘဲတောင်ဖြန့် | ၁၈။ ဝမ်းဘဲကန် |
| ၁၉။ လက်မြန် | ၂၀။ ခေါ်တော်မူ |
| ၂၁။ နတ်သမီးပန်းခိုး | ၂၂။ နတ်သမီးပန်းဆွတ် |
| ၂၃။ နတ်သမီးပန်းလှမ်း | ၂၄။ နတ်သမီးပန်းတောင်း |
| ၂၅။ သန်လျက်ထမ်း | ၂၆။ ဆေးတော်ထိုး |
| ၂၇။ ရာဇမတ်ကြီး | ၂၈။ ရာဇမတ်ငယ် |
| ၂၉။ နေရောင်ကာ | ၃၀။ နေရောင်ပြ |
| ၃၁။ တင်းတိမ်ရံ | ၃၂။ တင်းတိမ်လှစ် |
| ၃၃။ သုံးချက်ပေါက်မြန် | ၃၄။ စံပယ်ငုံ |
| ၃၅။ ဆင်စွယ်ဝန်းယှက် | ၃၆။ ကိန္နရာတောင်းယှက် |
| ၃၇။ ရွှေငှက်တော်ခတ်တို့ ဖြစ်ပါသည်။ | |

> **ပြိုင်ပွဲကို တော်သလင်းလဆန်းရှစ်ရက်၊ လပြည့်နေ့၊ လပြည့်ကျော်ရှစ်ရက်၊ လကွယ်နေ့များ၌ ကျင်းပလေ့ရှိသည်။ ထိုပြိုင်ပွဲတွင် လှော်ကားလှေတော်ကြီး၊ လှော်ကားတော်၊ လှော်လှေတော်၊ ခတ်လှေတော်၊ လောင်းလှေတော်၊ ရဲလှေစသည်တို့ကို အမျိုးအစားအလိုက် ပြိုင်ဆိုင်စေခြင်းဖြစ်သည်။ ယင်းလှေပွဲသဘင်ကို မြန်မာဘုရင်များ လွန်စွာနှစ်သက်မြတ်နိုးတော်မူကြ. . .**

လှေပြိုင်ပွဲတော် ဆင်နွှဲကြမည့် လှေတော်သားတို့သည် ပြိုင်ပွဲကျင်းပရာမြစ်ကမ်းပါး၌ ဝုံ့ဝုံ့ကြွားကြွားဖြစ်နေကြသည်။ ဒိုင်လူကြီးများထံ အစစ်အဆေးခံကြရသည်။ ပြီးလျှင်မြစ်ပြင်သို့ အသီးသီး ထွက်ခွာလာကြသည်။ လှေပြိုင်ပွဲတော်ကို ကြည့်ရှုနေကြသည့် လူထုပရိသတ်ထံမှောက် ရောက်ကြသောအခါတွင် တက်မြှောက်ပြီး နှုတ်ဆက်ကာ လှေတော်သံကို သီဆိုကျူးရင့်ကြရလေသည်။ ရှေးမြန်မာတို့၏ လှေတော်သံများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

"ရွှေတုံး လှေတော် ရေပေါ်ပျံ့ဝဲပါလို့၊
နဒီရေထဲမှာလ အောင်ပွဲတော်ရ
လှေလှေ့ရန်ကင်းကိုလ အိုကွင်းပါကြ"

ဤသည်မှာ ရွှေတုံးအမည်ရှိသောလှေတော်သားတို့၏ သံပြိုင်ကျူးရင့်လိုက်သော လှေတော်သံဖြစ်ပေသည်။ ထို့နောက် လှေတော်သားတို့သည် တက်ရေးကို အစွမ်းကုန်ပြကြပေသည်။

"တိုင်းပုရပြည် တည်တည်ထောင်ထားပါတဲ့
ရွှေခဲလှေတော်သားဟာမို့ ပြည်သူလေအများရယ်နှင့်
လှော်တက်ချီလို့ကိုယ်စီကိုင်ကာ စမ်းတယ်လေး
ရေပန်းတွေဖွေး"

ဤသည်မှာ ရွှေခဲအမည်ရှိသောလှေမှ လှေတော်သားတို့၏ သံပြိုင်ကျူးရင့်လိုက်သော လှေတော်သံဖြစ်ပေသည်။ တိုင်းပုရပြည်မှာ မန္တလေးရွှေမြို့တော်၏ တောင်ဘက်၌ တည်ရှိသော အမရပူရမြို့ပင်ဖြစ်ပေသည်။ သူတို့၏နန်း အမရပြည်ရွှေဘုံကို ဂုဏ်တင်လိုက်ခြင်းပင် ဖြစ်ပေသည်။ ထို့နောက်သူတို့သည် တက်ရေးကို အစွမ်းကုန်ပြကြလေသည်။

"နတ်မြားလှေတော် ပေါ်လာလျှင် ချိုးမယ်လေလေ့
ရွှေရစ်တံထိုးပါလို့ တူရိုးလား"

ဤသည်မှာနတ်မြားအမည်ရှိသော လှေတော်သားတို့၏ သံပြိုင်ကျူးရင့်လိုက်သည့် လှေတော်သံပင်ဖြစ်ပေသည်။ လှေတော်သားတို့သည် ပြိုင်ပွဲဝင်ကြသည့်အခါတွင် ဤကဲ့သို့ လှေတော်သံကို သီဆိုကျူးရင့်ကြရပေသည်။ ကိုယ်ရည်လည်း သွေးကြရသည်။ တက်ရေးကို အစွမ်းကုန်ပြသကြရလေသည်။ အထူးသဖြင့် ပျော်စရာ၊ အားကျစရာ၊ တက်ကြွစရာပင်ဖြစ်ပေသည်။ နှစ်သက်မြတ်နိုးဖွယ်ကောင်းသော မြန်မာ့ရိုးရာဓလေ့တစ်ရပ်လည်း ဖြစ်ပေသည်။

တော်သလင်းလ၏ လှေပွဲသဘင်တွင် ဘုရင့်လှေတော်သားများနှင့် ဘုရင်ကခွင့်ပြုသော အရပ်သားလှေတော်သားများသည် အုပ်စုလိုက်လှေပြိုင်ကြရ၏။ ပြီးလျှင် ဘုရင်၏လှော်ကားကို ရှေ့ဆုံး၌ထား၍ ရာထူး၊ ရာခံအလိုက် လှေတော်များလိုက်ပါသော လှေတပ်ဖွဲ့ကြီးသည် မြစ်ယံတွင်း၌ ရေစုန်ရေဆန်လှည့်လည်၏။ ထို့ကြောင့် ထိုလှေပွဲကို မြစ်ယံပွဲဟုခေါ်ဆိုကြောင်း မှတ်တမ်းများအရသိရှိရပါသည်။

ယခုအခါ မြို့ကြီးပြကြီးများ၌ လှေပြိုင်ပွဲတော်ကို နှစ်စဉ်နှစ်တိုင်း မကျင်းပကြတော့ချေ။ အခါအားလျော်စွာသာ ကျင်းပကြတော့သည်။ ပခုက္ကူမြို့နယ်၊ ရေစကြိုမြို့နယ်အတွင်းရှိ အချို့ကျေးရွာများ၌သာ မြန်မာ့ရိုးရာဓလေ့နှင့်အညီ ကျင်းပလျက်ရှိနေသည်။ အမရပူရမြို့ ရွှေကြက်ယက် လှေဦးတိုက် လှေပြိုင်ပွဲတော်လည်း ရှိနေပါသေးသည်။ ပြီးခဲ့သည့်ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာတို့သည် လှေလှော်ပြိုင်ပွဲ၌ ရွှေတံဆိပ်အများဆုံးဆွတ်ခူးနိုင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ကို ဝင့်ထည်စေခဲ့ပါသည်။

ဆီသည်ရွာစားဦးအောင်ကြီး၏ လူးတားကဗျာကလည်း ဤသို့ ဆိုထားပြန်ပါ၏။

'လှေချင်းလှော်ပြိုင်၊ ခွင့်ရေးကိုင်၍၊ လေးတိုင်တန်ဆောင်း၊ မမြင့်ထောင်းကို၊ နီမောင်းပုဆိုး၊ ဝှဲဝှဲမိုးလျက်၊ ပိုက်ကြိုးသွယ်ခံ၊ ဝန်းရံကာကျင်း၊ ခုန်ကာဆင်းသော်၊ မင်းများမှန်ဆု၊ ထွတ်ခံရှုသည်'ဟု ဆိုထားသည်။

ရှေးမြန်မာမင်းတို့ကိုယ်တိုင် လှေပွဲတော်ကိုကြည့်ရှုတော်မူကြပြီး မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်ကို လှေပြိုင်ပွဲက တစ်ဆင့်မြှင့်တင်ပေးနိုင်ရန် ရည်သန်၍ ပြုလုပ်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု လှေသဘင်ပွဲတော်သည် အမျိုးသားရေးအနှစ်သာရကို ဖော်ဆောင်နေပြီး ရိုးရာယဉ်ကျေးမှုကိုလည်း ထိန်းသိမ်းရာရောက်ပေသည်။ မြန်မာတို့၏ စည်းလုံးညီညွတ်မှုနှင့် လှေခွက်ချည်းကျန် အောင်လံမလှဲဟူသော ဇာတိမာန်စိတ်ထားတို့ကို မျိုးစေ့ချပေးခြင်းလည်းဖြစ်သည်။ တစ်လှေတည်းစီး တစ်ခရီးတည်းသွားကြသော တိုင်းရင်းသားတို့၏ သွေးစည်းညီညွတ်မှုပုံရိပ်ကိုလည်း ဖြစ်ပေါ်စေသော လှေသဘင်ပွဲဆင်ယင်နွှဲသည့် တော်သလင်းလထူးလမြတ်အား ဂုဏ်ပြုရေးသားအပ်ပါသည်။

# သုံးခွမြို့နယ် မဲဆန္ဒရှင်စာရင်းများကြေညာထားရှိမှု ကြည့်ရှုစစ်ဆေး



**သုံးခွ စက်တင်ဘာ ၂၀**

ရန်ကုန်တောင်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြတ်စိုးနှင့်အဖွဲ့သည် သုံးခွမြို့နယ် သိုက်တူးကန်ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ စက်တင်ဘာ ၁၉ ရက် နံနက် ၇ နာရီခွဲက ရောက်ရှိပြီး သုံးခွမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဇော်ဝိတ်နှင့် အဖွဲ့ခွဲဝင်များနှင့်အတူ သိုက်တူးကန်ကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံး၌ မဲဆန္ဒရှင်စာရင်းများ ကြေညာထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးမေးမြန်းရာတွင် ဒုတိယအကြိမ်ကြေညာထားသည့် မဲစာရင်းတွင် ပထမအကြိမ်က ပြင်ဆင်ထားသော မဲဆန္ဒရှင်စာရင်းများပါဝင်မှု ရှိ၊ မရှိ ကွန်ပျူတာနည်းပညာအရ အက္ခရာအစဉ်လိုက်ဖြင့် မဲဆန္ဒရှင်များ စာရင်းရိုက်နှိပ်ကြေညာရာတွင် တွေ့ကြုံရသည့်အခက်အခဲများနှင့် နိုင်ငံပြင်ပမှပေးပို့လာသည့် မဲဆန္ဒရှင်စာရင်း ပုံစံ( ၁-၃)များ ကြေညာထားရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် သုံးခွမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များကတင်ပြသည့် အခက်အခဲများကို ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီး အမှတ် (၆)ရပ်ကွက်နှင့် အမှတ် (၉)ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကြေညာထားသော မဲဆန္ဒရှင်စာရင်းများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

**သုံးခွ(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေ

**သရက်ချောင်း စက်တင်ဘာ ၂၀**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်အတွင်း ကျေးရွာများ၌ ဆိုလာမီးလင်းရေးလုပ်ငန်းများကို သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆိုလာမီးလင်းရေးလုပ်ငန်းများအနေဖြင့် ငြိမ်းချမ်းရေးကျေးရွာတွင် ၅၀ ယူနစ်၊ ပအွတ်ချောင်းကျေးရွာတွင် ၅၀ ယူနစ်၊ ရွှေညချောင်းကျေးရွာတွင် ၄၀ ယူနစ်၊ ဆင်းမတန်းကျေးရွာတွင် ၈၀ ယူနစ်၊ ကတွဲကျေးရွာတွင် ၁၀၀ ယူနစ်၊ ချောင်းဝပြင်ကျေးရွာတွင် ၁၄၃ ယူနစ်နှင့် သရက်ပင်အိုင်ကျေးရွာတွင် ၇၀ ယူနစ်ကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ ဆိုလာမီးလင်းရေးလုပ်ငန်းများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရန်ပုံငွေ ၁၀၆ ဒသမ ၆ သန်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။

လုပ်ငန်းများ ဆောင်ရွက်နေမှုကို ထားဝယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးငွေသိန်း၊ သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးကျော်ဌေးနှင့် တာဝန်ရှိသူများက စက်တင်ဘာ ၁၆ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထားဝယ်ခရိုင်အတွင်း ဆောင်ရွက်မှုအနေဖြင့် ကျေးရွာ ၂၆ ရွာ၌ ဆိုလာယူနစ် ၁၅၄၀ ကို တပ်ဆင်ရန် ရန်ပုံငွေကျပ် ၃၁၉ ဒသမ ၄၈ သန်းဖြင့် ဆောင်ရွက်နေကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

# ကျေးရွာချင်းဆက်လမ်း မြေသားတာပေါင်တင်ခြင်းဆောင်ရွက်

**ခင်ဦး စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်ရှိ ညောင်ကုန်း-ဝါးရုံကုန်း-ဆူးတပ်-ဝက်သဲ ကျေးရွာချင်းဆက်လမ်း မြေသားတာပေါင်တင်ခြင်းလုပ်ငန်းများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေကျပ် ၂၆ ဒသမ ၆၈ သန်းဖြင့် Three Princess ကုမ္ပဏီက စက်တင်ဘာလ ပထမပတ်မှ စတင်၍ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။



အဆိုပါ ကျေးရွာချင်းဆက်လမ်းသည် အရှည်နှစ်မိုင်၊ အကျယ် ၁၈ ပေရှိပြီး ရွှေဘို-မြစ်ကြီးနားကားလမ်းသို့ ဆက်သွယ်ထားသောလမ်းဖြစ်ရာ ယခု မြေသားလမ်းတာပေါင်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း ကျေးရွာလေးရွာမှ လူဦးရေ ၃၀၀၀ ကျော်အနေဖြင့် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့လာမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဒေါ်ချိုချိုနွယ်က ပြောသည်။

**ခင်ဦးစိုးဝေ**


# ဂုဏ်ယူဝမ်းမြောက်ခြင်း

အမေရိကန်နိုင်ငံ Microsoft ကုမ္ပဏီ နှင့်

မြန်မာနိုင်ငံ KBZ Bank, KBZ Group တို့သည်

IT နည်းပညာများ ကမ္ဘာ့အဆင့်မီ အဆင့်မြှင့်တင်နိုင်ရန်နှင့်

ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရန်၊

စက်တင်ဘာ (၁၈)ရက်နေ့တွင် ရန်ကုန်မြို့ Sedona Hotel ၌

နှစ်ဖက်သဘောတူ စာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းအတွက်

KBZ Bank, KBZ Group တို့အတွက်သော်လည်းကောင်း၊

မြန်မာနိုင်ငံအတွက်သော်လည်းကောင်း အထူးဂုဏ်ယူ

ဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်/အလုပ်အမှုဆောင်အဖွဲ့

မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ

အသင်းချုပ် (UMFCCI)



oppo
R7 Lite
ပရီမီယံ သတ္တုစပ်ကိုယ်ထည်နှင့်ကင်မရာစမတ်ဖုန်း
01:10
25/4/2015 (Fri)
ပရီမီယံ သတ္တုစပ်ကိုယ်ထည်
လျင်မြန်စွာရိုက်ယူနိုင်သည့် New Flash Shot
Real 2.5D
ဆန်းသစ်ချောမွေ့သော 2.5D မျက်နှာပြင်
ColorOS 2.1 ၏ ပြည့်စုံသောစနစ်များ
OPPO Myanmar WeChat ကို follow လုပ်ရင်း OPPO R7 Lite
အလုံး (၆၀) နှင့်အခြားဆုမဲပေါင်း (၃၀,၀၀၀) ကျော်ရယူလိုက်ပါ။
YANGON Service Centre Ph : 01 1223513
MANDALAY Service Centre Ph : 02 71281
OPPOMobileMM
OPPOMyanmar

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၄.၉.၂၀၁၅ ရက်နေ့၊ Kempinski Hotel - Naypyitaw ၌ ကျင်းပပြုလုပ်သော အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် "Euromoney" အဖွဲ့အစည်း၏ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံမှ

## ကမ္ဘောဇဘဏ်လီမိတက် အား

EUROMONEY AWARDS FOR EXCELLENCE 2015

## " Best Bank in Myanmar - 2015 "

ဆုကိုပေးအပ်ချီးမြှင့်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ယခုထက်ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူများ အကျိုးစီးပွားအတွက်လည်း ပိုမိုထောက်ကူအကျိုးပြုနိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

MYANMAR JAPAN ASSOCIATION

ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာ–ဂျပန်အသင်း
(Myanmar-Japan Association)

PUN HLAING SILOAM HOSPITALS

## ပန်းလှိုင်စီလုံဆေးရုံ နှလုံးဌာန အထူးအစီအစဉ်

နှလုံးသွေးကြောကျဉ်းရောဂါရာဖွေကုသခြင်းပေါင်းများစွာတို့ကိုအောင်မြင်စွာပြုလုပ်ပေးနိုင်ခဲ့သော နိုင်ငံတကာအတွေ့အကြုံရှိမြန်မာနိုင်ငံမှနှလုံးအထူးကုဆရာဝန်ကြီးများနှင့် စင်ကာပူနိုင်ငံမှ ဆရာဝန်ကြီးတို့ပူးပေါင်း၍

- နှလုံးသွေးကြောပုံရိပ်ဖော်ခြင်း
- နှလုံးသွေးကြောထောက်ကိရိယာ (Stent) ထည့်သွင်းကုသခြင်း

စသည်တို့ကိုလာရောက်ကုသပေးမည်ဖြစ်ပါသည်။



စက်တင်ဘာလ ( ၂၄ ) ရက်နေ့မှ ( ၂၆ ) ရက်နေ့အထိ

LIKE US ON facebook Pun Hlaing Siloam Hospitals

ဆက်သွယ်ရန် – ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၁၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၈၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁ Email : marketing.phsh@spa-mm.com


| ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း | ယာဉ်အမှတ် 3E/5392 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) |
|---|---|

| ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း | ယာဉ်အမှတ် ၉ဃ/၉၂၁၅ Toyota Townace, P/U(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ထင် ၉/သစန(နိုင်)၀၉၀၅၁၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့) |
|---|---|

# ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၄.၉.၂၀၁၅ ရက်နေ့၊ **Kempinski Hotel - Naypyitaw** ၌ ကျင်းပပြုလုပ်သော

အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် **"Euromoney"** ၏ ဆုချီးမြှင့်ပွဲအခမ်းအနားတွင်

မြန်မာနိုင်ငံမှ **ကမ္ဘောဇဘဏ်လီမိတက်** အား

EUROMONEY ACHIEVEMENT IN CSR 2015

## "Euromoney Achievement Award for Corporate Social Resposibility (CSR)"

ဆုကိုပေးအပ်ချီးမြှင့်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်

ပြည်သူလူထုအကျိုးစီးပွားအတွက် ပိုမိုပံ့ပိုးထောက်ကူလုပ်ငန်းမှုများ ပြုလုပ်နိုင်ပါစေကြောင်း

ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

MJA MYANMAR JAPAN ASSOCIATION

ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာ–ဂျပန်အသင်း
(Myanmar-Japan Association)

ATTOLLO အက်တို(လ်)လိုအဆင့်မြင့်ခရီးသွားကုမ္ပဏီ

| Vietnam | Europe | Kawthaung (Tha Htay Kyun) |
|---|---|---|
| USD850 | USD5000 | USD430++ |
| Oct 27 to Nov 1 | Nov 16 to 30 | Oct 28 to 31 |
| 5Nights 6Days | 14Nights 15Days | 3Nights 4Days |

01-389187, 09-32109138, 09-795418474

**ဖခင်အမည်မှန်**
ဟိုပင်မြို့ အထက(ရွာသစ်ကြီး)တက္ကသိုလ်ဝင်တန်း(A)မှ မသက်ငုံဖူးနှင့် ပဥ္စမတန်း(B)မှ မပြုံးပြုံးဝေ တို့၏ဖခင်အမည်မှန်မှာ ဦးဇော်မင်း ၁၄/ဒဒရ(နိုင်)၀၅၆၈၃၆ ဖြစ်ပါသည်။

**ပတ်စ်ပို့ပျောက်**
ကျွန်မ မခင်ပြုံးရီ ၁/မကန(နိုင်)၁၅၉၈၂၆၏ ပတ်စ်ပို့အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၀၄၄၀၇၉

**ပတ်စ်ပို့ပျောက်**
ကျွန်မ မရီရီခိုင် ၁/ဟပန(နိုင်)၀၀၈၃၄၃၏ ပတ်စ်ပို့အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၁၃၅၇၉၃၃

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
လှည်းကူးမြို့၊ ကျွန်းကလေးရပ်ကွက်၊ ပဲခူး – ရန်ကုန်လမ်းမကြီးအနီး၊ ဘုရားလမ်း၊ (G)ဥယျာဉ်မြေကျပြီး၊ ရေပါ၊မြို့စပ်ပြီး၊ တွန်တရစ်လမ်းဘေး၊ ဓာတ်တိုင်ကျပြီး၊ ဓေ (40'x60')-
120L,150L,190L,200L
Ph-09-448012251,09-252278945,09-421161198

KONICA MINOLTA

စိတ်ချမ်းသာမှု အပြည့်အဝရရှိစေမည့် **24 Hours Service** နှင့် အရစ်ကျငွေပေးချေမှုစနစ်များစွာဖြင့်ဝယ်ယူနိုင်ပါပြီ...

bizhub 165 (A3 B/W Copier) Multifunction $48/Month — Myanmar Best Seller


bizhub 195 (A3 B/W Copier) Multifunction $90/Month


bizhub C221 (A3 Color Copier) Multifunction $184/Month


bizhub C224e (A3 Color Copier) Multifunction $235/Month — Worldwide Best Seller


Gandamar O.A. & Business Solutions 01-383932, 01-383934, 09-253547980, 09-253547981

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရက်စွဲ။ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၇ရက်

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ် (မိတ္ထီလာ)အတွက် အောက်ဖော်ပြပါ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် လုပ်ငန်းရှင်/ကုမ္ပဏီများ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) အခန်းပြတင်းတံခါးများ သံပန်းတပ်ဆင်ခြင်းလုပ်ငန်း

(ခ) ကျောင်းအဝင်လမ်းပြုပြင်ခြင်းလုပ်ငန်း (၃၀၀'×၁၈'×၈") (Concrete)

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၀-၉-၂၀၁၅ ရက်မှစတင်၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ်(မိတ္ထီလာ)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂-၁၀-၂၀၁၅ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရမည်။

၃။ အသေးစိတ်သိရှိလိုပါက နည်းပညာတက္ကသိုလ်(မိတ္ထီလာ) ဖုန်း-၀၆၄-၂၃၈၈၈၊ ၀၆၄-၂၃၉၀၀ နှင့် ၀၉-၂၂၀၀၆၅၀ တို့ဖြင့် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**နည်းပညာတက္ကသိုလ်(မိတ္ထီလာ)**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန
## လူမှုဖူလုံရေးအဖွဲ့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လူမှုဖူလုံရေးအဖွဲ့မှ အောက်ဖော်ပြပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး (DPP၊ ရန်ကုန်၊ အလုံစတို) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) ရုံးသုံးစာရေးကိရိယာများ

(ခ) ရုံးသုံးပုံစံများ(ပုံနှိပ်ရန်)

(ဂ) မော်တော်ယာဉ်သုံးအပိုပစ္စည်းများ (တာယာ၊ ကျွတ်၊ ဘက်ထရီ၊ အင်ဂျင်ဝိုင်၊ ဘရိတ်ဆီ)

၂။ **တင်ဒါပုံစံဝယ်ယူရမည့်ရက်** - ၂၈-၉-၂၀၁၅ရက်မှ ၂-၁၀-၂၀၁၅ ရက်အထိ (ရုံးချိန်အတွင်း) ၁၀း၀၀ နာရီမှ ၁၆း၀၀ နာရီအထိ

၃။ **တင်ဒါ Specification တင်သွင်းရမည့်ရက်** - ၁၉-၁၀-၂၀၁၅ ရက် ရုံးချိန်အတွင်း ၁၀း၀၀ နာရီမှ ၁၆း၀၀ နာရီအထိ

၄။ **တင်ဒါတင်သွင်းရမည့်ရက်** - ၂၆-၁၀-၂၀၁၅ ရက် ၀၉း၃၀ နာရီမှ ၁၀း၀၀ နာရီအတွင်း၊ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၃၇၁၊ ၀၆၇-၄၃၀၂၂၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လူမှုဖူလုံရေးအဖွဲ့**
**ရုံးအမှတ် ၅၁၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၃၀၃၇၀**

---

## စက်မှုဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ နည်းပညာဖွံ့ဖြိုးရေးဌာန အောက်ရှိ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား (Lot)အလိုက်ဝယ်ယူရန် (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်-

| Lot No | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| 1 | Current Transformer, Multifunction Meter, etc.. | (13)Items |
| 2 | Motor, Soft Starter, Card & Valve, etc.. | (9)Items |
| 3 | Flow Regulator | (8)Items |
| 4 | Steel Wire Rope | (5)Items |
| 5 | Solenoid Valve | (10)Items |
| 6 | Pump | (7)Items |
| 7 | Cartridge Valve | (19)Items |
| 8 | Motor | (6)Items |
| 9 | Hydraulic Cylinder Seal Kits & Bushing | (4)Items |
| 10 | မီးသတ်ဆေးဘူး (ABC Powder)5kg, ($CO_2$)2kg | (၇၃)ဘူး |

၂။ **တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက်** - ၂၁-၉-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၇-၁၀-၂၀၁၅ ရက်၊ ၁၃း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

**နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**ရုံးအမှတ်(၃၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၁၆၇၊ ၀၆၇-၄၀၅၁၃၉**

---

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လက်ရှိတံတားအသုံးပြုခကောက်ခံနေသော သန်လျင်တံတား(မြန်မာ့မီးရထား)၏ ၁-၁၀-၂၀၁၅ရက်မှ ၃၀-၉-၂၀၁၈ရက်အထိ တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း (၃)နှစ်၊ လုပ်ပိုင်ခွင့်လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရွေးချယ်ငှားရမ်းသွားမည်ဖြစ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်တံတား**
သန်လျင်တံတား

(ခ) **လေလံယှဉ်ပြိုင်ခွင့်ပုံစံနှင့် စည်းကမ်းချက်များ ဝယ်ယူနိုင်သောနေရာ**
မန်နေဂျာ(စီးပွားရေး/တိုင်း) တိုင်းအမှတ် (၇) ရန်ကုန်ဘူတာကြီး(ပထမထပ်) နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးရုံး၊ သန်လျင်မြို့နယ်

(ဂ) **အိတ်ဖွင့်တင်ဒါ တင်သွင်း/ဖွင့်လှစ်မည့်ရက်နှင့်အချိန်**
၂၉-၉-၂၀၁၅ ရက် (အင်္ဂါနေ့) ၁၂း၀၀ နာရီတိတိ

(ဃ) **အိတ်ဖွင့်တင်ဒါ တင်သွင်း/ဖွင့်လှစ်မည့်နေရာ**
မြန်မာ့မီးရထား၊ ရန်ကုန်ဘူတာကြီး၊ စခန်းသာဧည့်ခန်းမဆောင်

**မှတ်ချက်။** (၁) အထက်အပိုဒ်ခွဲ(ခ)ပါနေရာများတွင် အိတ်ဖွင့်တင်ဒါလေလံယှဉ်ပြိုင်ခွင့်ပုံစံနှင့်စည်းကမ်းချက်များအား၊ (၁)စုံလျှင် (၁၀၀၀၀/-) ကျပ်နှုန်းဖြင့် ၂၂-၉-၂၀၁၅ရက်မှစ၍ နေ့စဉ် ၀၉း၀၀ နာရီမှ ၁၆း၀၀ နာရီထိ(ရုံးပိတ်ရက်အပါအဝင်) ၂၉-၉-၂၀၁၅ရက် ၁၀း၀၀ နာရီထိ ဝယ်ယူနိုင်ပါသည်။

(၂) အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မန်နေဂျာ(စီးပွားရေး/တိုင်း) တိုင်းအမှတ် (၇)ရန်ကုန်ဘူတာကြီး၊ ပထမထပ်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၃၉၃၄၂၈၊ ၀၉-၅၀၉၈၀၃၂သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**လေလံကြီးကြပ်မှုကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီး**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ် (၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်)အတွက် လိုအပ်သော Grinding Bar (Ø4", L9') 30 Tons အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၂၅-၉-၂၀၁၅ ရက် ၁၅း၃၀နာရီဖြစ်ပါသည်။ တင်ဒါပုံစံများအား အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း အရည်အသွေးထိန်းသိမ်းရေးဌာန၊ ရုံးအမှတ် ၄၁၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါများ လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံတရားဝင်ဝယ်ယူထားသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

(အသေးစိတ်သိလိုပါက စုံစမ်းရန် ဖုန်း-၀၆၇-၄၀၈၃၆၀၊ ၄၀၈၃၆၃)

**အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း**

---

## စက်မှုဝန်ကြီးဌာန
## အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
## သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ စက်ရုံ၊ အလုပ်ရုံ၊ စီမံကိန်းများသို့ Container များနှင့် General Cargo များအား သယ်ယူပို့ဆောင်ရန်ရှိပါသည်။ ထို့ပြင် အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)၌ စီမံကိန်းဝင်ပစ္စည်းများ ယာဉ်အောက်သို့ချခြင်း(Unloading) လုပ်ငန်းများလည်းရှိပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်ပတ်သက်၍ စည်းကမ်းအချက်အလက်များအား ထုတ်လုပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ် ၃၀၊ နေပြည်တော် ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၅၀၅၆၊ ၀၆၇-၄၀၅၁၇၁ တို့သို့ အသေးစိတ်မေးမြန်း၍ ထုတ်ယူနိုင်ပါသည်။

**တင်ဒါပုံစံစတင်ထုတ်ပေးရက်** - ၂၁-၉-၂၀၁၅ ရက်
**တင်ဒါပိတ်ရက်** - ၂၈-၉-၂၀၁၅ ရက် ၁၂း၀၀ နာရီ

**ထုတ်လုပ်ရေးဌာန**
**အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ အောက်ပါစက်ရုံများတွင်ရှိသော အသုံးမလိုတော့သည့် လုပ်ငန်းသုံးကုံးလုံးခွံ၊ ထုပ်ပိုးပစ္စည်းများနှင့် စိုက်ပျိုးရေးသုံးပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း တင်ဒါဖြင့်ရောင်းချလိုပါကြောင်း ကြေညာအပ်ပါသည်-

(က) အမှတ်(၁) အထည်စက်ရုံ (ရွှေတောင်)

(ခ) အမှတ်(၃) အထည်စက်ရုံ (စစ်ကိုင်း)

(ဂ) အမှတ်(၄) အထည်စက်ရုံ (ပွင့်ဖြူ)

(ဃ) အမှတ်(၆) အထည်စက်ရုံ (ဆားလင်းကြီး)

(င) အမှတ်(၇) အထည်စက်ရုံ (မြစ်သား)

(စ) အမှတ်(၈) အထည်စက်ရုံ (ပျော်ဘွယ်)

(ဆ) အမှတ်(၉) အထည်စက်ရုံ (ကျောက်ဆည်)

**တင်ဒါအမှတ်** - ၀၂/၂၀၁၅-၂၀၁၆
**တင်ဒါဖြန့်ရက်** - ၂၁-၉-၂၀၁၅ ရက်
**တင်ဒါပိတ်ရက်** - ၉-၁၀-၂၀၁၅ ရက်

၂။ အသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းနိုင်ပါသည်-
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၇၊ နေပြည်တော်၊ ထုတ်လုပ်ရေးဌာန၊
အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊
ဖုန်း-၀၆၇-၄၀၈၁၃၈၊ ၀၆၇-၄၀၈၄၃၉၊ ၀၆၇-၄၀၈၄၉၂

---

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းကို ဗီသုကာပုံစံနှင့်အညီ ဆောင်ရွက်လိုပါသည်-

| စဉ် | လုပ်ငန်းအမျိုးအမည် |
|---|---|
| (က) | အနောက်ရန်ကင်းဘဏ်ရိပ်သာတွင် ဓားစက်(SEM)အသစ် ၂လုံး ထားရှိရန်အတွက် (၁၃၀×၇၀×၂၂)ပေ အရွယ်အစားရှိ တစ်ထပ် Steel Structure အဆောက်အအုံ တည်ဆောက်ခြင်း။ (မြို့ပြ၊ ရေသန့်၊ လျှပ်စစ်အပါအဝင်) (ဌာန) (ရန်ကင်းမြို့နယ်၊ ရန်ကုန်) |

၂။ တင်ဒါစည်းကမ်းချက်များ ပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံကို ၂၄-၉-၂၀၁၅ ရက်မှ ၂၈-၉-၂၀၁၅ ရက်အထိ နေ့စဉ်နံနက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအထိ ရုံးဖွင့်ရက်များအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးအမှတ် ၅၅၊ စီမံခန့်ခွဲမှုနှင့်နည်းပညာဌာန၊ မြို့ပြအင်ဂျင်နီယာဌာနစိတ်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၃၀-၉-၂၀၁၅ ရက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ရုံးအမှတ် ၅၅၊ စီမံခန့်ခွဲမှုနှင့် နည်းပညာဌာနတွင် တင်ဒါခေါ်ယူစစ်ဆေးရေးအဖွဲ့ ရှေ့မှောက်တွင် တင်သွင်းရန်ဖြစ်ပါသည်။ (သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။)

၄။ အသေးစိတ်သိရှိလိုသော အချက်များရှိပါက ဖုန်း-၀၆၇-၄၁၈၉၀၉၊ ၀၆၇-၄၁၈၂၆၀ တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ဗဟိုဆေးသိုလှောင်ရေးဌာနသည် ဆေးနှင့်ဆေးပစ္စည်းများ Consumable များကို ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ်ကို ဗဟိုဆေးသိုလှောင်ရေးဌာန၊ အမှတ် (၅၇)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၂-၉-၂၀၁၅ ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၉-၁၀-၂၀၁၅ ရက် မွန်းလွဲ ၂း၀၀ နာရီ

ဆက်သွယ်ရန်ဖုန်း-၃၇၂၃၆၂၊ ၃၇၁၉၆၉၊ လိုင်းခွဲ ၂၁၆

**ဗဟိုဆေးသိုလှောင်ရေးဌာန**

---

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၁-၉-၂၀၁၅ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၂၄-၉-၂၀၁၅ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

---

## အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်ခြင်း

၁။ **ခေါ်ယူသည့်တင်ဒါ** - ရန်ကုန်တက္ကသိုလ်၏ (၁၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် ဘွဲ့နှင်းသဘင်ခန်းမအတွင်း ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးရေးလုပ်ငန်း

၂။ **တင်ဒါသက်တမ်း** - ၂၁-၁၁-၂၀၁၅ရက်မှ ၂၂-၁၁-၂၀၁၅ ရက်အထိ

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ဌာန

၄။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၈-၁၀-၂၀၁၅ ရက် (ကြာသပတေးနေ့)၊ ရုံးချိန်အတွင်း

၅။ **တင်ဒါပုံစံပိတ်မည့်ရက်** - ၁၅-၁၀-၂၀၁၅ ရက် (ကြာသပတေးနေ့)၊ ရုံးချိန်အတွင်း

၆။ **တင်ဒါတင်သွင်းရမည့်ရက်၊ အချိန်၊ နေရာ** - ၂၂-၁၀-၂၀၁၅ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၀၀ နာရီ ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ကောင်စီခန်းမ

၇။ အသေးစိတ်အချက်အလက်များကို အထက်ပါတင်ဒါပုံစံ ရောင်းချမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၅၃၄၀၉၈ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရန်ကုန်တက္ကသိုလ်**

---

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရှိ အုပ်ချုပ်မှုသုံးယာဉ်နှင့် လုပ်ငန်းသုံးယာဉ်များအတွက် လိုအပ်သောတာယာမျိုးစုံ (၄၃၇)လုံးနှင့် ဘက်ထရီမျိုးစုံ (၁၁၀)လုံးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၁-၉-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၁-၁၀-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊**
**ပစ္စည်းစီမံရေးဌာန၊ ရန်ကုန်မြို့**
**အမှတ် (၁၉၇/၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊**
**ဖုန်း-၀၁-၂၂၀၈၁၆**

---

## မြန်မာနိုင်ငံ ဆရာဝန်အသင်း
## အဏုဇီဝဗေဒအဖွဲ့ ဟောပြောပွဲ ကျင်းပမည်

မြန်မာနိုင်ငံဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့က ကြီးမှူး၍ " The Gut in Health and Disease " ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို စက်တင်ဘာ ၂၆ ရက် (စနေနေ့)နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ (အေ)၌ ပါမောက္ခ ဒေါက်တာကြည်ကြည်သင်း၊ ပါမောက္ခ ဒေါက်တာမြမြအေး၊ ပါမောက္ခ ဒေါက်တာတင်တင်မေနှင့် ပါမောက္ခ ဒေါက်တာသိန်းလွင် တို့က ဟောပြောကြမည်ဖြစ်ရာ တက်ရောက်လိုသူများသည် အဏုဇီဝဗေဒဌာန ဆေးတက္ကသိုလ် (၁)၊ (၂)နှင့် တပ်မတော်ဆေးတက္ကသိုလ်တို့တွင် ရုံးချိန်အတွင်း စာရင်းပေးသွင်းနိုင်ပါသည်။

**မြန်မာနိုင်ငံဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)တောင်၊ မြေကွက်အမှတ် (၇၅၀/ခ)၊ မြေကွက်တည်နေရာအမှတ် ၇၅၀၊ ရန်ပြေ (၁)လမ်း၊ (၂)တောင်ရပ်ကွက်၊ သာကေတမြို့နယ် (ဦးမျိုးခင် MON - ၁၅၁၇၆၉) အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား ဦးမျိုးခင်ကိုယ်တိုင်မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၅၊ မြေကွက်အမှတ် ၈၀၈၊ မြေကွက်တည်နေရာအမှတ် ၈၀၈၊ ၈၅ ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဦးလွန်းကြည် အမည်ပေါက် ပါမစ်မြေအား ပါမစ်မြေအမည်ပေါက် ဦးလွန်းကြည်ထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူသူ ဒေါ်မြမြခိုင် ၁၂/လကန(နိုင်)၁၇၁၅၈၄ မှ မြေချပါမစ်ခြကိုက်မူရင်းတင်ပြ၊ အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်တို့တင်ပြ၍ နှစ် ၆၀ မြေငှားဂရန်စာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကွန်ကရစ်ဓာတ်မီးတိုင်လုပ်ငန်း

ကွန်ကရစ်ဓာတ်မီးတိုင်များ T.S.B အမှတ်တံဆိပ်ဖြင့် 8m, 9m, 10m, 12m များကို စံချိန်စံညွှန်းမှီ ထုတ်လုပ်ရောင်းချပေးနေပါသည်။ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းများသို့ ညှိနှိုင်းဈေးဖြင့် အရောက်ပို့ပေးနေပါသည်။

စက်ရုံတည်နေရာ - မော်လမြိုင်မြို့၊ ကျောက်တန်းစက်မှုဇုန်အနီး။

Ph: 09-5661677, 09-795661677, 09-5322829



✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဆက(စာနယ်ဇင်း) ၀၁၇/၀၃၁၅

ဖျံ့-၅-ကောင် အမှတ်တံဆိပ်

သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို

တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)

ဖျံ့-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၈၀၁၇၅၊ ၃၉၂၅၉၄


## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့နယ်၊ ပေါက်ကုန်းရပ်ကွက်ရှိ အကွက်အမှတ် ၄၁၊ ဦးပိုင်အမှတ် ၉၉၊ မြေဧရိယာ ၀ ဒသမ ၁၀၅ ဧကရှိ ဦးကျော်အောင် အမည်ပေါက် ၁၀ နှစ် မြေငှားဂရန်အား ဦးဆွမ်လွတ်ဂမ် အမည်သို့ အမည်ပြောင်းရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ဗန်းမော်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့နယ်၊ ညောင်ပင်ရပ်ကွက်ရှိ အကွက်အမှတ် ၂၁၊ ဦးပိုင်အမှတ် ၃၈၊ မြေဧရိယာ ၀ ဒသမ ၀၈၈ ဧကရှိ ဦးဂရေ့နှင့် ဒေါ်အက်လစ် အမည်ပေါက် ၁၀ နှစ် မြေငှားဂရန်အား ဦးသန့်ဇင်၁/ဗမန(နိုင်)၀၂၆၃၆၄ အမည်သို့ အမည်ပြောင်းရန် လျှောက်ထားလာရာ ကြော်ငြာသည့်ရက်မှစ၍ တရားဝင်ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ဗန်းမော်မြို့**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးခင်မောင်ဝင်း

**ဒုတိယဝန်ကြီး(ငြိမ်း) နိုင်ငံခြားရေးဝန်ကြီးဌာန**

**အသက်(၇၃)နှစ်**

ဦးမျိုးဇင်(MD,Leonine Co.,Ltd)-ဒေါ်တင်နွယ်ညို (PETRONAS Carigali Myanmar Limited)တို့၏ချစ်လှစွာသောဖခင် ဦးခင်မောင်ဝင်းသည် ၁၇-၉-၂၀၁၅ရက် (ကြာသပတေးနေ့) ည ၇း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**B.O.D အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ**
**Leonine Co.,Ltd**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးခင်မောင်ဝင်း

**ဒုတိယဝန်ကြီး(ငြိမ်း) နိုင်ငံခြားရေးဝန်ကြီးဌာန**

**အသက်(၇၃)နှစ်**

ဦးမျိုးဇင်(MD,EnchantingTravels & Tours Co.,Ltd)-ဒေါ်တင်နွယ်ညို (PETRONAS Carigali Myanmar Limited)၊ ဦးမျိုးထွေး(Director, Enchanting Travels & Tours Co.,Ltd)-ဒေါ်အေးလပြည့်ဝင်း(Xinhua News Agency) တို့၏ ချစ်လှစွာသောဖခင် ဦးခင်မောင်ဝင်းသည် ၁၇-၉-၂၀၁၅ရက် (ကြာသပတေးနေ့)ည၇း၅၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**B.O.D အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ**
**Enchanting Travels & Tours Co.,Ltd**

## (၂)နှစ်ပြည့် ကုသိုလ်ပြုအမျှပေးဝေခြင်း

### ဒေါ်ခင်မာမာကြွယ်

**ဌာနစုမှူး၊ သမဝါယမတက္ကသိုလ်(သန်လျင်)**

**(၂၁-၉-၂၀၁၃ မှ ၂၁-၉-၂၀၁၅)**

ဘဝမျဉ်းကျား၊ ပိုင်းဖြတ်သွားလည်း
မခြားစိတ်ထင်၊ ထာဝစဉ်သာ
ရင်မှာစွဲသိ၊ ရှိနေဘိသို့…
ယနေ့ ယခု
ကောင်းမှုဒါန၊ ပြုသမျှကို
ရပါစေဟု၊ မျှဝေပြုသည်
သာဓုခေါ်ဆိုနိုင်ပါစေ

ပါကြီး - ဦးဇော်ဝင်း
ဖိုးသား - မောင်ဘုန်းပြည့်ဦး
ညီမ - ဖြိုး

## (၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

### ကိုအောင်သန်းနိုင်

**(ဒု-အကောက်ခွန်မှူး)**

ချစ်လှစွာသောသား အောင်သန်းနိုင် ကွယ်လွန်သွားခဲ့သည်မှာ တစ်နှစ်ပြည့်မြောက်ခဲ့သော်လည်း နေ့စဉ်နှင့်အမျှ သတိရနေဆဲပါ။ အပတ်စဉ်၊ လစဉ်၊ ပြုလုပ်သော ကုသိုလ်ကောင်းမှု အစုစုတို့အား အမျှပေးဝေပါသည်။ ပြုလုပ်သမျှ ကုသိုလ်ကောင်းမှုကို မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။ ဘဝဆက်တိုင်း အသက်ရှည်ရှည်၊ အနာကင်း၊ ကျန်းမာသောဘဝကို ပိုင်ဆိုင်နိုင်ပါစေ။

**အမျှ…အမျှ…အမျှ**

**သာဓု…သာဓု…သာဓု**

**မေမေ-ဒေါ်သန်းရီနှင့်မိသားစု**

## အမည်မှန်

ဒီးမော့ဆိုမြို့နယ်၊ ငွေတောင်ကျေးရွာအုပ်စု၊ ဒေါင်ရောက်ကျေးရွာနေ ဒေါ်ခင်လေးမြင့်၂/ဒမဆ(နိုင်)၀၁၉၉၉၃၏ အမည်မှန်မှာ ဒေါ်အသွေးဇယ် ဖြစ်ပါကြောင်း။

**ဒေါ်အသွေးဇယ်**

## အမည်မှန်

အေးသာယာမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်သက်ဘုန်းနိုင်၏ အမည်မှန်မှာ မောင်သက်ဖုန်းနိုင် ဖြစ်ပါကြောင်း။

**မောင်သက်ဖုန်းနိုင်**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၁၁)၊ တက္ကသိုလ်ဝင်တန်း (Eco-B)မှ မလုစီ၏ ဖခင်အမည်မှန်မှာ ဦးဒံယေ ဖြစ်ပါကြောင်း။

**ဦးဒံယေ**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၁၁)၊ တက္ကသိုလ်ဝင်တန်းမှ မထက်ထက်ဦး၏ ဖခင်အမည်မှန်မှာ ဦးလီဒို ဖြစ်ပါကြောင်း။

**ဦးလီဒို**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၁၁)၊ တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်ကျော်၏ ဖခင်အမည်မှန်မှာ ဦးလီလီဆန်းဖြစ်ပါကြောင်း။

**ဦးလီလီဆန်း**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၁၁)၊ တက္ကသိုလ်ဝင်တန်းမှ မသန္တာလင်းနှင့် မသန္တာဝင်းတို့၏ ဖခင်အမည်မှန်မှာ ဦးမင်းနိုင် ဖြစ်ပါကြောင်း။

**ဦးမင်းနိုင်**

## မိဘအမည်မှန်

တောင်ကြီးမြို့၊ အထက(၁၁)၊ တက္ကသိုလ်ဝင်တန်းမှ မခင်မြင့်မြင့်ဌေး၏ မိဘအမည်မှန်မှာ ဦးလဖိုင်လ-ဒေါ်ရန်ရှမ်း ဖြစ်ပါကြောင်း။

**ဦးလဖိုင်လ-ဒေါ်ရန်ရှမ်း**

## ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ ကွန်လုံကျေးရွာအုပ်စု၊ ပုန်းအင်းကျေးရွာနေ နန်းစိန်ဖြူ၏ ဖခင်အမည်မှန်မှာ ဦးထွန်းမောင် ၁၃/တကန(နိုင်)၂၅၀၃၆၉ ဖြစ်ပါကြောင်း။

**ဦးထွန်းမောင်**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်မြဝင်း ၁၃/တကန(နိုင်)၀၀၉၇၃၆၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၃၉၂၉၀၁၁**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးလှထွန်း ၁၃/တကန(နိုင်)၀၀၉၇၄၅၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၃၉၂၉၀၁၁**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ကွင်းကျောင်းလမ်း၊ တိုက်(၈)နေ ဦးကျော်စိန်ဝင်း ၁၂/အစန(နိုင်)၀၆၈၂၁၀၊ ဦးမျိုးတင့် ၁၂/အလန(နိုင်)၀၀၁၆၈၂တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ နှင်းဆီ (၁)လမ်း၊ (၈၀၅/က)၊ အလျား×အနံပေ(၂၀×၆၀)အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဦးကျော်စိန်ဝင်း ၁၂/အစန(နိုင်)၀၆၈၂၁၀နှင့် ဦးမျိုးတင့် ၁၂/အလန(နိုင်)၀၀၁၆၈၂ နှစ်ဦးအမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။အဆိုပါဦးကျော်စိန်ဝင်း၊ ဦးမျိုးတင့် နှစ်ဦးအမည်ပေါက် ဂရန်နှင့်ပတ်သက်၍ ဂရန်အမည်ပေါက်များ၊ ကိုယ်တိုင်မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းထားခြင်း အာမခံအဖြစ်တင်သွင်းထားခြင်းတို့ (လုံး၀)မရှိပါကြောင်းနှင့် အဆိုပါ ဦးကျော်စိန်ဝင်း၊ ဦးမျိုးတင့် အမည်ပေါက် ဂရန်မူရင်းမှာ နေအိမ်ပြောင်းရွှေ့စဉ်၌ ပျောက်ဆုံးသွားပါသဖြင့် လက်ဝယ်ရရှိထားသူ၊ ကိုင်ဆောင်ထားသူများမှ သတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပြန်လည်ပေးအပ်ပါက ကျေးဇူးဆပ်မည်ဖြစ်ပြီး ၄င်းနှင့်နောက်ပိုင်းသတင်းစာကြော်ငြာပါသည့်ရက်ကျော်လွန်သွားပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်စိန်ဝင်းနှင့် ဦးမျိုးတင့်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာစိုး (စဉ်-၃၂၂၅၁)**
**LL.B, D.S.W,D.C.S,C.A.B.S,WIOP (switzerland) Psycho Social Support**
**အထက်တန်းရှေ့နေ**
**ရွှေလက်အိမ် အိမ်၊ ခြံ၊ မြေနှင့် ဥပဒေအကျိုးဆောင်လုပ်ငန်း**
**ရုံး(၁) အမှတ် (၃၀၇)၊ ဘုမ္မာ (၁၀)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရုံး (၂) ရှေ့နေရုံးခန်း(တက်သစ်စ)၊ နွယ်သာကီလမ်းမကြီး၊**
**(ဆ)ရပ်ကွက်၊ တရားရုံးအနီး၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၄၃၁၂၉၀၃၆၊ ၀၉-၂၂၀၁၃၃၂**

## ခရစ်တော်၌အိပ်ပျော်ခြင်း

### ဦး JOEL တင်မြင့်

**အမှတ်(၁)၊ ရေနံချက်စက်ရုံ(သန်လျင်) ငြိမ်း**

**အသက်(၈၂)နှစ်**

သန်လျင်မြို့၊ ပဲခူးစုရပ်ကွက်၊ သာဓုလမ်း၊ အမှတ်၇နေ (ဦးခိုင်ထူး-ဒေါ်ဖြူးလာ)တို့၏သား၊ (ဦးမိုးလှ-ဒေါ်လှစိန်)တို့၏သားသမက်၊ (ဦးတင်)-ဒေါ်မာမာဇင်တို့၏မောင်၊ [ဒေါ်နော်သန်းညွန့်(အထက-၄၊ သန်လျင်၊ ငြိမ်း)]၏ခင်ပွန်း၊ ဒေါက်တာဦးကျော်စံနိုင်-ဒေါ်သူဇာမြင့်၊ ဒေါ်စုစုမြင့်၊ စော Timothy ထူး-ဒေါ်ဝါဝါမြင့်၊ ဦးသစ်လွင်ဦး၊ ဦးစောဝင်းမြိုင်-ဒေါ်လွင်လွင်မြင့်၊ ဦးရန်ကျော်ဦး-ဒေါ်စုနန္ဒာကျော်တို့၏ဖခင်၊ ဒေါက်တာဇင်ဖြိုးနိုင်၊ မောင်အံ့ဖြိုးနိုင်၊ စောCeasar ထူး၊ စောShaytha ထူး၊ ဉာဏ်လင်းဦး၊ နော်Eunice တို့၏အဘိုးသည် ၁၉-၉-၂၀၁၅ ရက်(စနေနေ့)နံနက် ၉း၁၁ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၁-၉-၂၀၁၅ ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် သန်လျင်မြို့၊ ကျီးပင်လမ်း၊ ကျောက်ရေတွင်း မြန်မာနှစ်ခြင်းအသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး အမိုးနီခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

### ဦးမဲ အသက်(၈၀)

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ကုလားချောင်းကြီးကျေးရွာ၊အရှေ့ကျောင်း ဆရာတော်ဦးစန္ဒရ၏ရဟန်းဒါယကာကြီး၊ (ဦးဘကျန်-ဒေါ်ဖြူ)တို့၏သား၊ ဦးအုန်းရွှေ-ဒေါ်သန်းရွှေတို့၏သားသမက်၊ ကုလားချောင်းကြီးရွာနေ (ဦးကုလား-ဒေါ်ညွန့်ရင်)၏ညီ၊ (ဦးကျော်ရှိန်-ဒေါ်စိန်တင်)၊ (ဦးပန်းမောင်)၊ (ဦးသုခ)-ဒေါ်စိန်ခင်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ ဦးသက်လွင်(ခ)ဦးလှမင်း-ဒေါ်ခင်မာအေး(လမင်းအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ စော်ဘွားကြီးကုန်းနေ ဒေါ်အေးအေးနိုင်(လမင်းအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ ဦးကိုကြီး-ဒေါ်တင်တင်ချို(လဝန်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ ဦးထွန်းထွန်းလင်း-ဒေါ်စန်းယုမော်(လမင်းအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)တို့၏ဖခင်၊ မအေးမိုမိုကို၊ မောင်ဝေယံဖြိုး၊ မမြတ်နိုးလမင်း၊မောင်ထက်မြတ်နိုင်၊ မလဝန်းလင်းလက်တို့၏အဘိုး၊ ဒေါ်လှ၏ခင်ပွန်းသည် ၁၉-၉-၂၀၁၅ရက်(စနေနေ့)တွင်ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၁၅ရက်(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် သနပ်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၅-၉-၂၀၁၅ရက်(သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း

### ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**ဘိုကလေးမြို့နယ်တရားမရုံးတော်၌**

**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၁၇ နှင့်ဆက်သွယ်သည့်**

**၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၁၁၈**

ဦးမြင့်ဝေ **နှင့်** ဦးမြင့်ဇော်ဦး
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ဦးမြင့်ဇော်ဦး(ဘ)ဦးသောင်းမြင့် ရွာသာအေးကျေးရွာ၊ ဘုရားချောင်းကျေးရွာအုပ်စု၊ ဘိုကလေးမြို့နယ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၁၇တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဦးမြင့်ဝေက လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် အောက်တိုဘာ ၆ ရက် (၁၃၇၇ခုနှစ် တော်သလင်းလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် စက်တင်ဘာ ၁၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ကျော်)**
**မြို့နယ်တရားသူကြီး**
**ဘိုကလေးမြို့နယ်တရားရုံး**

## အမည်မှန်

ဦးလောင်ဟိုင်-ဒေါ်လီလုံဟွမ်တို့၏သမီး၊ လားရှိုးမြို့၊ အထက(၂)တက္ကသိုလ်ဝင်တန်း(D) မှ မမြင့်မြင့်၏အမည်မှန်မှာ မမြင့်မြင့်(ခ)မရွှမ်းဆုံ ၁၃/လရန(နိုင်)၁၈၉၄၇၉ ဖြစ်ပါကြောင်း။

## အမည်မှန်

ဦးရောက်တုတ် (ခ) ဦးရောက်ကုတ်-ဒေါ်ကျင်မေ(ခ)ဒေါ်ကျင်းမေတို့၏သမီး၊ လားရှိုးမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(D) မှ မလုံကြူး၏ အမည်မှန်မှာ မလုံကြူး(ခ)မလုံကြူ ဖြစ်ပါကြောင်း။

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးစံဦး (ဖီးဖြူပင်-ခရမ်း)

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ ကျိုက္ကစံအဆင့်မြင့်အိမ်ရာ၊ တိုက် စီ၊ အခန်း ၃၊ မြေညီထပ်နေ (ဦးလှလေး-ဒေါ်ငွေသင်)တို့၏သား၊ ဒေါ်တင်၏ခင်ပွန်း၊ ဒေါ်ကျင်ငွေး၊ ဦးမင်းသူ-ဒေါ်သန်းသန်းမြင့်၊ ဦးသက်ထွန်း-ဒေါ်မြင့်မြင့်ဆွေ၊ ဦးကျော်သောင်း-ဒေါ်ညွန့်သိန်း၊ ဦးသန်းဝင်း-ဒေါ်ဝင်းသန်း၊ ဒေါ်ခင်စန်းတင့်၊ဦး ကျော်ခိုင်သိန်း-ဒေါ်ခင်စန်းယုတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေး ၁၄ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘိုးသည် ၁၉-၉-၂၀၁၅ရက် (စနေနေ့)နံနက် ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဦးထွန်းခိုင်မွန်

### B.Sc(Physics)

**အသက်(၅၀)**

(ဦးကြင်-ဒေါ်စိန်တင်)၊(ဦးစံညွှန့်-ဒေါ်ထားတင်)တို့၏မြေး၊ ရန်ကုန်မြို့၊ အင်းလျားလမ်း၊ အမှတ် ၇၆(စီ)နေ (ဒေါက်တာဦးရဲမွန်)-ဒေါက်တာဒေါ်ခင်ခင်အေးတို့၏ချစ်လှစွာသောသား၊ ဒေါက်တာ ဦးအောင်ဆန်းဝင်း-ဒေါ်အေးအေးမွန်၊ ဦးသက်မော်-ဒေါ်အုန်းအုန်းမွန်၊ ဦးထွန်းနိုင်မွန်တို့၏မောင်၊ ညီ၊ ဒေါ်ယဉ်လှဲ့မွန်၏အစ်ကို၊ မောင်ထက်မြက်မွန်ဝင်း၊ မောင်ကောင်းမြတ်သက်မွန်၊ မောင်အောင်ပြည့်သက်မွန်၊ မဆုပြည့်သက်မွန်တို့၏ ဦးလေးသည် ၁၉-၉-၂၀၁၅ရက် (စနေနေ့)နံနက် ၅း၂၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၁၅ရက် (တနင်္လာနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# အာရှနှင့် ကမ္ဘာ့ရှိုးယွမ် ချန်ပီယံရှစ်ပြိုင်ပွဲ ပထမနေ့ မြန်မာရွှေ၊ ငွေ၊ ကြေးရရှိ

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် စက်တင်ဘာ ၂၀**

မြန်မာနိုင်ငံမှ ပထမဆုံးအကြိမ်အဖြစ် လက်ခံကျင်းပသည့် အာရှ ရှိုးယွမ်ချန်ပီယံရှစ်ပြိုင်ပွဲနှင့် (၅)ကြိမ်မြောက် ကမ္ဘာ့ရှိုးယွမ်ချန်ပီယံရှစ်ပြိုင်ပွဲကြီးကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ အားကစားပြိုင်ပွဲရုံ-၁ (သုဝဏ္ဏ)၌ ပြိုင်ပွဲပထမနေ့အဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ပထမနေ့ပြိုင်ပွဲများအပြီးတွင် မြန်မာရှိုးယွမ်အမျိုးသမီးအသင်းက ရွှေတစ်ခု၊ ငွေနှစ်ခုနှင့် ကြေးနှစ်ခုတို့ ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲကြီး၌ ယခင်ပြိုင်ပွဲမစမီက ပါဝင်ယှဉ်ပြိုင်မည့် နိုင်ငံပေါင်း ၂၂ နိုင်ငံလာရောက်ယှဉ်ပြိုင်မည်ဟု ကြေညာခဲ့သော်လည်း ယနေ့ပြိုင်ပွဲစတင်ချိန်တွင် ဩစတြေးလျ၊ အင်ဒိုနီးရှား၊ ကာဂျစ်စတန်နှင့် တာဂျစ်ကစ္စတန်နိုင်ငံတို့မှာ အကြောင်းအမျိုးမျိုးတို့ကြောင့် လာရောက်ယှဉ်ပြိုင်နိုင်ခြင်းမရှိသဖြင့် ၁၈ နိုင်ငံသာ *စာမျက်နှာ ၁၀ ကော်လံ ၁* ◆



ရခိုင်ရိုးရာကျင်အားကစားနည်း သရုပ်ပြဟန်။

# သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(က)ပထမဆုံးလုပ်ကွက် မကြာမီဖွင့်မည်

**သန်လျင် စက်တင်ဘာ ၂၀**

သတင်းနှင့်ဓာတ်ပုံ ➤ စိုးဝင်း(SP)

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်ကျောက်တန်းဒေသ၌ ဖော်ဆောင်လျက်ရှိသည့် သီလဝါအထူးစီးပွားရေးဇုန်၏ အပိုင်း(က)ဖွံ့ဖြိုးရေးမှ ပထမဆုံးလုပ်ကွက်ဖြစ်သော ဟက်တာ ၂၁၀ အကျယ်ရှိ phase (1) ဧရိယာမှာ ယခုအခါတွင် ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်၍ လာမည့် စက်တင်ဘာ ၂၃ ရက်တွင် ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း တာဝန်ယူဆောင်ရွက်လျက်ရှိသည့် SUNTAC အင်ဂျင်နီယာ ဆောက်လုပ်ရေးကုမ္ပဏီမှ သိရသည်။

"ဒီသီလဝါ ဖွံ့ဖြိုးရေးဇုန်ကြီးအပိုင်း(က) phase(1)ကို ၂၀၁၃ခုနှစ် နိုဝင်ဘာလကုန်ပိုင်းက စတင်ခဲ့တာဟာ အခုဆို ရာနှုန်းပြည့်ပြီးစီးနေပါပြီ။ ဒီလိုပြီးစီးလာတဲ့အပေါ်မှာ ဒီဧရိယာအတွင်းရှိနေတဲ့ *စာမျက်နှာ ၃ ကော်လံ ၁* ❁




## ယနေ့ ဖတ်စရာ

အာကာသသို့ ဂြိုဟ်တု အသေးစားသယ်ဆောင်မည့် ဂြိုဟ်တုပုံစံသစ် တရုတ် အောင်မြင်စွာစမ်းသပ်
စာမျက်နှာ » ၄

မြန်မာ-ထိုင်းနှစ်နိုင်ငံ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးဆောင်ရွက်
စာမျက်နှာ » ၆

မြန်မာ-ထိုင်းပူးပေါင်း၍ မန္တလေးမြို့၌ သံဃာအပါး ၁၀၀၀၀ ဆွမ်းဆန်စိမ်း လောင်းလှူ
စာမျက်နှာ » ၁၀




Gmail mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNEWS
မြန်မာ့အလင်း

# ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများ






## ဆန္ဒမဲလက်မှတ်

ရောင်စုံပုံနှိပ်ထားတဲ့စာရွက်ပါ။ မဲလက်မှတ်ဟာ နှစ်ခြမ်းရှိပြီးမဲလက်မှတ် ထုတ်ပေးသူမှဖြတ်ပေးလိုက်ပြီး လက်ခံထားရှိမယ့်ဘက်အခြမ်းမှာ မိမိရဲ့အမည်၊ မဲစာရင်းအမှတ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်တို့ ပါရှိမှာဖြစ်ပြီး မိမိဆန္ဒပြုရမယ့် အခြားတစ်ခြမ်းမှာ ကိုယ်စားလှယ်လောင်းအမည်၊ တံဆိပ်နဲ့ဆန္ဒပြုဖို့ လေးထောင့်ကွက် (□) တို့သာ ပါရှိမှာပါ။ မိမိကိုသိရှိနိုင်တဲ့ အခြားမည်သည့်အမှတ်အသားမျှ မပါဝင်ရပါ။







ရွေးကောက်ပွဲကျင်းပရန်

**၄၈**

ရက်သာလိုတော့သည်။












# ပြည်သူ့ဒီမိုကရေစီပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၀

**ပြည်သူ့ဒီမိုကရေစီပါတီဥက္ကဋ္ဌ ဦးအောင်မြင့်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၀ ရက် ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



ချစ်ခင်လေးစားအပ်ပါသော ပြည်သူပြည်သားဆွေမျိုးသားချင်းများ ခင်ဗျား ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာစွာရှိကြပါစေကြောင်း ဦးစွာ ပထမ ဆုမွန်ကောင်းတောင်းရင်း ဆန္ဒပြုအပ်ပါတယ်။

ရှေးဦးစွာ ကျွန်တော့်အနေနဲ့ ကိုယ့်ကိုယ်ကို မိတ်ဆက်ပေးပါရစေ။ ကျွန်တော့်နာမည်ကတော့ အောင်မြင့်ဖြစ်ပါတယ်။ ပြည်သူ့ဒီမိုကရေစီပါတီရဲ့ဥက္ကဋ္ဌတာဝန်ကိုထမ်းဆောင်နေပါတယ်။ ပထမဆုံးအနေနဲ့ ကျွန်တော်တင်ပြလိုတာကတော့ ပြည်သူ့ဒီမိုကရေစီပါတီအလံနှင့် အမှတ်တံဆိပ်ရဲ့ ရည်ရွယ်ချက်နှင့်အနက်အဓိပ္ပာယ်ကို တင်ပြပေးမှာဖြစ်ပါတယ်။ ပါတီအလံရဲ့ အောက်ခံအရောင်ဖြစ်တဲ့ အနီရောင်ဟာ ရဲရင့်ခြင်း၊ ပြတ်သားခြင်းဆိုတဲ့အဓိပ္ပာယ်ကို ဖော်ဆောင်ပါတယ်။ အပြာရောင်ကတော့ တည်ကြည်ခြင်း၊ အေးချမ်းခြင်း၊ ငြိမ်းချမ်းခြင်းဆိုတဲ့အဓိပ္ပာယ်ကို ဖော်ဆောင်ပါတယ်။ ကြယ်ဖြူကြီးတစ်လုံးမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို ကိုယ်စားပြုပြီး ကြယ်ဖြူအသေးငါးလုံးကတော့ အလုပ်သမား၊ လယ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်နဲ့ စီးပွားရေးလုပ်ငန်းရှင်များက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို ဝန်းရံထားတဲ့သဘောကို ဖော်ဆောင်ပါတယ်။

ကျွန်တော်တို့အလံရဲ့ အောက်နားမှာရှိနေတဲ့ သင်္ကေတကတော့ အရွယ်တူ ကြယ်ဖြူ ၁၄ လုံးရဲ့ အလယ်မှာ တူ-တံစဉ်-စက်သွားတို့ပါရှိပြီး သူ့ရဲ့အဓိပ္ပာယ်ကတော့ တိုင်းဒေသကြီး၊ ပြည်နယ် ၁၄ ခုအတွင်းမှာရှိကြတဲ့ လယ်သမား၊ အလုပ်သမား၊ စက်မှုလုပ်ငန်းလုပ်ကိုင်နေသူများကို အခြေခံပြီး နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဆိုတဲ့ အဓိပ္ပာယ်ကို ဖော်ဆောင်ပါတယ်။

ပြည်သူ့အရေး၊ ဒို့အရေး

ပြည်သူ့အသံ၊ ဒို့အသံ

ပြည်သူ့ဆန္ဒ၊ ဒို့ဆန္ဒ ဆိုတဲ့ ဆောင်ပုဒ်ကို လက်ကိုင်ထားပြီး ပြည်သူပြည်သားများ၏ အကျိုးစီးပွားများကိုရှေးရှု၍ အတတ်နိုင်ဆုံး ကျော်သားရင်သားမခွဲခြားဘဲ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဆက်လက်ပြီး ပါတီရဲ့မူဝါဒများကို တင်ပြပေးသွားမှာဖြစ်ပါတယ်။

အမျိုးသားရေးမူဝါဒအနေနဲ့ ပြည်ထောင်စုကြီးအတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုအားလုံး ချစ်ကြည်သွေးစည်းမှုဖြင့် စစ်မှန်သော စည်းလုံးညီညွတ်မှုကို အခြေခံကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို အတူတကွ တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းကာကွယ်သွားမှာဖြစ်ပြီး အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံရေးမူဝါဒအနေနဲ့ စစ်မှန်ပြီးစည်းလုံးညီညွတ်မှုရှိတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသွားမှာဖြစ်ပါတယ်။

စီးပွားရေးမူဝါဒအနေနဲ့ လွတ်လပ်၍မျှတသော ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးပြီးလူတစ်စု၏ လက်ဝါးကြီးအုပ် ချယ်လှယ်မှုကို တွန်းလှန်ပေးသွားမှာဖြစ်ပါတယ်။

နိုင်ငံခြားရေးမူဝါဒအနေနဲ့ ပြောရမယ်ဆိုရင် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးသွားမှာဖြစ်ပြီး ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး၊ တစ်ဦး၏အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုကို တစ်ဦးက အပြန်အလှန်လေးစား အသိအမှတ်ပြုရေး၊ တစ်ဦး၏နယ်မြေကို တစ်ဦးက မကျူးကျော်ရေး၊ တစ်ဦး၏ပြည်တွင်းရေးကိုတစ်ဦးက ဝင်ရောက်မစွက်ဖက်ရေး၊ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုတဲ့ ဘန်ဒေါင်းမူကြီးငါးချက်နှင့်အညီ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကာကွယ်ရေးမူဝါဒအနေနဲ့ တပ်မတော်ဟာ နိုင်ငံတော်၏အချုပ်အခြာအာဏာကို ထိပါးလာမယ့် ပြည်တွင်း/ပြည်ပ ရန်သူများရဲ့ အန္တရာယ်မှ ကာကွယ်ရန်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်ရေးအတွက် အဓိကကျသော ခေတ်မီတပ်မတော်အဖြစ် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

တောင်သူလယ်သမားရေးဆိုင်ရာ မူဝါဒနှင့် ပတ်သက်၍ ကျွန်တော်တို့ပါတီအနေနှင့်လယ်ယာမြေပိုင်ဆိုင်မှုကို အဓိကထား ဆောင်ရွက်သွားမှာဖြစ်ပြီး လယ်သမားများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

အလုပ်သမားရေးမူဝါဒအနေနဲ့ ပြည်တွင်းအလုပ်သမားများ၏အခွင့်အရေးကို ကမ္ဘာ့အလုပ်သမားများ၏ အခွင့်အရေးများနှင့် တန်းတူရရှိအောင် အခြေခံထားဆောင်ရွက်ပေးသွားမှာဖြစ်ပြီး အလုပ်သမားများ၏ တစ်ရက်လုပ်အားခကို နိုင်ငံတကာစံနှုန်းနှင့်အညီ ရရှိနိုင်အောင် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ဘာသာရေးဆိုင်ရာမူဝါဒအနေနဲ့ လွတ်လပ်စွာယုံကြည်ကိုးကွယ်မှုကို ပြည်သူပြည်သားတို့၏ အခွင့်အရေးတစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ပညာရေးဆိုင်ရာ မူဝါဒအနေနဲ့ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော ပညာရေးစနစ်အဖြစ် ဖြစ်ပေါ်စေရေးအတွက် ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကျန်းမာရေးဆိုင်ရာမူဝါဒအနေနဲ့ တစ်မျိုးသားလုံး၏ သက်ရှည်ကျန်းမာရေးအတွက် လူသားမျိုးနွယ်စုများကို ကောင်းကျိုးပေးသော ကမ္ဘာ့နိုင်ငံအသီးသီးတွင် တိုးတက်ထွန်းကားနေသော ဆေးပညာရပ်များအားလုံးကို ကမ္ဘာ့အဆင့်မီ ရင်ပေါင်တန်းနိုင်စေရန်အတွက် ပညာသင်ကြားနိုင်ရေး၊ ကုသပေးနိုင်ရေးတို့ကို ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ယဉ်ကျေးမှုဆိုင်ရာမူဝါဒအနေနဲ့ကတော့ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ကာ အမျိုးဂုဏ်၊ ဇာတိဂုဏ်များကို ပျက်ပြားစေမည့်ယဉ်ကျေးမှုများအား ပြင်းပြင်းထန်ထန်တိုက်ဖျက်သွားမည့်အပြင် မြန်မာ့ဒီမိုကရေစီစနစ်နှင့်ကိုက်ညီသော မြန်မာ့ဒီမိုကရေစီယဉ်ကျေးမှုတစ်ရပ်ကို ဖော်ဆောင်သွားမှာဖြစ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်တို့ ပြည်သူ့ဒီမိုကရေစီပါတီရဲ့ ဖော်ဆောင်သွားမည့်လုပ်ငန်းစဉ်များကို တင်ပြပေးမှာဖြစ်ပါတယ်။

အမျိုးသားရေးလုပ်ငန်းစဉ်အနေနဲ့ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားမျိုးနွယ်စုအားလုံး ချစ်ကြည်သွေးစည်းမှုဖြင့် စစ်မှန်သောစည်းလုံးညီညွတ်မှုကို ဖော်ဆောင်ပြီး ပြည်ထောင်စု အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ရှေးရှု၍ဆောင်ရွက်သွားမယ့်လုပ်ငန်းစဉ်များကတော့-

ပြည်ထောင်စုကြီးအတွင်းမှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားမျိုးနွယ်စုအသီးသီး စိုက်ပျိုးလုပ်ကိုင်နေကြတဲ့ လယ်ယာမြေများ၊ စီးပွားရေးလုပ်ငန်းများကို နိုင်ငံပိုင်သိမ်းခြင်းမှ ကာကွယ်ပေးသွားမှာဖြစ်ပြီး ဒေသအသီးသီးမှထွက်ရှိတဲ့ သယံဇာပစ္စည်းများမှရရှိသော ဝင်ငွေများနဲ့ တိုင်းရင်းသားမျိုးနွယ်စုအသီးသီးနေထိုင်ရာဒေသများကို တိုးတက်ရေးအတွက် လည်းကောင်း၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးသွားမည့်အပြင် မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တိုက်ဖျက်သွားမှာဖြစ်ပါတယ်။

တပ်မတော်၏အခန်းကဏ္ဍအနေနဲ့တင်ပြရမယ်ဆိုရင် တပ်မတော်ဟာ တိုင်းပြည်ရဲ့တစ်ခုတည်းသော ကာကွယ်ရေးဌာနဖြစ်ပြီး ပြည်ထောင်စုကြီးအတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုအားလုံး၏ ပြည်တွင်း/ပြည်ပအန္တရာယ်များကို ကာကွယ်ရန်အတွက် အင်အားတောင့်တင်းပြီး အမှန်တကယ်စွမ်းရည်ပြည့်ဝသော ခေတ်မီတိုးတက်သည့် နိုင်ငံတော်၏တစ်ခုတည်းသော တပ်မတော်ဖြစ်အောင် တည်ဆောက်မည့်အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရပ်တည်ကာ မည်သည့်နိုင်ငံရေးပါတီကိုမှ ကျောထောက်နောက်ခံမပြုရေးကို ဆောင်ရွက်သွားမှာဖြစ်ပြီး တိုင်းရင်းသားမျိုးနွယ်စုအားလုံးက တပ်မတော်အတွင်းသို့ ဝင်ရောက်လိုပါက တပ်မတော်၏စည်းကမ်းဥပဒေများနှင့်အညီ ဝင်ရောက်နိုင်အောင် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။



ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော် အသီးသီးမှာရှိကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များသည်လည်း မိမိတို့ ဝင်ရောက်အရွေးခံ ကိုယ်စားပြုခဲ့သည့် ပါတီအရေးထက် မိမိတို့ကိုယ်စားပြုခဲ့သည့် မဲဆန္ဒနယ်မြေအတွင်းရှိ ပြည်သူတို့ရဲ့ဆန္ဒကို ဦးစားပေး ဆောင်ရွက်နိုင်အောင် ဆောင်ရွက်သွားကြပါလို့ တိုက်တွန်းလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်အသီးသီးသည် မိမိတို့ကိုယ်စားပြုခဲ့တဲ့ မဲဆန္ဒနယ်အတွင်းရှိ ပြည်သူပြည်သားတို့၏ လူမှုစီးပွားရေးဘဝ၊ လူမှုနိုင်ငံရေးဘဝများကို တိုးတက်ကောင်းမွန်စေအောင် ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ရေး၊ ခေတ်ကာလနှင့်မကိုက်ညီတော့သော ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်နိုင်ရေး၊ အသစ်တင်သွင်းနိုင်ရေး စတဲ့လိုအပ်ချက်များကို လွှတ်တော်အသီးသီးသို့ တင်သွင်းနိုင်ရေးအတွက် ဆောင်ရွက်သွားကြပါလို့ တိုက်တွန်းအကြံပြုအပ်ပါတယ်။

နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာသုံးရပ်ဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစတဲ့ ကဏ္ဍအသီးသီးမှာ အမှန်တရားအတိုင်း ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် အပြန်အလှန်ထိန်းကျောင်းခြင်းများ ရှိရမှာဖြစ်ပြီး ဥပဒေမဲ့ ဖိအားပေးဆောင်ရွက်ခြင်းများကို ရှောင်ရှားနိုင်ရန်ဆောင်ရွက်သွားမည်ဖြစ်ကာ အမျိုးသားအကျိုးစီးပွားကို အခြေခံဆောင်ရွက်မယ့် စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ မီဒီယာကဏ္ဍကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်တို့ပါတီအနေနဲ့ "အာဏာသည် ပြည်သူမှ ဆင်းသက်ရမည်"ဆိုတဲ့ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ပြည်သူကပေးခဲ့သော ဆန္ဒမဲများအမှန်ဖြစ်စေရေးကို အဓိကထားဆောင်ရွက်သွားမှာဖြစ်ပြီး ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟဆိုတဲ့ အဂတိတရားကင်းရှင်းရေးကို ဦးစားပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**လေးစားအပ်ပါသော ပြည်သူပြည်သား ဆွေမျိုးသားချင်းများ ခင်ဗျား-**

ကျွန်တော့်အနေနှင့် နိဂုံးချုပ်တင်ပြရမယ်ဆိုလျှင် တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ စက်မှုစီးပွားရေးလုပ်ငန်းရှင်များအားလုံးတို့ရဲ့ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တောင်သူလယ်သမားများ၏ လယ်ယာမြေများကို နိုင်ငံပိုင်သိမ်းခြင်းမှကာကွယ်ရန် အဓိကထားဆောင်ရွက်သွားမှာဖြစ်သလို အလုပ်သမားများရဲ့ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေရေးတို့ကို အခြေခံပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များရဲ့ ပုဂ္ဂလိကပိုင်ဆိုင်မှုများကို ဥပဒေဖြင့် အကာအကွယ်ပေး ဆောင်ရွက်သွားကာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ တောင်သူလယ်သမား၊ အလုပ်သမား၊ စီးပွားရေးလုပ်ငန်းရှင်များရဲ့ အခွင့်အရေးနဲ့ ရပိုင်ခွင့်များကို အပြည့်အဝရရှိရေးအတွက် အဓိကထား ကြိုးစားဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ တောင်သူလယ်သမားများကို လွတ်လပ်စွာ စိုက်ပျိုးခွင့်၊ ပြည်တွင်းတွင် လွတ်လပ်စွာသယ်ယူရောင်းချခွင့်၊ ပြည်ပသို့တင်ပို့ရောင်းချရာလည်း ဥပဒေနှင့်အညီ တင်ပို့ရောင်းချနိုင်ရေးတို့အတွက် အလေးထားဆောင်ရွက်သွားမည်ဖြစ်ကာ အလုပ်သမားများရဲ့ လူမှုဖူလုံရေးခံစားခွင့်များ ပိုမိုရရှိရေးတို့အတွက်လည်း ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**လေးစားအပ်ပါသော ပြည်သူပြည်သားဆွေမျိုးသားချင်းများခင်ဗျား-**

ကျွန်တော်အထက်ကတင်ပြခဲ့တဲ့ လုပ်ငန်းစဉ်များအားလုံးကို အဓိကထားကြိုးစားအကောင်အထည်ဖော်သွားပါမယ်လို့ ကျွန်တော်အောင်မြင့်မှ ကတိပြုအပ်ပါတယ်။

အထက်ပါလုပ်ငန်းစဉ်များအားလုံးကို ဆောင်ရွက်နိုင်အောင် ပြည်သူပြည်သား ဆွေမျိုးသားချင်းများက ပြည်သူ့ဒီမိုကရေစီပါတီကို မဲပေးကြပါရန် ချစ်ခင်လေးစားစွာဖြင့် တိုက်တွန်းလိုက်ရပါတယ်ခင်ဗျား။

အားလုံးကျန်းမာချမ်းသာကြပါစေ။

# ရွေးကောက်ပွဲပြဿနာများ စေ့စပ်ညှိနှိုင်းရေးအဖွဲ့ များက ဖြေရှင်းပေးမည်

**ရန်ကုန် စက်တင်ဘာ ၂၀**

ရွေးကောက်ပွဲကာလအတွင်း ရွေးကောက်ပွဲနှင့် ပတ်သက်သော ပြဿနာများ ပေါ်ပေါက်ခဲ့ပါက စေ့စပ်ညှိနှိုင်းရေး အဖွဲ့များက ပြေလည်အောင် စေ့စပ်ညှိနှိုင်းပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက ပြောသည်။

"စက်တင်ဘာ ၁၄ ရက်ကပဲ နေပြည်တော်မှာ စေ့စပ်ညှိနှိုင်းရေးကော်မတီ ဗဟိုအဖွဲ့ ဖွဲ့ပါတယ်။ ပြီးရင် တိုင်း၊ ပြည်နယ်၊ မြို့နယ်အဆင့် စေ့စပ်ညှိနှိုင်းရေးအဖွဲ့တွေ ဖွဲ့မယ်။ ဒီအဖွဲ့တွေက ရွေးကောက်ပွဲအတွင်း ပြဿနာတွေကို စေ့စပ်ညှိနှိုင်းပေးမှာဖြစ်ပါတယ်"ဟု ဦးကိုကိုက ချက်ထရီယံဟိုတယ်၌ ပြုလုပ်သော ဆွေးနွေးပွဲတွင် ပြောကြားသည်။

ကော်မရှင်အနေဖြင့် လုံခြုံရေး ဆောင်ရွက်မည့် အဖွဲ့အစည်းများနှင့် ဆပ်စပ်ဆောင်ရွက်ရန် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီ ၁၀ ပါတီမှ ကိုယ်စားလှယ်များဖြင့် စက်တင်ဘာ ၁၄ ရက်က နေပြည်တော်တွင် ဖွဲ့စည်းလိုက်ပြီဖြစ်သည်။

ထို့အတူ ခရိုင်နှင့် မြို့နယ်များတွင်လည်း သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖ သြဇာတိက္ကမရှိသူများ၊ ရွေးကောက်ပွဲဝင်ရောက်မည့် ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်များဖြင့် စုဖွဲ့ပြီး မလိုလားအပ်သည့် ဖြစ်စဉ်များ မပေါ်ပေါက်စေရန် အောက်ခြေအဆင့်တွင်ပင် ပြေလည်အောင် ညှိနှိုင်းဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရွေးကောက်ပွဲ ကျင်းပစဉ်နှင့် ရွေးကောက်ပွဲလွန်ကာလများတွင် ဖြစ်ပွားလာနိုင်သည့် အငြင်းပွားမှုများ၊ တရားမဲ့ပြုကျင့်မှုနှင့် ကန့်ကွက်လွှာများကို အဆိုပါ စေ့စပ်ညှိနှိုင်းရေးအဖွဲ့များက တရားမျှတစွာ စီရင်ဆုံးဖြတ် ဖြေရှင်းမှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကြံတိုင်းအောင်**

# အမျိုးသားဒီမိုကရေစီပါတီသစ်(NNDP) ပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၀

**အမျိုးသားဒီမိုကရေစီပါတီသစ်(NNDP)ပါတီဥက္ကဋ္ဌ ဦးသိန်းညွန့်က ၎င်းတို့ပါတီ၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၂၀ ရက် ညပိုင်းက ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**




**လေးစားရသော မဲဆန္ဒရှင် ပြည်သူများခင်ဗျား-**

ကျွန်တော်ဟာ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲနှင့် ၂၀၁၀ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲများကို ဖြတ်သန်းခဲ့တဲ့အပြင် ယခုအချိန်မှာလည်း ၂၀၁၅ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကို ယုံကြည်ချက်ခိုင်မာစွာနဲ့ ကြိုးစားနေတဲ့ "ခမောက်သုံးလုံး" ပါတီသင်္ကေတ ဖော်ပြထားတဲ့ အမျိုးသားဒီမိုကရေစီပါတီသစ် (NNDP) ပါတီရဲ့ဥက္ကဋ္ဌ ဦးသိန်းညွန့် ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီရဲ့ မူဝါဒဖြစ်တဲ့ မဟာဗျူဟာ(၃)ရပ်ကတော့ (၁)အမျိုးသားပြန်လည်သင့်မြတ်ရေး၊ (၂) ဒီမိုကရေစီအရေး၊ (၃)လူ့အခွင့်အရေးတို့ဖြစ်ပါတယ်။ ယနေ့ အမျိုးသားရေးလိုအပ်ချက်ဖြစ်တဲ့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီအသွင်ကူးပြောင်းနိုင်ဖို့ဆိုရင် အမျိုးသားအင်အားစုများဖြစ်တဲ့ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားအင်အားစုများ၊ တပ်မတော်ခေါင်းဆောင်များ အတူလက်တွဲပြီး အပြန်အလှန်လေးစားမှု ထူထောင်ရင်း၊ ယုံကြည်မှုတည်ဆောက်ရင်း မြန်မာနိုင်ငံရဲ့ လိုအပ်ချက်များကို လက်တွေ့အကောင်အထည်ဖော်ကြဖို့ လိုပါတယ်။

ဆင်းရဲမွဲတေမှုလျှော့ချပြီး ခေတ်မီတိုးတက်တဲ့နိုင်ငံအဖြစ် ပြောင်းလဲရေးအတွက် လည်းကောင်း၊ ငြိမ်းချမ်းရေးကိုရယူပြီး တည်ငြိမ်တဲ့ နိုင်ငံရေးအခြေအနေကို ဖန်တီးနိုင်ရေးအတွက် လည်းကောင်း၊ ကျွန်တော်တို့ဟာ ဒီမိုကရေစီစနစ်ပြန်လည်ထူထောင်ဖို့ လိုအပ်ပါတယ်။

ဒီမိုကရေစီစနစ်ထူထောင်မှသာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းမှာပါတဲ့ လူ့အခွင့်အရေးများကို သော်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ နှစ်မှာ ပြဋ္ဌာန်းထားတဲ့ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို သော်လည်းကောင်း ပြည်သူလူထုရရှိခံစားနိုင်မှာ ဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

အထက်ကတင်ပြခဲ့တဲ့ မူဝါဒနှင့်ပတ်သက်ပြီး ပထမအကြိမ် လွှတ်တော်သက်တမ်းမှာ ကျွန်တော်တို့ဟာ အပြောနှင့်မဟုတ်ဘဲ လက်တွေ့လုပ်ငန်းစဉ်ဖြင့် သက်သေထူပြခဲ့ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပြည်သူ့လွှတ်တော်မှာ ကျွန်တော်ဟာ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်များ ထုတ်ပြန်ရေးအတွက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၄-၈-၂၀၁၁) မှစ၍ ကြိုးပမ်းခဲ့ပါတယ်။ (၇-၁-၂၀၁၄) နဝမအကြိမ် ပြည်သူ့လွှတ်တော်၌လည်း "ဖွဲ့စည်းပုံအခြေခံဥပဒေ-၂၀၄(ခ) အရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီထောက်ခံချက်နှင့်အညီ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် ဆက်လက်ထုတ်ပြန်ပေးရန်" အဆိုတင်သွင်းခဲ့ပါတယ်။ အဲဒီအဆိုများကြောင့် နိုင်ငံရေးအကျဉ်းသားများ အပါအဝင် နိုင်ငံသားအကျဉ်းသားမိသားစုတွေ ပြန်လည်ပေါင်းစည်းနိုင်ခဲ့ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ဒီမိုကရေစီရေးအတွက် မတရားတဲ့ဥပဒေများ၊ ခေတ်မမီတော့တဲ့ ဥပဒေများ ရုပ်သိမ်းရန်၊ ပြင်ဆင်ရန်အဆိုများ၊ အစဉ်တစိုက်တင်ပြခဲ့ပါတယ်။ ထုတ်နုတ်ပြရမည်ဆိုလျှင် စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်မှာ ခေတ်နှင့်လျော်ညီတဲ့ အစိုးရမဟုတ်သော လူ့အဖွဲ့အစည်း (NGO) များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေတစ်ရပ်ပြဋ္ဌာန်းရန်ဖြစ်ပါတယ်။ ဒီလိုပါပဲ သတ္တမအကြိမ် ပြည်သူ့လွှတ်တော်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် အုပ်ချုပ်ရေးမှူးများကို သက်ဆိုင်ရာအုပ်ချုပ်ရေး ဥပဒေမူကြမ်းတစ်ရပ် ရေးဆွဲရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း အဆိုတင်ခဲ့ပါတယ်။ ဒီလိုတင်ခဲ့တာဟာ ဒီမိုကရေစီစနစ်နှင့်သွားမည်ဆိုလျှင် မဲရုံများမှတစ်ဆင့် ပြည်သူတွေက ရွေးချယ်တင်မြှောက်တဲ့အဆင့်သို့ ဦးတည်ခြင်း ဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

လူ့အခွင့်အရေးအတွက် မေးခွန်းများ၊ အဆိုများ၊ ဥပဒေကြမ်းများ အမြောက်အမြား တင်သွင်းခဲ့ပါတယ်။ ကောက်နုတ်ဖော်ပြရမည်ဆိုလျှင် ပြည်သူလူထုကို အစားထိုးနေရာမပေးဘဲ မောင်းထုတ်တဲ့နေရာမှာ အာဏာပိုင်များက အင်အားသုံးစွဲမှုနှင့် ပတ်သက်ပြီးတော့လည်း ထိန်းချုပ်နိုင်ရန် "၁၉၅၅ ခုနှစ် အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"ကိုလည်း အဆိုတင်သွင်းခဲ့ပါတယ်။ ဒ့ါအပြင် မြန်မာ့လူ့အဖွဲ့အစည်းကို ခြိမ်းခြောက်လာတဲ့ ကလေးသူငယ်များအပေါ် မုဒိမ်းမှုကျူးလွန်သူများကို သေဒဏ်ပေးရေးအတွက်လည်း ကျွန်တော်နည်းမျိုးစုံနှင့် ကြိုးပမ်းခဲ့ပါတယ်။ မအောင်မြင်ခဲ့သော်လည်း ကလေးသူငယ်လိင်မှုဆိုင်ရာ စော်ကားညှဉ်းပန်းခြင်းကို ကာကွယ်သည့်ဥပဒေကြမ်း တင်သွင်းပြီး မိမိတာဝန်ကို ထမ်းဆောင်ခဲ့ပါတယ်။

ပြည်တွင်းအလုပ်သမားများရဲ့ ဆန္ဒဖော်ထုတ်မှုတွေ၊ နိုင်ငံဖြတ်ကူးသွားရောက်နေတဲ့ မြန်မာနိုင်ငံ အလုပ်သမားများဘဝ လုံခြုံမှုအတွက် အဆိုများ၊ ဥပဒေကြမ်းများတင်ပြခဲ့ပါတယ်။ ဒီလိုပါပဲ နိုင်ငံသားများကို ဝန်ပိလာတဲ့ ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်နှုန်းထားများ အသစ်ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်းနှင့် ပတ်သက်၍ ပြန်လည်စဉ်းစားသုံးသပ်ပေးပါရန် တင်သွင်းခဲ့တဲ့အဆိုကြောင့် ယနေ့ မျှတတဲ့ ရုံးအခွန်နှင့် တံဆိပ်ခေါင်းခွန်နှုန်းထားများရလာခဲ့ပါပြီ။

ကျွန်တော်တို့ပါတီရဲ့ မဟာဗျူဟာ(၃)ရပ်ကို ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်မှာ ကြိုးပမ်းဆောင်ရွက်ခဲ့သလို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မှာလည်း ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမဲဆန္ဒနယ် (၁) လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကလည်း မြန်မာ့ရိုးရာသင်္ကြန်၌ ကွယ်ပျောက်ခဲ့တဲ့ သံချပ်များ ပြန်လည်သီဆိုနိုင်ခွင့်ရရေးအတွက် စွမ်းဆောင်ခဲ့ပါတယ်။ ဒီလိုပါပဲ တိုင်းဒေသကြီး (၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းမြင့်ကလည်း မကြာမီပြီးစီးတော့မယ့် သုဝဏ္ဏ-သာကေတတံတားသစ်တည်ဆောက်ရေးအတွက် အဆိုတင်သွင်းခဲ့ပါတယ်။ လွှတ်တော်အတွင်းဆောင်ရွက်ချက်များဖြင့် ပြည်သူလူထုရဲ့ ပြဿနာများကို တရားဥပဒေဘောင်အတွင်းမှ ဖြေရှင်းနိုင်အောင် ကျွန်တော်တို့ပါတီလွှတ်တော်ကိုယ်စားလှယ်များက လက်တွေ့အလုပ်များဖြင့် ဆောင်ရွက်ခဲ့ပါပြီ။ ရှေးလုပ်ငန်းစဉ်အဖြစ်ကိုတော့ မြို့နယ်ရဲ့ ရေရရှိရေး၊ မီးလင်းရေး၊ လမ်းများကောင်းမွန်ရေးအတွက် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်မြှင့်အကောင်အထည်ဖော်သွားမှာဖြစ်ပြီး တစ်ကြိမ်တည်းမှာ ပြည်သူလူထုရဲ့ နေ့စဉ်အခက်အခဲနှင့် ပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် ရပ်တည်သွားမှာ ဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ရန်ကုန်မြို့တော်ကြီးရဲ့ အဆင့်အတန်းပြန်လည်မြင့်မားလာရေးအတွက် လူထုကို အန္တရာယ်ပြုမှုမြင့်မားနေတဲ့ ရာဇဝတ်မှုများ ထူပြောမှုကို လျှော့နည်းလာရန် နည်းလမ်းမျိုးစုံနှင့် ဆောင်ရွက်သွားမှာဖြစ်ပြီး နေ့စဉ်သွားလာရေးကို လွန်စွာအခက်အခဲကြီးမားစေတဲ့ ယာဉ်ကြောပိတ်ဆို့မှုလျှော့နည်းရေးအတွက် လွှတ်တော်တွင်းနည်းလမ်းများဖြင့် ထိရောက်စွာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ကျွန်တော်ဟာ ပြည်သူ့လွှတ်တော်မှာ အဂတိလိုက်စားမှုတားမြစ်ရေးဥပဒေမူကြမ်း တင်သွင်းခဲ့သူပါ။ ဘာကြောင့် တင်သွင်းခဲ့ရသလဲဆိုရင် လာဘ်ပေးလာဘ်ယူမှုတွေ ကြီးထွားနေသည်နှင့်အမျှ နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုနှုန်းကို ထိခိုက်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုရရှိရေးအတွက် ဆွဲဆောင်မှုများဟာ အောင်မြင်မည်မဟုတ်ပါ။ ဒါကြောင့် အဆင့်တိုင်းမှာ လာဘ်ပေးလာဘ်ယူကိစ္စမှန်သမျှ ဥပဒေအရ အရေးယူနိုင်ရန် ဆောင်ရွက်သွားပါမယ်။

ဖြတ်ကျော်ခဲ့ရတဲ့ လွှတ်တော်အတွေ့အကြုံအရ ဒီမိုကရေစီအရေးကို ခြိမ်းခြောက်လာတဲ့ ရွေးကောက်ခံအာဏာရှင်စနစ် မြန်မာနိုင်ငံမှာ မဖြစ်ပေါ်အောင် ကျွန်တော်တို့ပါတီက တာဝန်ရှိတဲ့၊ သတ္တိရှိတဲ့ အတိုက်အခံအဖြစ် ရပ်တည်သွားမှာ ဖြစ်ပါတယ်။ အလျဉ်းသင့်၍ တင်ပြရလျှင် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲကာလ ဝါရင့်နိုင်ငံရေးခေါင်းဆောင်ကြီး ဝိဓူရသခင်ချစ်မောင်ရဲ့ ထောက်ပြချက်ကို ပြန်လည်ဖော်ပြပါရစေ။

"တစ်ဖွဲ့တစ်ပါတီ ပုဂ္ဂိုလ်လူစွမ်းကောင်းနည်းမျိုးဖြင့် ဘယ်နည်းနှင့်မျှ မအောင်မြင်နိုင်ပါ။ နာမည်ကြီးပါတီကြီးတစ်ခုပင်ဖြစ်ပါစေ လမ်းစဉ်အတိအကျမရှိ၊ ပါတီကြီးဝါဒကလည်း လွှမ်းမိုးနေ၊ အမျိုးသားရေးအင်အားစုများကို စုစည်းနိုင်သော တပ်ပေါင်းစု စည်းရုံးရေးလမ်းစဉ်လည်းမရှိဖြစ်ပါက မည်သို့မျှ ခရီးရောက်မည်မဟုတ်ကြောင်း " သမိုင်းအဆက်ဆက် သက်သေပြခဲ့ပြီးပါပြီ။




**မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

၂၀၁၀ ခုနှစ်က အဆဲအဆိုခံပြီး လွှတ်တော်ထဲသွားရောက်တဲ့ ကျွန်တော်ဟာ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးအတွက် တတ်စွမ်းသမျှ ကြိုးပမ်းခဲ့ပြီးပါပြီ။ ဒါပေမယ့် ပြည်ထောင်စုအဆင့်မှာ တစ်ဦးတည်းကြိုးပမ်းခဲ့ရတဲ့အတွက် ပြည်သူ့ရေးရာများကို အကန့်အသတ်နှင့် ဆောင်ရွက်နေရပါတယ်။ ဒါကြောင့် လွှတ်တော်အဆင့်ဆင့်မှာ ကျွန်တော်တို့ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များရရှိရေးဟာ အရေးတကြီးလိုအပ်နေပါပြီ။

၁၂-၈-၂၀၁၅ ရက်နေ့ထုတ် မြန်မာ့အလင်းနဲ့ ကြေးမုံသတင်းစာမှာ မျိုးသာထက်ရဲ့ "လူလိုသိသူလူလိုရွေးပါ" ဆောင်းပါးတွင် "၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမတိုင်မီ လွှတ်တော်မင်းသားကြီးဟုပင် ဆိုထိုက်သည့် သယ်န်းကျွန်းအမတ် တရားလွှတ်တော်ရှေ့နေ ဦးသိန်းညွန့်သည် လွှတ်တော်တွင် အစွမ်းပြခဲ့သူဖြစ်သည်။ သူသည် ပြည်သူ့ဘက်တော်သား ဖြစ်ခဲ့သည်" ဟု ရေးသားဖော်ပြခဲ့ပါတယ်။

ပြည်သူ့ဘက်တော်သား လွှတ်တော်ကိုယ်စားလှယ်များ ရရှိရေးအတွက် ကျွန်တော်တို့ပါတီဟာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရန်ကုန်အရှေ့ပိုင်းခရိုင် သယ်န်းကျွန်းမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ သာကေတမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကင်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ တာမွေမြို့နယ်တို့၌ လည်းကောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင်၌ လှိုင်သာယာ၊ ရွှေပြည်သာ၊ မင်္ဂလာဒုံမြို့နယ်တို့၌ လည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်၌ လှိုင်မြို့နယ်နှင့် ဗဟန်းမြို့နယ်တို့၌ လည်းကောင်း၊ ရန်ကုန်တောင်ပိုင်းခရိုင်၌ ကိုကိုးကျွန်းမြို့နယ်တို့၌ လည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ခုနစ်ဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း သုံးဦး၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်လောင်း ၁၇ ဦး ဝင်ရောက်ရွေးချယ်ခံပြီး မဲဆန္ဒရှင်ပြည်သူများရဲ့ အဆုံးအဖြတ်ကို ခံယူမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ အမျိုးသားဒီမိုကရေစီပါတီသစ်ရဲ့ သင်္ကေတအမှတ်အသားဟာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တရားဝင်အသိအမှတ်ပြုထားတဲ့ ခမောက်သုံးလုံး အမှတ်အသားဖြစ်ကြောင်း တင်ပြလိုက်ရပါသည်ခင်ဗျား. . . .

**"ခမောက်သုံးလုံးချီတက်လာပြီ"**

တေးရေး-ကိုလတ်(တယော)
တေးဆို-ရသ

ဒီမိုကရေစီနိုင်ငံသစ်ကြီး စတင်တည်ဆောက်ပြီ × × × ခမောက်သုံးလုံး × × ×
အစဉ်အလာရဲရဲတောက်ခဲ့သည်
ပြည်သူ့ဘက်က အမြဲရပ်တည်မည် သစ္စာဆိုပါသည် × × × အမျိုးသားရေးအတွက် × ×
ညီညွတ်ကြရမည်
ဇွဲမလျှော့ပါ × ကြိုးစားမှာ × အားမာန်ခိုင်ခိုင်မာ × × သုံးသပ်ပါ × ဆုံးဖြတ်ပါ ×
ပြည်သူများရဲ့ရှေ့မှောက်မှာ
(အမျိုးသားဒီမိုကရေစီပါတီသစ်)ရဲ့ ဒီမိုကရေစီနိုင်ငံသစ် တည်ဆောက်ကြမယ်
တည်ဆောက်ကြမယ် × ×
ခမောက်သုံးလုံးနဲ့ × ချီတက်လာပြီဟေ့ × × ရပ်ကွက်ထဲထိ × ချီတက်လာပြီဟေ့ ×
စည်းကမ်းရှိရှိ × ချီတက်လာပြီဟေ့ × × NNDP × ချီတက်လာပြီဟေ့
ခမောက်သုံးလုံးနဲ့ × ချီတက်လာပြီဟေ့ × × ရပ်ကွက်ထဲထိ × ချီတက်လာပြီဟေ့

## မဲဆန္ဒရှင်စာရင်းများအား ကြည့်ရှုနိုင်ရေး ကွင်းဆင်းကြိုးကြပ်

**မိုင်းကိုင် စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ်၌ ရပ်ကွက်/ကျေးရွာအုပ်စုအတွင်းရှိ မဲဆန္ဒရှင်များစာရင်းကို စက်တင်ဘာ ၁၄ ရက်က ထပ်မံထုတ်ပြန် ကြေညာခဲ့သည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာရာ၌ အားနည်းချက်များမရှိစေရေး၊ မဲဆန္ဒရှင်စာရင်းများ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာနိုင်ရေး၊ မဲဆန္ဒရှင်များ မိမိတို့၏ မဲစာရင်းများကို လွတ်လပ်စိတ်ချမ်းသာစွာ လာရောက်ကြည့်ရှုနိုင်ရေးအတွက် မြို့နယ်ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးနှင့် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်စိုးနှင့် တာဝန်ရှိသူများက ရပ်ကွက်/ ကျေးရွာအုပ်စု မဲစာရင်းများကပ်ထားရာနေရာသို့ ကွင်းဆင်း၍ ကြီးကြပ်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နန်းလှိုင်လှိုင်ဦး(မိုင်းကိုင်)**

# ဗမာပြည်သူ့ပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၀

**ဗမာပြည်သူ့ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးအောင်သန်းတင့်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၂၀ ရက် ညပိုင်းက ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားအပ်ပါတဲ့ မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်တော်ကတော့ ဗမာပြည်သူ့ပါတီရဲ့ ဗဟိုအလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌ ဦးအောင်သန်းတင့်ဖြစ်ပါတယ်။ ရှေးဦးစွာ မဲဆန္ဒရှင်ပြည်သူများစိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်း ပို့သအပ်ပါတယ်။

ကျွန်တော်တို့ရဲ့ ဗမာပြည်သူ့ပါတီဟာ ပြည်သူလူထုတစ်ရပ်လုံးအတွက် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သလို ဒီမိုကရေစီစနစ်ကသာ အကောင်းဆုံး ဖြစ်တယ်လို့ ခံယူထားပါတယ်။ ဗမာပြည်သူ့ပါတီဟာ ဗမာလူမျိုးနဲ့တိုင်းရင်း သားအားလုံးရဲ့ အကျိုးစီးပွားကို စုပေါင်းဆောင်ရွက်နိုင်ဖို့ အမျိုးသားရေး စိတ်ဓာတ်အပေါ် အခြေခံဖွဲ့စည်းထားပါတယ်။

**ဗမာပြည်သူ့ပါတီမွေးဖွားခြင်း**

ကျွန်တော်တို့ရဲ့ အမိမြန်မာနိုင်ငံတော်ကြီးကို ဒီကနေ့မှစ၍ လွတ်လပ်တဲ့၊ တရားမျှတတဲ့၊ တရားဥပဒေစိုးမိုးတဲ့၊ ငြိမ်းချမ်းသာယာဝပြောတဲ့ နိုင်ငံတော် သစ်ကြီးတစ်ခုအဖြစ် မြင်ချင်တွေ့ချင်တဲ့ ဆန္ဒဟာ ဒီမြေမှာနေ၊ ဒီမြေမှာဖွား၊ ဗမာအမျိုးသားများနဲ့ ပြည်ထောင်စုတိုင်းရင်းသားများအားလုံးရဲ့ မမှိတ်မသုန် တူညီတဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။

အဲဒီလိုမြင်တွေ့ဖို့အတွက် ဗမာအမျိုးသားများနဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး စည်းစည်းလုံးလုံး ညီညီ ညွတ်ညွတ်ရှိရေးဟာ အရေးကြီးဆုံးအချက်ဖြစ်တယ်လို့ ဗမာပြည်သူ့ပါတီမှ အလေးအနက်ခံယူထားပါတယ်။ ဒီအတွက် သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး ကျရာနေရာကနေ အုတ်တစ်ချပ် သဲတစ်ပွင့် ပါဝင်ဆောင်ရွက်လိုတဲ့ ဆန္ဒနဲ့ဗမာပြည်သူ့ပါတီဟာ သမိုင်းမှာမရှိစဖူး ထူးကဲစွာဖြင့် မွေးဖွားပေါ်ပေါက်လာခဲ့ပါပြီ။

**လေးစားအပ်ပါသော မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့ဗမာပြည်သူ့ပါတီအနေနဲ့ "ဒို့ဗမာ"ကဗျာလေးနဲ့ စတင်မိတ်ဆက်လိုက်ပါတယ်-

ဗမာပါတီ ဦးတည်ချက်
အများပြည်သူ ကောင်းကျိုးအတွက်။
ဗမာ ဗမာ ဒို့ဗမာ
ဝိုင်းဝန်းပါစို့ ညီညာညာ။
ဗမာ့သင်္ကေတ ခေါင်းပေါင်းစ
ညီညာဖြဖြ ထောက်ခံကြ။

ကျွန်တော်တို့ဗမာပြည်သူ့ပါတီရဲ့ နိုင်ငံရေးဦးတည်ချက်နဲ့ မူဝါဒများကို ဆွေးနွေးတင်ပြပါမယ်-

**ဗမာပြည်သူ့ပါတီရဲ့ နိုင်ငံရေးဦးတည်ချက်နှင့်မူဝါဒ**

လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်းဆိုတဲ့ လောကပါလတရားများ ထွန်းကားရေးဟာ ဗမာပြည်သူ့ပါတီ၏ နိုင်ငံရေးဦးတည်ချက်ဖြစ်ပါတယ်။ ဗမာပြည်သူ့ပါတီရဲ့ မူဝါဒကတော့ (၅)ချက်ရှိပါတယ်။

ဗမာလူမျိုးတို့၏ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စု စိတ်ဓာတ်ကို ထာဝစဉ်မွေးမြူ၍ တိုင်းရင်းသားများနှင့် စည်းလုံးညီညွတ်စွာ လက်တွဲနေထိုင်ရန်။

ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ပေါင်းသင်း ဆက်ဆံရေးကိုရှေးရှုလျက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းရန်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေး၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့ကို တစ်မျိုးသားလုံး၏ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ ထာဝစဉ်ကြိုးပမ်းဆောင်ရွက်ရန်။

ဗမာစာပေ၊ ဗမာစကား၊ ဗမာယဉ်ကျေးမှုအမွေအနှစ်များ သမိုင်းအစဉ် အလာများနှင့် စရိုက်လက္ခဏာများကို အမြဲမပြတ် ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရန်။

နိုင်ငံသားတို့၏ မွေးရာပါအခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားသော အခြေခံ လူ့အခွင့်အရေးများကို အာမခံသော၊ လွတ်လပ်မှုကိုအာမခံသော စစ်မှန်သည့် ဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရန်။

ကျွန်တော်တို့ဗမာပြည်သူ့ပါတီရဲ့ ရှေ့လုပ်ငန်းစဉ်များကို ဆက်လက် ဆွေးနွေးတင်ပြပါမယ်-

**ဗမာပြည်သူ့ပါတီ၏ ရှေ့လုပ်ငန်းစဉ်များကတော့**

လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်း၊ လူ့အခွင့်ရေးတိုးတက် ရှင်သန်ရေးကို လုပ်ဆောင်ခြင်း၊ လူ့အခွင့်အရေးကို ပြည်သူလူထုနားလည်စေရန်နှင့် မိမိကိုယ်ကို မိမိကာကွယ်နိုင်စေရန် ပညာပေးခြင်း။

တရားဥပဒေစိုးမိုးရေးအတွက် လူထုပညာပေးလုပ်ငန်းစဉ်များလုပ်ဆောင်ခြင်း၊ မတရားသဖြင့် ဖမ်းဆီးချုပ်နှောင်ခံရသူများ လွတ်မြောက်ရေး အတွက် ဆောင်ရွက်ခြင်း၊ မတရားသောဥပဒေများ ပြင်ဆင်ရေးအတွက် ဆောင်ရွက်ခြင်း။

ကျား/မ တန်းတူရေးအပါအဝင် အမျိုးသမီးများနှင့် အမျိုးသမီးအဖွဲ့အစည်းများ၏ အခွင့်အရေးတို့ကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်း။

သတင်းမီဒီယာလွတ်လပ်ရေးအတွက် တစ်တပ်တစ်အားပါဝင်လှုပ်ရှားခြင်း၊ ပညာပေးခြင်း။

အစိုးရ၏ လုပ်ရပ်မှန်သမျှတွင် တာဝန်ခံမှုနှင့် တာဝန်ယူမှုရှိ/မရှိ စောင့်ကြည့် လေ့လာခြင်း၊ လာဘ်ပေးလာဘ်ယူမှုအပါအဝင် အစိုးရမှ ပြည်သူလူထုကိုဖိနှိပ်ချုပ်ချယ်ခြင်းမှ ကင်းဝေးအောင် ဆောင်ရွက်ခြင်း။

**ပါတီအလံနှင့် ပါတီအမှတ်တံဆိပ်**

**လေးစားအပ်ပါတဲ့ မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

ဆက်လက်ပြီး ဆွေးနွေးမှာကတော့ ဗမာပြည်သူ့ပါတီရဲ့ အလံဖြစ်ပါတယ်။ ယခုဒီစားပွဲပေါ်မှာစိုက်ထူထားတဲ့အတိုင်း ဖြစ်ပါတယ်။ အပြာရောင်ရဲ့ သဘောကတော့ တည်ကြည်ခြင်း၊ လေးနက်ခြင်း၊ ချစ်ခင်ခြင်းအဓိပ္ပာယ်ကို ဆောင်ပါတယ်။ အဖြူရောင်ရဲ့ သဘောကတော့ ဖြူစင်ခြင်း၊ သန့်ရှင်းခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း အဓိပ္ပာယ်ကိုဆောင်ပါတယ်။ ပါတီရဲ့အလံဟာ ဗမာပြည်သူ့ပါတီရဲ့ အတွင်းသဘောဖြစ်ပါတယ်လို့ မဲဆန္ဒရှင်ပြည်သူများအား ထပ်ဆင့်တင်ပြအပ်ပါတယ်။

**လေးစားအပ်ပါတဲ့ မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

ဆက်လက်ပြီး ဆွေးနွေးတင်ပြမှာကတော့ ဗမာပြည်သူ့ပါတီရဲ့ တံဆိပ် (Logo) ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အမှတ်တံဆိပ် (Logo) ကတော့ မောင့်ကျက်သရေခေါင်းပေါင်းဖြစ်ပါတယ်။ အောက်ခံအရောင်အနီပေါ်မှာ မောင့်ကျက်သရေခေါင်းပေါင်း အဝါရောင်ဖြစ်ပါတယ်။ ယခု မိဘပြည်သူများ မြင်ရတဲ့အတိုင်းပါပဲ။ ဗမာအမျိုးသားတို့ရဲ့ ရိုးရာယဉ်ကျေးမှုဝတ်စုံဟာ မောင့်ကျက်သရေခေါင်းပေါင်း၊ တိုက်ပုံအင်္ကျီနှင့် ပုဆိုးတို့ဖြစ်ပါတယ်။ ဗမာ အမျိုးသားတို့ရဲ့ ဦးခေါင်းမှာ အထွတ်အမြတ်ဆောင်းတဲ့ မောင့်ကျက်သရေ ခေါင်းပေါင်းက ဗမာပြည်သူ့ပါတီရဲ့ အမှတ်တံဆိပ် သင်္ကေတ (Logo) ဖြစ်ပါတယ်။ ဗမာပြည်သူ့ပါတီရဲ့ မောင့်ကျက်သရေခေါင်းပေါင်း (Logo) ကို မိဘပြည်သူမဲဆန္ဒရှင်တို့ရဲ့ ရင်ထဲအသည်းထဲ စွဲမြဲနေစေချင်ပါတယ်။ ဗမာနဲ့ ခေါင်းပေါင်း၊ ခေါင်းပေါင်းနဲ့ဗမာ ဂဟေဆက်သလို မြဲနေပါတယ်။

**ဗမာပြည်သူ့ပါတီ၏ လွှတ်တော်ပြင်ပနိုင်ငံရေး**

ကျွန်တော်တို့ ဗမာပြည်သူ့ပါတီဟာ လွှတ်တော်ပြင်ပနိုင်ငံရေးကို ၂၀၁၁ ခုနှစ် ပါတီမှတ်ပုံတင်ပြီးကတည်းက တစ်စိုက်မတ်မတ် ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့နဲ့ အကြိမ်ကြိမ်တွေ့ဆုံပြီး ငြိမ်းချမ်းရေးကိစ္စ၊ ရွေးကောက်ပွဲနည်းဥပဒေပြင်ဆင်ရေးကိစ္စ၊ တရားဥပဒေစိုးမိုးရေးနဲ့ လယ်ယာမြေပြဿနာတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ တောင်သူလယ်သမားများ သိမ်းဆည်းခံရတဲ့လယ်မြေများ ပြန်လည်ရရှိရေးတို့ကို နိုင်ငံတော်သမ္မတနဲ့ တွေ့ဆုံသည့်အခါ တင်ပြဆွေးနွေးခဲ့ပါတယ်။ အဲဒီလိုလွှတ်တော်ပြင်ပမှ နိုင်ငံရေးတာဝန်များကို ဗမာပြည်သူ့ပါတီက အစဉ်အမြဲမပြတ် ဆောင်ရွက်လျက်ရှိကြောင်း မဲဆန္ဒရှင်များ၊ ပြည်သူများအား အသိပေးအပ်ပါတယ်။

ယခု ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့မှာကျင်းပမယ့် ရွေးကောက်ပွဲမှာ ကျွန်တော်တို့ရဲ့ ဗမာပြည်သူ့ပါတီက မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှာ ပါတီဥက္ကဋ္ဌကြီး ဦးအောင်သန်းတင့်က ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှာ ဦးထူးဝေလင်းက ဝင်ရောက်ယှဉ်ပြိုင်ပါ့မယ်။ မွန်ပြည်နယ် ဗမာတိုင်းရင်းသားရေးရာ ကိုယ်စားလှယ်အဖြစ် ဗမာပြည်သူ့ပါတီရဲ့ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဝဏ္ဏစိုးတို့က ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ဗမာပြည်သူ့ပါတီရဲ့ ကိုယ်စားလှယ်များက ပြည်သူ့အကျိုးကို အမှန်တကယ် သယ်ပိုးမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**လေးစားအပ်ပါတဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ကျွန်တော်တို့ဗမာပြည်သူ့ပါတီရဲ့ စီးပွားရေးမူဝါဒကတော့ ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်ရေးဖြစ်ပါတယ်။ ဈေးကွက်စီးပွားရေးစနစ် ပီပီပြင်ပြင်ဖြစ်ရင် ပြည်သူလူထုတစ်ရပ်လုံးရဲ့ စားဝတ်နေရေးကိစ္စများ အဆင်ပြေချောမွေ့မှာဖြစ်ပါတယ်လို့ တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ဗမာပြည်သူ့ပါတီရဲ့ ပညာရေးမူဝါဒကတော့ ဒီမိုကရေစီစနစ်နဲ့ အံဝင်ခွင်ကျဖြစ်တဲ့ ပညာရေးစနစ်ဖြစ်ထွန်းရေးဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကမူ ပညာရေးကိုအခြေခံ လူ့အခွင့်အရေးတစ်ရပ်အဖြစ် အသိအမှတ်ပြုပါတယ်။ ကျေးလက်ဒေသတွေမှာ ပညာသင်ကြားနိုင်မှု အခွင့်အလမ်းတွေရရှိရေးက အရေးကြီးဆုံးဖြစ်ပါတယ်။ ကျေးလက်ဒေသတွေမှာ ပညာသင်ကြားမှုလွယ်ကူစေရန် စီမံဆောင်ရွက်မှာဖြစ်ပါတယ်။ ကျေးလက်ဒေသမှာရှိတဲ့ လူဦးရေနဲ့ကိုက်ညီအောင် စာသင်ကျောင်းများတိုးချဲ့ဆောင်ရွက်မှာဖြစ်ပါတယ်။

ကျွန်တော်တို့ဗမာပြည်သူ့ပါတီရဲ့ ကျန်းမာရေးမူဝါဒကတော့ ပြည်သူလူထုအားလုံး ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝ ရရှိနိုင်ရေးဖြစ်ပါတယ်။ ကျေးလက်ဒေသမှာ နေထိုင်တဲ့ လူဦးရေအချိုးက များနေပေမယ့် ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှုတွေ နည်းပါးနေတာ တွေ့ရှိရပါတယ်။ ဒါကြောင့် ကျေးလက်ဒေသတွေမှာ ကျန်းမာရေးဌာနခွဲ (ဆေးခန်း)နဲ့ တိုက်နယ်ဆေးရုံတွေကို များများစားစား ဖွင့်လှစ်မှာ ဖြစ်ပါတယ်။ ကျေးရွာတိုင်း ကျေးရွာတိုင်း ကျန်းမာရေး ဆေးပေးခန်းရှိအောင် ဆောင်ရွက်မှာဖြစ်ပါတယ်။

ဗမာပြည်သူ့ပါတီရဲ့ လူမှုရေး မူဝါဒကတော့ လမ်းပန်းဆက်သွယ်ရေး၊ ကျေးလက်ဒေသမီးလင်းရေး၊ လယ်ယာထွက်ကုန်များ တိုးတက်မြင့်မားရေးတို့ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးနဲ့ ပတ်သက်ပြီး ကျေးရွာချင်းဆက်လမ်းများ၊ ကုန်ထုတ်လမ်းများ ဖောက်လုပ်မှာ ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းမှ ပညာရေး၊ ကျန်းမာရေးလည်း ပိုမိုကောင်းမွန်လာမှာဖြစ်ပါတယ်။ စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးကလည်း အထူးအလေးထားဆောင်ရွက်မှာဖြစ်ပါတယ်။ ကျေးလက်ဒေသမှာ လျှပ်စစ်မီး ရရှိပါက ကျေးလက်ဒေသတိုင်းမှာ အိမ်တွင်းစက်မှုလုပ်ငန်းများ တည်ထောင်နိုင်မှာဖြစ်တဲ့အတွက် တစ်ဦးချင်းဝင်ငွေများ တိုးတက်လာမှာ ဖြစ်ပါတယ်။ ကျေးလက်ဒေသ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုများပြားလာအောင် ဆောင်ရွက်မှာဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဟာ ဗမာပြည်သူ့ပါတီရဲ့ ဦးတည်ချက်ဖြစ်ပါတယ်။

**လေးစားအပ်ပါတဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

မြန်မာနိုင်ငံရဲ့ လူဦးရေ ၇၅ ရာခိုင်နှုန်းက ကျေးလက်ဒေသမှာနေထိုင်တဲ့ တောင်သူလယ်သမားများဖြစ်ကြပါတယ်။ အများစုလယ်သမားများက ဆင်းရဲကြပါတယ်။ ပညာရေးနိမ့်ကျပါတယ်။ နွမ်းပါးကြပါတယ်။ ပညာမသင်နိုင်တဲ့ လူဦးရေများပါတယ်။ တောင်သူလုပ်ငန်းပဲ ဆင်းဆင်းရဲရဲလုပ်ကိုင်ကြရပါတယ်။ အဲဒီတောင်သူလယ်သမားများကို ကာကွယ်ပေးမည့်ဥပဒေတွေပြဋ္ဌာန်းနိုင်ရေးကလည်း ဗမာပြည်သူ့ပါတီရဲ့ မဟာတာဝန်တစ်ရပ်ဖြစ်ပါတယ်။ အလုပ်သမားနဲ့ လယ်သမား လူတန်းစား ဘဝတိုးတက်မြင့်မားလာပါမှ တိုင်းပြည်တိုးတက်မှာဖြစ်ပါတယ်။ အလုပ်သမား၊ လယ်သမားများရဲ့ အကျိုးစီးပွားကို ဗမာပြည်သူ့ပါတီမှ ဦးစားပေးဆောင်ရွက်မှာဖြစ်ပါတယ်။

အလုပ်သမားအခွင့်အရေးအနေနဲ့ အလုပ်သမားသမဂ္ဂများဖွဲ့စည်းခွင့်နဲ့ စည်းရုံးခွင့်ရှိရန် ဆောင်ရွက်မှာဖြစ်ပါတယ်။ အလုပ်လုပ်သူတိုင်း လူ့ဂုဏ်သိက္ခာနဲ့အညီ ရပ်တည်နိုင်ရေးအတွက် လုပ်ငန်းခွင်အခြေအနေကောင်းများ ဖန်တီးရေး၊ လူမှုဖူလုံရေး၊ မျှတသောအလုပ်ချိန်သတ်မှတ်ရေး၊ ခွင့်ရက်ရရှိရေးတို့ကို လွှတ်တော်မှဥပဒေပြဋ္ဌာန်းနိုင်ရန် ဗမာပြည်သူ့ပါတီမှ ဆောင်ရွက်မှာဖြစ်ပါတယ်။ လယ်သမားအခွင့်အရေးနဲ့ ပတ်သက်ပြီး လယ်သမားတိုင်း သီးနှံများကို လွတ်လပ်စွာစိုက်ပျိုးခွင့်၊ ရောင်းချခွင့်၊ ထုတ်လုပ်ခွင့်၊ အခွန်ဟူသမျှ ငွေကြေးနဲ့ပေးဆောင်ခွင့်၊ လယ်သမားသမဂ္ဂများ လွတ်လပ်စွာဖွဲ့စည်းတည်ထောင်ခွင့်နဲ့ စည်းရုံးခွင့်များရရှိနိုင်ရန် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ နှစ်ပေါင်း ၆၀ ကျော်ကြာအောင် ပြည်တွင်းစစ်ဖြစ်နေပါတယ်။ ပြည်တွင်းစစ်ဖြစ်တာကိုကြည့်ခြင်းအားဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အပြည့်အဝမရရှိကြောင်း ပေါ်လွင်စေပါတယ်။ တိုင်းရင်းသားအချင်းချင်း အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန် နားလည်မှုတို့ရှိမှသာ စည်းလုံးညီညွတ်မှာဖြစ်ပါတယ်။ ပြည်တွင်းစစ် အမြန်ဆုံးချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးရရှိပါမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှာဖြစ်ပါတယ်။

**လေးစားအပ်ပါတဲ့ မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ယနေ့ကမ္ဘာဟာ တစ်ဦးကောင်းတစ်ယောက်ကောင်းအစွမ်းဖြင့် ဗိုလ်ကျစိုးမိုးနိုင်တဲ့ကမ္ဘာမဟုတ်တော့ပါဘူး။ တန်ခိုးရှင် လူစွမ်းကောင်းများရဲ့ လက်ညှိုးညွှန်ရာရေဖြစ်တဲ့ ကမ္ဘာလည်းမဟုတ်ပါဘူး။ ယနေ့ကမ္ဘာဟာ စည်းလုံးညီညွတ်ခြင်းရဲ့ ရလဒ်ပေါ်မှာတည်ရှိနေပါတယ်။ ပေါင်းစည်းညီညွတ်ခြင်းဟာ နိုင်ငံတစ်ခုတိုးတက်ဖို့အတွက် အဓိကမဏ္ဍိုင်ဖြစ်ပါတယ်။

ကျွန်တော်တို့မြန်မာနိုင်ငံမှာ အာဏာရှစ်စနစ်ပပျောက်ရေးနဲ့ ဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရေးအတွက် ပြည်သူလူထုအားလုံးမှာ တာဝန်ရှိပါတယ်။ ဒီတာဝန်ကို ညီညီညွတ်ညွတ်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဗမာပြည်သူ့ပါတီကလည်း အာဏာရှင်စနစ်ပပျောက်ရေးနဲ့ ဒီမိုကရေစီစနစ်ရှင်သန်ထွန်းကားရေးကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် ဗမာပြည်သူ့ပါတီဟာ မိဘပြည်သူများနဲ့လက်တွဲပြီး မိမိပါတီ ဦးတည်ချက် မူဝါဒနဲ့ရှေ့လုပ်ငန်းများနဲ့အညီ ရှေ့ဆက်ပြီး အာဏာရှင်စနစ် ပပျောက်ရေး၊ ဒီမိုကရေစီစနစ်ရှင်သန်ရေးတို့ကို အလေးထားဆောင်ရွက်သွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။